# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၄၇)

၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၉ ရက်
၂၀၂၅ ခုနှစ်၊ ဇွန် ၄ ရက်၊ ဗုဒ္ဓဟူးနေ့


### မြတ်ဗုဒ္ဓ၏အဆုံးအမတရား

ပညာရှိတို့သည် ကိုယ်ဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ စိတ်ဖြင့်လည်းကောင်း၊ မကောင်းမှုမှ စောင့်ရှောက်ကုန်၏။ ထိုကိုယ်နှုတ်စိတ်သုံးပါးတို့ဖြင့် ကောင်းစွာစောင့်ရှောက်သော ပညာရှိတို့သည်သာလျှင် ကောင်းစွာစောင့်ရှောက်သောသူတို့မည်ကုန်၏။

ဓမ္မပဒ

### ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ငါးလုပ်ငန်းအဖွဲ့ချုပ်က ငါးကန်များ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရေး ကြိုတင်သတိပေးသွားမည်

ရန်ကုန် ဇွန် ၃

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းမှုကြောင့် ယခုရက်ပိုင်းအတွင်း မြန်မာပြည်တစ်ဝန်း နေရာအနှံ့အပြား မိုးမပြတ်ရွာသွန်းလျက်ရှိပြီး နောက်နှစ်ရက်အတွင်း မုတ်သုံလေ အားအသင့်အတင့်ရှိနေမည်ဖြစ်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ စာမျက်နှာ ၁၅ ကော်လံ ၁ ⇨





# ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးရန်လျာထား

ပွင့်ဖြူ ဇွန် ၃

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ပြည်တွင်းစားသုံးမှု ဖူလုံစေရေးအတွက် ယခုနှစ်မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးရန်လျာထားကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးရန်လျာထားပြီး သတ်မှတ်စိုက်ဧကပြည့်မီစွာ စိုက်ပျိုးနိုင်ရေးအတွက် စာမျက်နှာ ၁၂ ကော်လံ ၁ ⊃

## နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဇွန် ၃

မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ (မိုး/ဇလ)

## နိုင်ငံ့ဂုဏ်ဆောင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် ကမ္ဘာ့စာကြည့်တိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များ

ဆောင်းပါး စာ - ၁၃ သို့

အင်တာဗျူး

## သဘာဝဘေးကယ်ဆယ်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေး

စာ - ၆ သို့




# အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဇွန် ၄ ရက်)

## ဒေသတွင်းကုန်ထုတ်လုပ်မှုပိုမိုတိုးတက်ရေး

နိုင်ငံတိုင်းတွင် နိုင်ငံရေး၊ စီးပွားရေးနှင့်ကာကွယ်ရေးမောင်းနှင်အားများဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိကြသည်။ အဆိုပါမောင်းနှင်အားသုံးခုတွင် စီးပွားရေးကောင်းမွန်မှုသည် အဓိကမဏ္ဍိုင်ဖြစ်သည်။ စီးပွားရေးအားကောင်းလာပါက အခြားသောကဏ္ဍများဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လွယ်ကူမည်ဖြစ်သည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် စီးပွားရေးဦးတည်ချက်များကိုချမှတ်ထားရာတွင် "တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊ တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး" ဟူသော ဦးတည်ချက်များအတိုင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့်ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲဖွင့်ပွဲ အခမ်းအနားတွင်အမှာစကားပြောကြားစဉ် **"မိမိတို့အနေဖြင့် စီးပွားရေးမြှင့်တင်ရေးကို ကြိုးစားရမည်ဖြစ်သကဲ့သို့ တစ်ဖက်မှလည်း ကုန်ဈေးနှုန်းကျဆင်းရေးအတွက်ကြိုးစားရမည်ဖြစ်ကြောင်း၊ ယင်းကိုဖြေရှင်းနိုင်သည့်နည်းလမ်းမှာ ကုန်ထုတ်လုပ်မှုပင်ဖြစ်ပြီး ကုန်ထုတ်လုပ်မှုမရှိဘဲ ကုန်ဈေးနှုန်းကျဆင်းရန်မှာ မည်ကဲ့သို့မျှမဖြစ်နိုင်ကြောင်း၊ ဝယ်လိုအားနှင့်ရောင်းလိုအား၊ ထုတ်လုပ်မှုနှင့်သုံးစွဲမှုတို့မျှတအောင် မိမိတို့အနေဖြင့် ဦးစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်ဒေသအလိုက် ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးတက်ရေးကိုအားပေးဆောင်ရွက်ကြရမည်ဖြစ်ကြောင်း"** ထည့်သွင်းပြောကြားခဲ့သည်။

ထိုသို့ဆောင်ရွက်နိုင်ကြမှသာ ကုန်ထုတ်လုပ်မှုစွမ်းအားမြင့်တက်လာပြီး အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့ပိုမိုတင်ပို့နိုင်မည်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့် ထုတ်ကုန်နှစ်ဆတိုးမြှင့်ကြဆိုသည့်အတိုင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ပထဝီဝင်အနေအထားအရ အိမ်နီးချင်းနိုင်ငံများနှင့် ဒေသတွင်းနိုင်ငံများ၏ ကြီးမားသည့်ဈေးကွက်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ GDP တိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုလုပ်ငန်းတွင် ပြည်ပသို့တင်ပို့ရောင်းချနိုင်သည့်ပစ္စည်းများ ပိုမိုထုတ်လုပ်တင်ပို့ရောင်းချနိုင်ရေးဆောင်ရွက်လျက်ရှိသည်။ စီးပွားရေးနှင့်ပတ်သက်သည့်မူဝါဒမှာ **"ပစ္စည်းချင်းတူပါက ဈေးသက်သာရမည်၊ ဈေးချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်ရမည်"** ဖြစ်သည်။ သို့မှသာဈေးကွက်တွင် ရောင်းအားများပိုမိုတိုးတက်လာမည်ဖြစ်သည်။ အလားတူ ပြည်တွင်းထုတ်ကုန်များကိုလည်းအားပေးဆောင်ရွက်ကြရမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အကြီးအကဲအနေဖြင့် ၂၀၂၂ ခုနှစ်ခန့်ကတည်းက MSME လုပ်ငန်းများကို အားပေးဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိအချိန်တွင် အရည်အသွေးမြင့် MSME ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိနေပြီဖြစ်သည်။ သို့သော်လည်း အဆိုပါထုတ်ကုန်ပစ္စည်းများသည် စားသောက်ကုန်ကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းအများစုဖြစ်နေသည့်အတွက် နိုင်ငံ့စီးပွားရေးကိုအထောက်အကူပြုနိုင်မည့် MSME ထုတ်ကုန်ပစ္စည်းများကို ဆက်လက်တိုးမြှင့်ထုတ်လုပ်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံသည် ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးနေသည့်နိုင်ငံဖြစ်ပေရာ နိုင်ငံတော်အစိုးရအနေဖြင့်မူဝါဒချမှတ်ပေးခြင်းသာဖြစ်ပြီး ပုဂ္ဂလိကများ၊ လုပ်ငန်းရှင်များကလက်တွေ့လုပ်ဆောင်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်ပတ်သက်၍ စိုက်ပျိုးသီးနှံများ ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် စိုက်ပျိုးထုတ်လုပ်ကြရမည်ဖြစ်သည်။ ထို့အတူ သီးထပ်စွမ်းအားများပြည့်မီရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်သည်။ မွေးမြူရေးလုပ်ငန်းများကိုလည်း စနစ်တကျဖြင့်အောင်မြင်အောင်ဆောင်ရွက်ကြရမည်ဖြစ်သည်။ စိုက်ပျိုးရေးနှင့်မွေးမြူရေးကုန်ထုတ်လုပ်မှုစွမ်းအားမြင့်တက်လာပြီး အရည်အသွေးပြည့်မီသည့် ထုတ်ကုန်ပစ္စည်းများကို ပြည်ပသို့တင်ပို့နိုင်ရမည်ဖြစ်သည်။ ပြည်ပသို့ အရည်အသွေးမီမီတင်ပို့နိုင်မည်ဆိုပါက နိုင်ငံခြားငွေများလည်း နိုင်ငံအတွင်းသို့စီးဝင်လာမည်ဖြစ်သည်။

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေနှင့်ပတ်သက်၍လည်း နိုင်ငံတော်တွင် လက်ကျန်ငွေကျပ် ၂၆ ဘီလီယံခန့်ရှိပြီး အဆိုပါငွေများကို အကျိုးရှိရှိအသုံးချနိုင်ရေးအတွက်လည်းထုတ်ပေးမည်ဖြစ်သည်။ လုပ်ငန်းရှင်များအနေဖြင့်ကုန်ထုတ်လုပ်မှုများကို မြန်မြန်ဆန်ဆန်ဆောင်ရွက်လာနိုင်မည်ဆိုပါက ပြည်တွင်း၌ ကုန်ပစ္စည်းများပေါ်များလာမည်ဖြစ်သည်။ စက်ရုံအလုပ်ရုံများလည်းပတ်မှုရှိနေပါက အလုပ်အကိုင်အခွင့်အလမ်းများပေါ်များပြီး ငွေကြေးလည်ပတ်မှုများ ကောင်းမွန်လာပေမည်။ ဝယ်လိုအားနှင့်ရောင်းလိုအားများလည်းမျှတကောင်းမွန်လာမည်ဖြစ်သည်။ ထိုအခါကုန်ဈေးနှုန်းလည်းသင့်တင့်စွာကျဆင်းလာမည်ဖြစ်သည်။ သို့ဖြစ်၍ ဒေသတွင်းကုန်ထုတ်လုပ်မှုတိုးမြှင့်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ပါကြောင်းရေးသားလိုက်ရပေသည်။ ။

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှတင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကို စိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့်ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာတပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိအိုဖအိုများကိုပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန်ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည်အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာလက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ်တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ၊ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှယာယီရွှေ့ဆိုင်းပေးရန်မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

## အသက်မွေးဝမ်းကျောင်းအထောက်အကူပြု စက်ချုပ်သင်တန်းဖွင့်

မိတ္ထီလာ ဇွန် ၃

မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဇီးကျင်းကျေးရွာ၌ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်မိသားစုဝင်ငွေတိုးရေးစီမံကိန်းလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုစက်ချုပ်နည်းပညာသင်တန်းကို ဇွန်လ ၂ ရက်မှစတင်၍ အခမ်းဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)မှ သိရသည်။

အသက်မွေးဝမ်းကျောင်း အထောက်အကူပြုစက်ချုပ်နည်းပညာသင်တန်း၌ အပ်ချုပ်စက်တွင်ပါဝင်သော ကိရိယာအစိတ်အပိုင်းများအကြောင်း၊ အပ်ချုပ်စက်ကိုင်တွယ်အသုံးပြုနည်းနှင့် ထိန်းသိမ်းနည်းများ၊ အပ်ချုပ်စက်နင်းလေ့ကျင့်ခြင်း၊ အခြေခံချုပ်ရိုးများလေ့ကျင့်ခြင်း၊ အမျိုးသမီးဝတ်ရင်စေ့၊ ရင်ဖုံး၊ ရင်ဖြတ်ဆက်အင်္ကျီ၊ အမျိုးသားဝတ်သဘော်သားအင်္ကျီ၊ ကလေးဝတ်ဂါဝန်၊ ဘောင်းဘီများ၊ စကတ်အမျိုးမျိုးနှင့် ပွဲတက်မြန်မာဝတ်စုံ၊ ဂါဝန်များကို စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိသည်။

အဆိုပါ စက်ချုပ်နည်းပညာသင်တန်းကို ဇွန်လ ၂ ရက်မှ ဇူလိုင်လ ၁၁ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ပြီး ယင်းသင်တန်းသို့ မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် နေပူကုန်းကျေးရွာအုပ်စု ဇီးကျင်းကျေးရွာမှ သင်တန်းသူ ၁၅ ဦး တက်ရောက်လျက်ရှိကြောင်းသိရသည်။

(၆၀၂)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၄-၆-၂၀၂၅(ဗုဒ္ဓဟူးနေ့)

၁။ ၀၉:၁၀ Market News
၂။ ၁၁:၅၀ နွယ်မြက်သစ်ပင်ဆေးဖက်ဝင်
၃။ ၁၃:၁၀ ပြည်သူ့ကြားက ပြည်သူ့စကား
၄။ ၁၄:၅၀ ဖတ်သမျှ မှတ်သမျှ
၅။ ၁၅:၃၅ Happy Zone
၆။ ၂၁:၄၀ ချောက်ချောက်ချားချားဖြစ်ရပ်များ

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# မော်လမြိုင်ကျွန်းမြို့နယ်၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖွင့်ပွဲအခမ်းအနားနှင့် စာဖြေဆိုပွဲကျင်းပ



မော်လမြိုင်ကျွန်း ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ်ရှိ မြို့နယ်သံဃာ့နာယကရုံး၌ အစိုးရဓမ္မာစရိယစာမေးပွဲ ဖွင့်ပွဲအခမ်းအနားကို ဇွန်လ ၂ ရက်က ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ပြီး တက်ရောက်လာကြသူများက ချမ်းမြေ့ကျောင်းတိုက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်၍ အနုမောဒနာတရားတော်များ နာယူကြသည်။

ယင်းနောက် ရေစက်ချအမျှပေးဝေခဲ့ပြီး ဆရာတော်ကြီးများနှင့် စာဖြေသံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် အစိုးရဓမ္မာစရိယစာမေးပွဲတွင် ပါဠိအဋ္ဌကထာလိဋ္ဌီ ကျမ်းရင်း(၁)ဘာသာရပ်၌ သံဃာ ၃၈ ပါး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်သာသနာရေးဦးစီးဌာနမှ သိရသည်။

ယင်းစာမေးပွဲကို ဇွန်လ ၂ ရက်မှ ၆ ရက်အထိ ကျင်းပလျက်ရှိကြောင်းနှင့် စာမေးပွဲတွင် သံဃာတော်များ စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် အလှူရှင်များက ဆွမ်း၊ ကွမ်း၊ ခဲဖွယ်ဘောဇဉ်များ နေ့စဉ်ဆက်ကပ်လှူဒါန်းလျက်ရှိကြောင်း သိရသည်။ ရဲကိုမောင်(ပြန်/ဆက်)

# ပင်လောင်းမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများဆောင်ရွက်

ပင်လောင်း ဇွန် ၃

ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်လောင်းမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက ဇွန်လ ၃ ရက်တွင် ရင်းမိုးရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက် ကလေးငယ်များနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ပုံမှန်ကာကွယ်ဆေးထိုး၊ ဆေးတိုက်ပေးရာတွင် အသက်နှစ်နှစ်အောက် ကလေးငယ်များကို ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော (ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်(ပီစီဗွီ)၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးရှစ်မျိုးကို တိုက်ကျွေးထိုးနှံပေးခြင်း၊ ကလေးကိုယ်အလေးချိန်တိုင်းတာပေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များကို မေးခိုင်ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

ထို့နောက် မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ကျန်းမာရေးဝန်ထမ်းများက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ရာတွင် ရင်းမိုးရပ်ကွက်ရှိ နေအိမ်များမှ ရေလှောင်ကန်များအတွင်း အဘိတ်ဆေးများ ခတ်ပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၇၆၇၆၈ ဧက ရိတ်သိမ်းပြီးစီး


အိမ်မဲ ဇွန် ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်နွေသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၇၆၇၆၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ နွေစပါးဧကစုစုပေါင်း ၇၆၀၀၀ ကျော် စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိမှာ နွေစပါးဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နွေစပါးတွေ အခက်အခဲမရှိ စနစ်တကျ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနဲ့ ဆက်စပ်ဌာနတွေ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်၊ ဒီလိုပူးပေါင်းဆောင်ရွက်ခဲ့လို့ အခုလို အဆင်ပြေပြေ စိုက်ပျိုးနိုင်တာပါ။ ဒ့ါပြင် စိုက်ပျိုးထားတဲ့နွေစပါးတွေကို ပြန်လည်ရိတ်သိမ်းတဲ့အချိန်ထိ လိုအပ်တဲ့နည်းပညာတွေနဲ့ ရိတ်သိမ်းရေးလုပ်ငန်းတွေကို ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်" ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်ကပြောသည်။

အိမ်မဲမြို့နယ်၌ ပြီးခဲ့သည့်နွေသီးနှံစိုက်ပျိုးရာသီက စပါး ၇၆၇၆၈ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးခဲ့သော နွေစပါးများကို ဧပြီလဒုတိယပတ်က စတင်ရိတ်သိမ်းရာ လက်ရှိတွင် ဧကအားလုံး ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း၊ ထိုသို့ရိတ်သိမ်းခဲ့သော နွေစပါးတစ်ဧကလျှောင် ၁၁၅ ဒသမ ၀၈ တင်းခန့်ထွက်ရှိကြောင်း သိရသည်။

သုတကျော်




# မြစ်ကြီးနားမြို့နယ် မော်ဖောင်းကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး



မြစ်ကြီးနား ဇွန် ၃

ကချင်ပြည်နယ် မြစ်ကြီးနားခရိုင် မြစ်ကြီးနားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မော်ဖောင်းကျေးရွာအုပ်စု မော်ဖောင်းကျေးရွာ၌ ကျေးရွာချင်းဆက်လမ်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဇွန်လ ၃ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ) ဦးဝင်းဦး၊ မြစ်ကြီးနားခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်မြင့်ထွန်းနှင့် တာဝန်ရှိသူများသည် မော်ဖောင်းကျေးရွာ၌ ထွယ်ဆန်နှစ်ခြင်းအသင်းတော်၏ ဘုရားကျောင်းဝင်းရှေ့နှင့် အမှတ်(၂)အခြေခံပညာအလယ်တန်းကျောင်း (မော်ဖောင်း) ရှေ့လမ်းသွယ် (၃) အား ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ)က ကျေးရွာရှိ ရပ်မိရပ်ဖများ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့်တွေ့ဆုံကာ ဆောင်ရွက်ပြီး ကွန်ကရစ်လမ်းကို အကျိုးရှိစွာအသုံးပြုကြရန်ပြောကြားသည်။

မော်ဖောင်းကျေးရွာရှိ အဆိုပါကွန်ကရစ်လမ်းသည် အရှည် ၅ ဒသမ ၆ ဖာလုံ၊ အကျယ် ၁၆ ပေ၊ ထု ၇ လက်မရှိကြောင်း သိရသည်။

ချိုသန်းညွန့်(ကျေးလက်)

# တစ်သက်တာမှတ်တမ်းနှင့် အတွေးအခေါ်များ

ရွှေဥဒေါင်း

**ယမန်နေ့မှအဆက်**

ထို့ပြင် ဦးညွန့်က ငွေဝင်ပေါက်တစ်ခု ညွှန်ပြလိုက်သေးသည်မှာ ဗြိတိသျှဘားမားကုမ္ပဏီထုတ် ရုပ်ရှင်ကားများ၌ အပြန်အလှန်ပြောကြသော စကားများကို (Dialogues) ကျွန်ုပ်က ချောမောညက်ညော၍ သဘာဝကျအောင် ပြင်ဆင်ပေးပါလျှင် တစ်လ ၁၀၀ ကျပ်လောက် ရနိုင်ဖို့ရှိကြောင်း ပြောလေသည်။ ဦးညွန့်က စေတနာနှင့် ပြောခြင်းဖြစ်သော်လည်း ဤလခငွေ ၁၀၀ ကျပ်မှာ အရချောင်လိမ့်မည်မထင်သောကြောင့် ကျွန်ုပ်အာရုံမခံလင့်လှပါ။

### ကျွန်ုပ်၏ အလှူကြီး

ကျွန်ုပ်သည် မိခင်နှင့်မစိုးတို့ကိုခေါ်ရန် အညာသို့ပြန်လာခဲ့ရာ ဝက်လက်ဘူတာရုံ၌ မန်ကျည်းတုံရွာသားတစ်ယောက်နှင့်တွေ့၍ ဝါဆိုလဆန်း ၁၀ ရက်နေ့ နံနက် အစုန်ရထားနှင့် ကျွန်ုပ်တို့ လိုက်လာမည်ဖြစ်သဖြင့် ဘူတာရုံမှ အဆင်သင့်စောင့်ကြိုနေပါရန် မိခင်အားပြောဖို့မှာထား၍ စာတစ်စောင်လည်းပေးအပ်ခဲ့၏။ ကသာသို့ရောက်သောအခါ (ကျွန်ုပ်၏ကြိုတင်အကြောင်းကြားစာအရ) စောင့်မျှော်လျက်ရှိသော မစိုးနှင့်တွေ့၍ ရန်ကုန်ပြန်ဆင်းကြရန် ပြင်ဆင်ကြ၏။ ကျွန်ုပ်၏ လခအကြောင်းကို ဝန်ထောက်ဦးချစ်စုနှင့် ကိုသိန်းဖေတို့အား ပြောပြရာ ဦးချစ်စုက နည်းလွန်းသည်ဟု ပြောသော်လည်း သူရိယတိုက်အဆောက်အအုံအတွင်း၌ ကျွန်ုပ်အား တဆောင်တယောင် သားသားနားနားထားခြင်းတစ်ခုတည်းအတွက်ပင် ကျေနပ်အားရလျက်ရှိသော ကိုသိန်းဖေကမူ "တော်သေးရောပေါ့ဗျာ၊ ဦးစောပြန်လာတော့ မျှော်လင့်ချက်ရှိသေးသားပဲ" ဟု ပြောပါပေသည်။ ဦးချစ်စုက ကျွန်ုပ်အပေါ်၌ အထင်ကြီးခြင်းအတွက် ဂုဏ်ယူမိသော်လည်း ရန်ကုန်သို့ ပြန်ချင်ပြီဖြစ်သော ကျွန်ုပ်အဖို့ရာ၌မူ ကိုသိန်းဖေ၏စကားကို ပို၍နှစ်သက်သည်။ သုံးရက်လောက်တွင် ကျွန်ုပ်တို့လင်မယားပြန်ကြမည်ဖြစ်ရာ မပြန်မီအတွင်း ဇရစ်ချောင်ရွာရှိ တောင်သူများ၊ ခြံသမားများနှင့် လှည်းသမားများ၊ ထင်းခုတ်သမားများအား ကျွန်ုပ်က ပါတီလေးတစ်ခု ပေးဖို့ အကြံဖြစ်၏။ ဇရစ်ချောင်ရွာ၌ ကိုသိန်းဖေကဲ့သို့သော အစိုးရအရာရှိ ပင်စင်စား သုံးလေးငါးယောက်ရှိကြသော်လည်း ကျွန်ုပ်သည် ထိုသူတို့ထက် လှည်းသမားများနှင့် ခြံသမားများအား ပို၍ကျွေးမွေးချင်သော စေတနာဖြစ်ပေါ်လျက်ရှိ၏။ သို့ဖြစ်၍ တစ်ညနေတွင် ကိုသိန်းဖေ၏ ခြံကြီးအတွင်း တညင်းပင်နှင့် ရှောက်ပန်းပင်ကြီးများအောက်၌ ၁၀ ယောက်ခန့်ရှိသော ထိုလူများကို ဖိတ်ခေါ်၍ ခေါင်ရည်နှင့် ကြက်သားဖြင့် ညှော့ခံကျွေးမွေးလေသည်။ ကျွန်ုပ်တိုက်ကျွေးသောအရာမှာ အဖိုးတန်ကြီး မဟုတ်လှ



သော်လည်း ကျွန်ုပ်ကဲ့သို့သော လူတစ်ယောက်က ၎င်းတို့အား အဖက်လုပ်ကာ ဖိတ်ခေါ်ကျွေးမွေးခြင်းအတွက် ဝမ်းသာကြပုံရသည်။ ခေါင်ရည်သောက်ပွဲ၌ အကန့်အသတ်မရှိ တိုက်ကျွေးသော်လည်း ဣန္ဒြေပျက်လောက်အောင် မူးယစ်သူမပါသောကြောင့် "ခင်ဗျား ကံကောင်းတယ်ဗျို့"ဟု ကိုသိန်းဖေက ပြော၏။ ထိုလူများသည် ကျွန်ုပ်အား ကျေးဇူးတင်ကြခြင်းကြောင့် မိမိတို့ကိုယ်ကိုထိန်းသိမ်းကြပုံရသည်ဟူ၍လည်း သူကပြော၏။ ထိုည၌ မိုးသည်းထန်စွာ ရွာသွန်းလေရာ ကိုသိန်းဖေက "ခင်ဗျားက မလုပ်စဖူး လုပ်လိုက်တဲ့ အလှူကြီးကြောင့် ထင်ပါ့ဗျာ"ဟု ပြောသေး၏။

### လမ်းတွေ ကျိုးခြင်း

နောက်တစ်နေ့ နံနက်လင်းသည်နှင့်တစ်ပြိုင်နက် ယမန်နေ့ညက ရွာသွန်းသောမိုးကြောင့် ရထားလမ်းတွေပျက်ကုန်ပြီး ကသာနှင့်နဘား ရထားမပေါက်တော့ဟု ကြားသိရလေ၏။ ကျွန်ုပ်တို့မှာ ထိုနေ့ညနေတွင် ရန်ကုန်သို့ပြန်ကြဖို့ဖြစ်၍ ကိုသိန်းဖေက "ခင်ဗျားအလှူကြီးက ခင်ဗျားကို ပြန်ပြီး ဒုက္ခပေးနေပြီကော" ဟု ရယ်စရာပြောပြန်၏။ ကိုသိန်းဖေကား နေရာတကာတွင် ရယ်စရာပြောတတ်သူတစ်ယောက်ဖြစ်၍ နှုတ်ပေါ့ပေါ့နှင့် လွှတ်ခနဲလည်း ပြောတတ်သူဖြစ်လေသည်။ (တစ်ခါက သူ့အိမ်၌ မြို့အုပ်၊ တောအုပ်၊ ဝန်ထောက်၊ ပညာအုပ် စသောညှော့သည်များ ဆုံမိကြ၍ ကိုသိန်းဖေက ညှော့ခံရာ အစေခံသည် ဝီစကီပုလင်းနှင့် ဖန်ခွက်များ၊ ဆိုဒါပုလင်းများကို လင်ပန်းပေါ်တွင်တင်၍ ညှော့သည်များထံ ယူလာစဉ် ခါးပန်းကို ခြေထောက်နှင့်တိုက်မိသည်နှင့် (မူးနေသလော မပြောတတ်။) ဟပ်ထိုးလဲပြီး ဖန်ခွက်တွေကွဲ၊ ပုလင်းတွေလိမ့်ကုန်ကြ၏။ ဤတွင် ကိုသိန်းဖေသည် ညှော့ခံရာမှထပြေး၍ ဖွင့်ထားပြီးသဖြင့် ဝီစကီများ အန်ထွက်လျက်ရှိသော ပုလင်းကို ကပျာကယာကောက်ယူကာ ထောင်ကြည့်လျက် "ဖန်ခွက်တွေ ဘယ်လောက်ကွဲကွဲ၊ ဆိုဒါတွေ ဘယ်လောက်ဖိတ်ဖိတ်၊ မင့်ကိုယ်တိုင် ဘယ်နှပြန် သေသွားသွား၊ ငါ့ဝီစကီပုလင်း မဖိတ်လို့ တော်ပါသေးရဲ့ကွာ" ဟု သွက်လက်စွာ ပြောနိုင်လေသည်) မီးရထားလမ်းမှာ မြစ်ကြီးနားလမ်းကြီးတစ်လျှောက်၌ ကျိုးခြင်းမဟုတ်၊ ကသာနှင့်နဘားကြား၌သာ ကျိုးခြင်းဖြစ်သော်လည်း ကျွန်ုပ်တို့မှာ နဘားသို့သွားရန် မဖြစ်နိုင်တော့သဖြင့် ရန်ကုန်ပြန်ကြဖို့ အခက်အခဲကြုံလျက်ရှိလေပြီ။ ဤလမ်းတိုကလေးမှာ တောင်အဆင်းအတက်တွေရှိသောကြောင့် တစ်ခါပျက်လျှင် ရက်အတန်ကြာပြင်ဆင်ရသည်ဟူ၍လည်း ပြောကြလေသည်။

### မမျှော်လင့်သော အကူအညီ

နံနက် ကိုးနာရီလောက်၌ ယမန်နေ့ညနေက ကျွန်ုပ်၏ ပါတီလေးတွင် ပါဝင်သည့် လူ လေးငါးယောက်ပေါ်လာကြ၏။ ရှေ့ဆောင်ဖြစ်သော ဦးပေါလိန်းက(မနေ့တစ်နေ့ကပင် အသက်ရှင်လျက်ရှိသေးသည်ဟု ကြားခဲ့ရသည်။) မိမိတို့မှာ လှည်းသမားများဖြစ်ကြကြောင်း၊ ကသာ–နဘားမီးရထားလမ်းပျက်သည်ဟု ကြားရကြောင်း၊ ဤလမ်းပျက်လျှင် ပြင်ဆင်ဖို့ အချိန်အလွန်ကြာတတ်ကြောင်း၊ သို့ဖြစ်၍ ၎င်းတို့လှည်းသမားများက ကသာမှ နဘားထိအောင် လှည်းငါးစီးဖြင့် ပျော်ပျော်ပါးပါးကြီး နိဗ္ဗာန်ကူးတို့ပို့လိုကြပါကြောင်း ပြောလေ၏။ ကိုသိန်းဖေက အကယ်၍ လိုက်ပို့လိုကြလျှင် လှည်းနှစ်စီးဆိုက လုံလောက်ကြောင်းပြောရာ သူတို့အားလုံးက "မဟုတ်ဘူး ဆရာ၊ မျက်နှာကြီး မျက်နှာငယ်မလိုက်ပါနဲ့၊ ကျွန်တော်တို့ငါးယောက်စလုံး ပို့ပါရစေ" ဟု ဝိုင်းဝန်းပြောဆိုကြလေ၏။ ကသာနှင့်နဘားမှာ ခရီး ၁၆ မိုင် ဝေးကွာသည့်အပြင် တောင်ကြီးတစ်လုံးလုံးကိုဖြတ်ကျော်၍ အဆင်းအတက် အလွန်ကြမ်းလှသောကြောင့် လှည်းတစ်ခေါက်ဆိုလျှင် အတော်ကြီးထိုက်တန်သည့်ပြင် ဤသို့သော ရာသီဥတုမျိုးတွင် ငှား၍ရဖို့ပင် အလွန်ခဲယဉ်းလှသည်။ ကျွန်ုပ်က အလွန်ကျေးဇူးတင်ကြောင်းပြော၍ ကိုသိန်းဖေနှင့် တိုင်ပင်ပြီး စကားပြန်ပါမည်ဟု ပြောလိုက်ရသည်။

၎င်းတို့ ပြန်သွားကြသောအခါ ကိုသိန်းဖေ၏ အိမ်သားများက ဤလမ်းမှာ သာမန်ရာသီဥတု၌ပင် အသွားအလာခက်ခဲပေရာ မိုးရွာထားသဖြင့် ချောနေမည်ဖြစ်သော ဤရက်များ၌မူ မတ်စောက်လှသော အဆင်းကြီး၊ အတက်ကြီးများကြောင့် လှည်းများအတွက် အန္တရာယ်မကင်းတတ်ကြောင်း ပြောပြကာ တားဆီးကြလေသည်။ ကျွန်ုပ်သည် ဦးပေါလိန်းတို့ လူစုအား စကားကောင်းအောင်ပြော၍ ငြင်းပယ်ပြီးလျှင် သုံးလေးရက်စောင့်၍ လမ်းပြင်မပြီးသေးသည်နှင့် သင်္ဘောဖြင့် မန္တလေးသို့လှည့်ပြီး စုန်ဆင်းရန် ဆုံးဖြတ်လိုက်လေသည်။ ကျွန်ုပ်၏စိတ်ထဲ၌ ထင့်တင့်တင့်ရှိသော အခြင်းအရာတစ်ခုမှာ ထိုနေ့သည် ဝါဆိုလဆန်း ၁၀ ရက်ရှိလာပြီဖြစ်၍ ကျွန်ုပ်၏မိခင်သည် ဝက်လက်ဘူတာမှ တစ်မျှော်တည်း မျှော်လျက်ရှိရှာတော့မည်ဟု မကြာခဏသတိရမိခြင်းပင် ဖြစ်လေသည်။ သင်္ဘောဖြင့်လိုက်ရလျှင်လည်း ဝက်လက်သို့ တိုက်ရိုက်မရောက်တော့ဘဲ မန္တလေးမှလှည့်ရမည်ဖြစ်၍ သူရိယတိုက်သို့ အချိန်နောက်ကျမည်ကိုလည်း ပူပန်မိသည်။ မည်သို့ပင်ဖြစ်စေ ကျွန်ုပ်တို့သည် လဆန်း ၁၁ ရက်နေ့တွင် အစုန်သင်္ဘောနှင့် လိုက်ကြ၍ ၁၂ ရက်နေ့ နေ့လယ်တွင် မန္တလေးဆိပ်ကမ်းသို့ ဆိုက်ရောက်ကြပြီး ယင်းနေ့ညနေတွင် ရန်ကုန်ထွက်မည့် ရထားပေါ်သို့ ရောက်လျက်ရှိလေပြီ။ ကျွန်ုပ်၏အကြံမှာ ရန်ကုန်ရောက်တော့မှ မိခင်အား လိုက်ပို့ရန် ဖခင်ထံစာရေးမှာထားရန် ဖြစ်လေသည်။ ညနေ ရထားထွက်ခါနီးတွင် ကျွန်ုပ်နှမ၏သား အောင်ကြီးသည် ကျွန်ုပ်ထံသို့ပြေးလာ၍ ဝက်လက်၌ အဘွားဆုံးပြီဖြစ်ကြောင်း ပြောပါတော့သည်။ ကျွန်ုပ်သည် အကြောင်းခြင်းရာကိုပင် မေးမြန်းဖို့အချိန်မရှိဘဲ ပစ္စည်းများကို ရထားပေါ်မှဆွဲချ၍ မြစ်ကြီးနားရထားပေါ်သို့ ပြောင်းသူကပြောင်း၊ ကျွန်ုပ်က ရန်ကုန်လက်မှတ်ကို ပြန်အပ်၍ ဝက်လက်လက်မှတ်ကိုယူ ရထားပေါ်သို့ အပြေးအလွှားတက်ရပြီးနောက် ရထားလည်းထွက်လာပါတော့သည်။ အောင်ကြီးအား ကတိုက်ကရိုက်မေးမြန်းလိုက်ရခြင်းအားဖြင့် သိလိုက်ရသည်မှာ မိခင်သည် ငါးရက်ခန့်နာဖျားပြီးနောက် ကွယ်လွန်ရှာသည်ဟူ၍သာ အကျဉ်းချုပ်သိလိုက်ရ၏။ နက်ဖြန်တွင် သင်္ဂြိုဟ်မည့်အကြောင်းကိုလည်း သိခဲ့ရ၏။ ထို့ထက် ဘာမျှပို၍ မသိခဲ့ရချေ။

ဆက်လက်ဖော်ပြပါမည်။

## သထုံမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေး

သထုံ ဇွန် ၃

မွန်ပြည်နယ် သထုံမြို့နယ်၌ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများနှင့် ကိုယ်ဝန်ဆောင်မိခင်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဇွန်လ ၂ ရက်က မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာန၌ ဆောင်ရွက်သည်။

ထိုသို့ ကာကွယ်ဆေးထိုးနှံရာတွင် ကျန်းမာရေးဝန်ထမ်းများက သထုံမြို့ပေါ် ရပ်ကွက်(၅) ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်နှစ်နှစ်အောက်ကလေးများအား ပုံမှန်ကာကွယ်ဆေးများဖြစ်သည့် ဆုံဆို့၊ ကြက်ညှာ၊ မေးခိုင်၊ အသည်းရောင်အသားဝါ(ဘီ)ပိုး၊ ဦးနှောက်အမြှေးရောင် (၅) မျိုးစပ်ကာကွယ်ဆေးနှင့် ပိုလီယိုအကြောသေ၊ ဝက်သက်၊ ဂျိုက်သိုးရောဂါကာကွယ်ဆေးထိုးနှံပေးခြင်း၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ (Rota) ကာကွယ်ဆေးတိုက်ကျွေးခြင်းနှင့် ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်–ဆုံဆို့ ကာကွယ်ဆေးထိုးနှံပေးခြင်းတို့ကို ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ထိုးနှံပေးကြသည်။



အဆိုပါကာကွယ်ဆေးထိုးနှံပေးခြင်းကို သထုံမြို့နယ်အတွင်းရှိ မွေးကင်းစမှ အသက် နှစ်နှစ်အောက်ကလေး ၂၅၀ ဦးနှင့် ကိုယ်ဝန်ဆောင်မိခင် ၄၀ ဦးတို့အား ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ချမ်းမြေ့

# ဝန်ထမ်းများအနေဖြင့် ယာယီအဆောက်အအုံရေိယာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန်မှာကြား

နေပြည်တော် ဇွန် ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်သည် ဒုတိယဝန်ကြီးဗိုလ်ချုပ်ဖြိုးသန့်၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရာနှုန်းပြည့်တည်ဆောက်ပြီးစီးခဲ့သည့် ယာယီဘာရှာအဆောက်အအုံများသို့ အပြီးသတ်ပြောင်းရွှေ့နေရာချထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရေသန့်စက်နှင့် အရာထမ်းများနေထိုင်မည့် ပတ္တမြားအိမ်ရာ ယာယီဘာရှာအဆောက်အအုံသစ်တို့ကို အမွှေးနံ့သာဖြင့်ပက်ဖျန်းဖွင့်လှစ်ပေးသည်။



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ယာယီဘာရှာအဆောက်အအုံများ၌ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုဝင်များ ပြောင်းရွှေ့နေထိုင်မှုကိုလှည့်လည်ကြည့်ရှုပြီး ဝန်ထမ်းများအနေဖြင့် ယာယီအဆောက်အအုံများအတွင်း ထုတ်ပြန်ထားရှိသည့် စည်းကမ်းချက်များနှင့်အညီ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့် ရိုင်းပင်းကူညီနေထိုင်သွားကြရန်၊ ရေ၊ မီး၊ မိလ္လာများကို စနစ်တကျသုံးစွဲကြရန်နှင့်ယာယီအဆောက်အအုံဧရိယာအတွင်း သန့်ရှင်းသာယာလှပရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် တို့ကို မှာကြားကာ မိသားစုဝင်များကို ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယာယီအဆောက်အအုံများအတွင်း ဝန်ထမ်းမိသားစုများ၏ ပြောင်းရွှေ့နေထိုင်စားသောက်မှု၊ လျှပ်စစ်မီးတပ်ဆင်ထားရှိမှု၊ ရေချိုးခန်း၊ အိမ်သာများ စနစ်တကျဆောင်ရွက်ထားရှိမှု၊ စွန့်ပစ်ပစ္စည်းများ စနစ်တကျ စွန့်ပစ်ပေးနိုင်ရေးအတွက် အမှိုက်ကန်များဆောင်ရွက်ထားရှိမှုနှင့် ယာယီအဆောက်အအုံပတ်လမ်းများကို အမာခံလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ရေးရာဝန်ကြီးဌာန ဧရာဝတီခန်းမ၌ကျင်းပသည့် ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ဘုရားဆင်းတုတော်နှင့် မြန်မာနိုင်ငံဆီကုန်သည်ကြီးများအသင်းဥက္ကဋ္ဌကလှူဒါန်းသည့် စားသုံးဆီပေးအပ်ခြင်းအခမ်းအနားသို့ တက်ရောက်ကြပြီး ငလျင်ဒဏ်ထိခိုက်ခံစားခဲ့ရသည့် အရာထမ်း၊ အမှုထမ်းများထံ ဘုရားဆင်းတုတော်နှင့် စားသုံးဆီများပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

# ယာယီအဆောက်အအုံများ အမြန်ဆုံးပြီးစီးမှသာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်လျက်ရှိသည့်ရွက်ဖျင်တဲများမှ ပြောင်းရွှေ့နေရာချထားပေးနိုင်မည်

နေပြည်တော် ဇွန် ၃

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးတို့နှင့်အတူ ယနေ့ မွန်းလွဲပိုင်းတွင် စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၇)ရှိ ယာဉ်ရပ်နားဝင်းအတွင်း၌ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ နေရာချထားပေးနိုင်ရေးအတွက် ယာယီအဆောက်အအုံများ တည်ဆောက်ပြီးစီးမှု၊ ရေ၊ မီး၊ မိလ္လာလုပ်ငန်းများ စီမံဆောင်ရွက်ထားရှိမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက ယာယီအဆောက်အအုံများ အမြန်ဆုံးပြီးစီးမှသာ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်လျက်ရှိသည့် ရွက်ဖျင်တဲများမှ ပြောင်းရွှေ့နေရာချထားပေးနိုင်မည်ဖြစ်၍ တည်ဆောက်ရေးနှင့်ပတ်သက်သည့် အပြီးသတ်လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရန်၊ ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများ ရေ၊ မီး၊ မိလ္လာတို့ကို အဆင်ပြေချောမွေ့စွာအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ရန်၊ ယာယီအဆောက်အအုံများတွင် နေထိုင်မည့်ဝန်ထမ်းများနှင့်ဝန်ထမ်းမိသားစုများလိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ရေးဆွဲထုတ်ပြန်သွားရန်၊ ယာယီအဆောက်အအုံ ပတ်ဝန်းကျင်သန့်ရှင်းသပ်ရပ်မှုရှိစေရေး၊ ယာယီအဆောက်အအုံများတွင် လျှပ်စစ်သွယ်တန်းတပ်ဆင်ခြင်းလုပ်ငန်းများပြီးစီးပါက ဝန်ထမ်းများဘေးအန္တရာယ်ကင်းရှင်းစွာ အသုံးပြုနိုင်ရေးအတွက် စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာနရှိ လျှပ်စစ်စစ်ဆေးရေးဌာနမှ စစ်ဆေးသွားရန်မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အမှတ်(၃) အကြီးစားစက်မှုလုပ်ငန်းနှင့် မြန်မာ့ဆေးဝါးလုပ်ငန်းတို့တွင် ဝန်ထမ်းများ ရုံးလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေတို့ကိုလှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးဝင်းနှင့် ရုံးခန်းများအတွင်း သန့်ရှင်းသာယာလှပမှုရှိစေရေးဆောင်ရွက်ရန်နှင့် ငလျင်ကြောင့် ပျက်စီးခဲ့မှုဖြစ်ပေါ်ခဲ့သည့်ပစ္စည်းများအနက် ဆယ်တင်ရရှိခဲ့သည့်ပစ္စည်းများကို အကျိုးရှိထိရောက်စွာပြန်လည်အသုံးပြုသွားရန်မှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ဇေယျာသီရိမြို့နယ်၌ ယာယီစာသင်ဆောင်ဆောက်လုပ်ပြီးစီးမှုကို ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်း ကြည့်ရှုအားပေး



နေပြည်တော် ဇွန် ၃

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် သစ်တပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ပြည်ပအလှူရှင်များက AHA Centre မှတစ်ဆင့်လှူဒါန်းသော ယာယီစာသင်ဆောင်ဆောက်လုပ်ပြီးစီးမှုနှင့်ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားနေမှုများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

အဆိုပါ ယာယီစာသင်ဆောင်သည် အလျားပေ ၆၀၊ အနံပေ ၃၀ ရှိ အသင့်တပ်ဆင်သုံးစွဲနိုင်သည့် ကွန်တိန်နာအဆောက်အအုံဖြစ်ပြီး တည်ဆောက်ချိန် ၁၀ ရက်ခန့်ဖြင့် ဆောက်လုပ်နိုင်ကြောင်းနှင့် နေပြည်တော်ကောင်စီနယ်မြေအတွင်း ငါးဆောင်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ငါးဆောင်စီဖြင့် စုစုပေါင်း ယာယီစာသင်ဆောင် အဆောင် ၂၀ ကို အမေရိကန်ဒေါ်လာ ခြောက်သိန်းခန့်ဖြင့် တည်ဆောက်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြဝတီ

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်းခံစားချက် စကားသံများအား သဇင် FM ၏ “ **ပြည်သူ့ကြားက ပြည်သူ့စကား**”အစီအစဉ်မှ **“ပြည်သူ့ကျိန်စာတန်ပြန်ခံနေရတဲ့ PDF များ”** ခေါင်းစဉ်ဖြင့် ၄-၆-၂၀၂၅ ရက် **(ယနေ့)**မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ပြည်သူကိုရက်ရက်စက်စက်သတ်ဖြတ်တဲ့ NUG လက်အောက်ခံ PDF အကြမ်းဖက်အဖွဲ့”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ်ကြာသပတေးနေ့ နံနက် ၁၀ နာရီအချိန်မှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

# သဘာဝဘေးကယ်ဆယ်ရေး အရှိန်အဟုန်ဖြင့်ဆောင်ရွက်ပေး

**မတ်လ ၂၈ ရက်တွင် လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ဥစ္စာများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများကြုံတွေ့ခဲ့ရသည်။ ငလျင်ဒဏ်သင့်ပြည်သူများအား ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ ပြည်သူ့ရှေ့က မားမားမတ်မတ်ဆောင်ရွက်ပေးနေသည်မှာ တပ်မတော်သားများပင်ဖြစ်သည်။ ထို့ကဲ့သို့ ငလျင်ဘေးသင့်ပြည်သူများအတွက် ကူညီဆောင်ရွက်ပေးနေသည့် တပ်မတော်သားများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်–**

**ဗိုလ်မှူးချုပ်ဇော်ဝင်းထွန်း**
**(စစ်ကြောင်းမှူး)၊ ဆင်ဖြူရှင်စစ်ကြောင်း**

ကျွန်တော်တို့ နှစ်(၈၀)ပြည့် စစ်ရေးပြ အခမ်းအနားကို လာရောက်တာဝန်ထမ်းဆောင်ကြတဲ့ တပ်မတော်(ကြည်း)၊ တပ်မတော်(ရေ)၊ တပ်မတော်(လေ)၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မတ်လ ၂၇ ရက်က နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနား တာဝန်ကို အောင်မြင်ပြီးမြောက်စွာ တာဝန်ထမ်းဆောင်ပြီးတဲ့နောက်မှ မတ်လ ၂၈ ရက်မှာ မိခင်တပ်ဌာနချုပ်သို့ အသီးသီး တာဝန်ထမ်းဆောင်ရန်အတွက် ပြင်ဆင်နေတဲ့အချိန်မှာ ကျွန်တော်တို့ နေပြည်တော်မှာ ငလျင်ဘေးကြီးသင့်ခဲ့ပါတယ်။ အဲဒီလိုငလျင်ဘေးကြီး သင့်သင့်ချင်းပဲ နှစ်(၈၀)ပြည့် တပ်မတော်နေ့ တာဝန်ထမ်းဆောင်တဲ့ တပ်မတော်သားများဟာ ဆိုရင် အင်အားခြောက်ထောင်ကျော်နဲ့ နေပြည်တော်မှာရှိတဲ့ ငလျင်ဘေးသင့်တဲ့ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ် ပျက်စီးဆုံးရှုံးသွားတဲ့ နေရာတွေကို ချက်ချင်းပဲ သွားရောက်ကူညီကယ်ဆယ်ရေးဆောင်ရွက်ခဲ့ပါတယ်။ အဲဒီလို ကူညီကယ်ဆယ်ရေးဆောင်ရွက်တဲ့အချိန်မှာ အသက်ရှင်လျက်ရှိတဲ့ မ ရှစ်ဦး၊ ကျား လေးဦး၊ ကလေးငယ် သုံးဦးစုစုပေါင်း၁၅ဦးကို အမြန်ဆုံးကျွန်တော်တို့ကယ်ထုတ်နိုင်ခဲ့ပါတယ်။ အဲ့ဒီအပြင် ငလျင်ဘေးသင့်ပြီးတော့ သေဆုံးသွားတဲ့ ကျား ၂၄ ဦး၊ မ ၃၄ ဦး၊ ကလေး ၁၈ ဦး စုစုပေါင်း ၇၆ ဦးရဲ့ Dead body ကို အမြန်ဆုံးရှေ့ထုတ်နိုင်ခဲ့ပါတယ်။ ဒ့ါအပြင် အဆောက်အအုံများဖြစ်တဲ့ စုစုပေါင်း သာသနိကအဆောက်အအုံ ၇၀၁ လုံး၊ ပြီးရင် အခြားလူနေအဆောက်အအုံတွေ၊ ဌာနဆိုင်ရာအဆောက်အအုံတွေ၊ ဆေးရုံတွေ၊ ဆေးခန်းတွေ၊ ရပ်ကွက်ထဲမှာရှိတဲ့ ပြည်သူတွေပိုင်ဆိုင်တဲ့ ဆိုင်ခန်းတွေ၊ ဈေးဆိုင်တွေကို သွားရောက်ကူညီဆောင်ရွက်တဲ့အချိန်မှာ စုစုပေါင်း ၁၀၁၇ လုံး ရှင်းလင်းရေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

လမ်း၊ တံတားများအနေနဲ့ အရှည် ၁၀ မိုင်ကျော်လောက်ရှိ လမ်းကြိုလမ်းကြားမှာရှိတဲ့ လမ်းတွေကိုလည်း ရှင်းလင်းပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ လူအင်အားခြောက်ထောင်ကျော်နဲ့ ကားအစီးပေါင်း ရာနဲ့ချီပြီးတော့ နေ့စဉ် သွားရောက်ပြီး ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ အခုလို ကူညီကယ်ဆယ်ရေးဆောင်ရွက်တဲ့အချိန်မှာ မန္တလေးနဲ့ စစ်ကိုင်းကိုလည်း တပ်မတော်သားများက စစ်ကြောင်းတစ်ကြောင်း ထွက်ပြီးတော့ အင်အားတစ်ထောင်နဲ့ သွားရောက်ပြီးတော့ ကျွန်တော်တို့ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ နေပြည်တော်မှာ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးတဲ့နေရာတွေကတော့ ဘာသာရေးဆိုင်ရာအဆောက်အအုံဖြစ်တဲ့ ကျောင်း၊ ကန်၊ ဇရပ်၊ နောက်ပြီး ဟိန္ဒူဘုရားကျောင်းတွေ၊ ဗလီတွေ၊ ခရစ်ယာန်ဘုရားကျောင်းတွေကို သွားရောက်ပြီး ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြီးရင် ပညာရေးနဲ့ဆိုင်တဲ့ အဆောက်အအုံတွေဖြစ်တဲ့ စာသင်ကျောင်းတွေ၊ တက္ကသိုလ်တွေကိုလည်း သွားရောက်ပြီးတော့ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ပြီးရင် ကျန်းမာရေးနဲ့ဆိုင်တဲ့ ဆေးရုံ၊ ဆေးခန်းတွေကိုလည်း သွားရောက်ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဆေးရုံ၊ ဆေးခန်းတွေမှာ နိုင်ငံခြားမှလာရောက်ဖွင့်လှစ်တဲ့ ယာယီဆေးခန်းတွေ၊ မြန်မာ့တပ်မတော်ဆေးတပ်ဖွဲ့နဲ့ ပေါင်းပြီးတော့ဖွင့်လှစ်တဲ့ ယာယီဆေးခန်းတွေမှာ သွားရောက်ကူညီကယ်ဆယ်ရေးဆောင်ရွက်နိုင်ခဲ့ပါတယ်။ အဲဒီယာယီဆေးခန်းတွေမှာဆိုရင် အမေရိကန်နိုင်ငံနဲ့ နီပေါနိုင်ငံကနေပြီးတော့ လာရောက်ပြီး ကုသဆောင်ရွက်ပေးတာဖြစ်ပါတယ်။

မတ်လ ၂၉ ရက်က စတင်ပြီးတော့ ဧပြီလ ၁၇ ရက်အထိ စုစုပေါင်းလေယာဉ် ၆၁ ခေါက်နဲ့လာရောက်ပို့ဆောင်ပါတယ်။ အဲ့ဒီလိုလာရောက်ပို့ဆောင်တဲ့အချိန်မှာ ကူညီကယ်ဆယ်ရေးပစ္စည်းတွေ၊ လူသုံးကုန်ပစ္စည်းတွေ၊ ဆေးဝါးတွေ၊ နောက်ပြီး အဆောက်အအုံနဲ့ပတ်သက်တဲ့ ဆောက်လုပ်ရေးပစ္စည်းတွေ၊ ကယ်ဆယ်ရေးကားတွေ၊ ဆေးရုံကားတွေ အဲဒါတွေ လာပြီးတော့ ကူညီပံ့ပိုးတာကို တွေ့ရပါတယ်။ ဆေးရုံကားတွေမှာမှ Airmobile Transportation လုပ်တဲ့ကားတွေလည်း ပါလာပါတယ်။ အဲဒီအပြင်ကို Flyhospital ဆိုတဲ့ ဆေးကုသတဲ့လေယာဉ်ကလည်း ရုရှားနိုင်ငံကနေ လာရောက်ကုသဆောင်ရွက်ပေးတာကိုလည်း သိရှိရပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံခြားကနေပြီးတော့ လာရောက်ကူညီသူများနဲ့ ပူးပေါင်းဆောင်ရွက်တဲ့အချိန်မှာ နိုင်ငံတကာ စံချိန်စံညွှန်းတွေနဲ့ နိုင်ငံတကာအတွေ့အကြုံရှိတဲ့အဖွဲ့တွေ လာရောက်ကူညီပံ့ပိုးတာဖြစ်တဲ့အတွက် အဲဒီအဖွဲ့တွေနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်တဲ့အချိန်မှာ နိုင်ငံတကာရဲ့လုပ်ဆောင်မှုအတွေ့အကြုံများစွာ ရရှိပါတယ်။ နောင်တွင် သဘာဝဘေးအန္တရာယ်ကြုံခဲ့ရင် ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီလိုကယ်ဆယ်ရေး၊ ကုသရေးဆောင်ရွက်မယ်ဆိုရင် ဘယ်လိုလုပ်ဆောင်ရမယ်ဆိုတဲ့ အတွေ့အကြုံတွေလည်း များစွာရရှိခဲ့ပါတယ်။

နိုင်ငံတကာအကူအညီတွေ လာရောက်တဲ့အချိန်မှာ ပါလာတဲ့ပစ္စည်းတွေ၊ လုပ်ဆောင်မှုတွေ၊ Procedure တွေကိုလည်း သေချာတွေ့ရှိပြီး ပူးပေါင်းဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာရဲ့အစီအမံများဖြစ်တဲ့ Response၊ Recovery၊ Resilience ဆိုတဲ့ သုံးချက်နဲ့လုပ်ဆောင်ရပါတယ်။ အဲဒီလိုလုပ်ဆောင်တဲ့အချိန်မှာ



ဗိုလ်မှူးချုပ်ဇော်ဝင်းထွန်း



ဒုတိယဗိုလ်မှူးကြီးမျိုးထွဋ်လင်း



ဒုတိယဗိုလ်မှူးကြီးရဲဝင်းမြင့်

Response ပိုင်းအနေနဲ့ ကျွန်တော်တို့ တပ်မတော်သားများဟာ ဖြစ်ဖြစ်ချင်း ၂၈ ရက်နေ့ ညနေပိုင်းကနေစပြီး ကူညီကယ်ဆယ်ရေးဆောင်ရွက်မှုများကိုလိုက်ပါလုပ်ဆောင်နိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ယခုကာလမှာဆိုရင်တော့ Recovery ဖြစ်တဲ့ ပြန်လည်တည်ဆောက်ထူထောင်ရေးလုပ်ငန်းများကို လုပ်ဆောင်နေတဲ့ ကာလဖြစ်ပါတယ်။ ယခုကာလမှာလည်း ကျွန်တော်တို့အနေနဲ့ ဆက်လက်ပြီးတော့ ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ယခုလို သဘာဝဘေးအန္တရာယ်ဆိုးကြီးဖြစ်တဲ့ ငလျင်ဘေးအန္တရာယ်ကြုံတွေ့ရင်ဆိုင်လာရတဲ့အချိန်မှာ ပြည်သူတွေရဲ့ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ကူညီကယ်ဆယ်ဖို့အတွက်ကို ဆောင်ရွက်ပေးရတဲ့အတွက် ကျွန်တော့်အနေနဲ့ အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။ တပ်မတော်သားများဟာ ဆက်လက်ပြီးတော့ တိုင်းပြည်အတွက်လိုအပ်လာတဲ့အချိန် ပြည်သူ့အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ဖို့၊ ကူညီကယ်ဆယ်ဖို့ အမြဲတမ်းအဆင်သင့်ဖြစ်နေတယ်ဆိုတာကို ပြောလိုပါတယ်။

**ဒုတိယဗိုလ်မှူးကြီးမျိုးထွဋ်လင်း**
**ဗန္ဓုလစစ်ကြောင်း**

ကျွန်တော်တို့ နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားမှာ ကျွန်တော်တို့အနေနဲ့ ဗန္ဓုလစစ်ကြောင်းမှာ သံချပ်ကာယန္တရားတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကိုယ်စားပြုစစ်ရေးပြတပ်ခွဲအနေနဲ့ ပါဝင်ပြီးတော့ နှစ်(၈၀)ပြည့်တပ်မတော်နေ့အခမ်းအနားကို အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ပါတယ်။ မတ်လ ၂၈ ရက်မှာ ကျွန်တော်တို့ တပ်ခွဲမှာပါရှိတဲ့ အရာရှိ ၉ ဦး၊ စစ်သည် ၁၃၁ ဦးအတွက် ကျွန်တော်တို့ မိမိတို့ သက်ဆိုင်ရာ တပ်ရင်းတွေကို ပြန်ပြီးတော့ တာဝန်ထမ်းဆောင်ဖို့အတွက် ပြန်မယ့် လမ်းခရီးမှာ ချောမွေ့စေရေးအတွက် အုပ်ချုပ်မှုကိစ္စများကို ညှိနှိုင်းတိုင်ပင်တဲ့အချိန်မှာ ငလျင်ဘေးကြီး စတင်ဖြစ်ခဲ့ပါတယ်ခင်ဗျ။ သဘာဝဘေးအန္တရာယ်ဖြစ်တဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ သက်ဆိုင်ရာသဘာဝဘေးအန္တရာယ်သင့်တဲ့ နေရာတွေကို မိမိတို့ရဲ့အဖွဲ့အစည်းအနေနဲ့ ဆောင်ရွက်ပါဆိုတဲ့ တပ်မတော်အကြီးအကဲရဲ့ ညွှန်ကြားချက်အတိုင်းပါပဲ။ တပ်မတော်နေ့ စစ်ရေးပြမှာပါဝင်တဲ့ အထက်အကြီးအကဲ အဆင့်ဆင့်ကနေ ညွှန်ကြားချက်အတိုင်း ကျွန်တော်တို့ တပ်ခွဲအနေနဲ့ သက်ဆိုင်ရာတာဝန်ပေးအပ်တဲ့နေရာကို ၂၈ ရက်မှာ သွားခဲ့ပါတယ်ခင်ဗျ။ ဝဏ္ဏသိဒ္ဓိရပ်ကွက်မှာရှိတဲ့ ဝန်ထမ်းအိမ်ရာမှာ ငလျင်ဒဏ်သင့်ခဲ့တဲ့ ပြည်သူတွေကို ၂၈ ရက်နေ့မှာ ကျွန်တော်တို့ သွားရောက်ကူညီကယ်ဆယ်ရေးဆောင်ရွက်ခဲ့ပါတယ်။ အလားတူပါပဲ ၂၉ ရက်နဲ့ ၃၀ ရက်နေ့မှာ သက်ဆိုင်ရာဝန်ထမ်းအိမ်ရာမှာပဲ ဆက်လက်ပြီးတော့ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့တဲ့အချိန်မှာ ကျွန်တော်တို့အနေနဲ့ ဝန်ထမ်းအိမ်ရာမှာရှိတဲ့ တန်ဖိုးကြီးပစ္စည်းတွေ၊ အရေးကြီးစာရွက်စာတမ်းတွေကို သက်ဆိုင်ရာ ဝန်ထမ်းတွေရဲ့လိုလားချက်အတိုင်း ၎င်းတို့သယ်ဆောင်ချင်တဲ့နေရာကို ကျွန်တော်တို့တပ်ခွဲအနေနဲ့ သယ်ဆောင်ပေးခဲ့ပါတယ်။ ဒ့ါအပြင် ကျွန်တော်တို့ ၂၈ ရက်နေ့ကနေစပြီး ယနေ့အထိ ကျွန်တော်တို့ တပ်ခွဲအနေနဲ့ ဆောင်ရွက်ခဲ့တာတွေကတော့ နေပြည်တော်ဝဏ္ဏသိဒ္ဓိရပ်ကွက်မှာရှိတဲ့ ဝန်ထမ်းအိမ်ရာ၊ နောက်ပြီးတော့ ပညာရေးအဆောက်အအုံတွေဖြစ်တဲ့ ပျဉ်းမနားမြို့မှာရှိတဲ့ မင်္ဂလာမူလွန်ကျောင်း၊ နောက်ပြီးတော့ သာသနိကအဆောက်အအုံတွေဖြစ်တဲ့ လယ်ဝေးမြို့နယ်မှာရှိတဲ့ ဘုန်းကြီးကျောင်းများ၊ တောင်ညိုမှာရှိတဲ့ မြစေတီဘုရားနဲ့ ဘုန်းကြီးကျောင်း၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို ကျွန်တော်တို့တပ်ခွဲအနေနဲ့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ဆည်မြောင်းတာတမံတွေဖြစ်တဲ့ ရန်အောင်မြင်ဆည်မြေဖို့ခြင်းလုပ်ငန်းကို ကျွန်တော်တို့ တပ်ခွဲအနေနဲ့ လက်ရှိဆောင်ရွက်နေဆဲဖြစ်ပါတယ်။ ငလျင်ဒဏ်သင့်တဲ့အချိန်မှာ ကျွန်တော်တို့ပြည်သူတွေအနေနဲ့ ထိခိုက်ဆုံးရှုံးမှုတွေကို တပ်မတော်သားတစ်ဦးအနေနဲ့ မျက်ဝါးထင်ထင် မြင်တွေ့ခဲ့ရတဲ့အချိန်မှာ ဝမ်းနည်းမှုတွေ အမြောက်အမြားဖြစ်ခဲ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ ရှိတဲ့အင်အားနဲ့ ငလျင်ဒဏ်သင့်ခဲ့တဲ့ ပြည်သူတွေကို ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေဆောင်ရွက်တဲ့အချိန်မှာပြည်သူတွေအနေနဲ့ ကျွန်တော်တို့ တပ်မတော်အပေါ်၊ တပ်မတော်သားတွေအပေါ်မှာ အားကိုးတကြီး ရင်းရင်းနှီးနှီးနဲ့ ယုံယုံကြည်ကြည်ရှိတဲ့အတွက် ကျွန်တော်တို့ တပ်မတော်အနေနဲ့ ပြည်သူတွေအကျိုးပြုလုပ်ငန်းကို လုပ်ရတာ ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ ငလျင်ဒဏ်ကြောင့် မိဘပြည်သူတွေရဲ့ စည်းစိမ်ဥစ္စာတွေ၊ နိုင်ငံတော်အနေနဲ့ အခြေခံအဆောက်အအုံတွေ ပျက်စီးဆုံးရှုံးခဲ့တာရှိပါတယ်။ ဒါတွေအားလုံးက ပြီးမြောက်ခဲ့ပါပြီ။ ကျွန်တော်တို့အနေနဲ့ ဆက်ပြီးဆောင်ရွက်ဖို့ကတော့ နိုင်ငံမှာရှိတဲ့ပြည်သူတွေနဲ့ စည်းစည်းလုံးလုံးနဲ့ ဆောင်ရွက်မယ်ဆိုရင် ဒီငလျင်မှာဖြစ်ခဲ့တဲ့ အပျက်အစီးတွေ၊ ဆုံးရှုံးမှုတွေက အမြန်ဆုံး ပြန်လည်ကောင်းမွန်လာမယ်လို့ ကျွန်တော်ယုံကြည်မိပါတယ်ခင်ဗျ။

**ဒုတိယဗိုလ်မှူးကြီးရဲဝင်းမြင့်**
**ကျန်စစ်သားစစ်ကြောင်း**

ကျွန်တော်တို့ အဓိက ပထမဦးဆုံး စတာကတော့ဆေးရုံပေ့ါ။ ဒုတိယကတော့ ဝန်ကြီးဌာနမှာ ကယ်ဆယ်ရေးအများဆုံး လုပ်ခဲ့ရတယ်။ နောက်တတိယအနေနဲ့ကတော့ ဥပ္ပါတသန္တိဘုရားကြီးမှာ လုပ်ခဲ့ရတယ်။ အဲ့ဒီမှာ အဓိက ဘာတွေကြုံခဲ့ရတုံးဆိုတော့ စပြီးတော့သွားကတည်းက တပည့်တွေနဲ့တိုင်ပင်ပြီးတော့ ဘယ်လိုနေရာတွေကို ဘယ်လိုဝင်ရမယ်။ ဘယ်လိုနေရာတွေမှာ တချို့ဘယ်လိုအရေးကြီးတဲ့ပစ္စည်းတွေ ဘယ်လိုသယ်ယူရမယ်။ အဓိကဆက်စပ်နေတာကတော့ ပထမဦးဆုံးစလုပ်ရတာပေ့ါ။ အရေးကြီး စာရွက်စာတမ်းနဲ့ ကွန်ပျူတာဆက်စပ်ပစ္စည်းတွေကိုစပြီး ဆယ်တင်ပေးရတယ်။ ဆယ်တင်ပေးတဲ့အချိန်မှာ အန္တရာယ်ကင်းအောင် ဘယ်လိုလုပ်ရမယ်။ နောက်ပြီး အန္တရာယ်ကင်းတဲ့ အနေအထားရောက်မှ တပည့်တွေအင်အားနဲ့ ဝိုင်းပြီးတော့ ကူညီကယ်ဆယ်ရွှေ့ပြောင်းခြင်း လုပ်ရတယ်။ ဒုတိယအဆင့်အနေနဲ့ ဘာဆက်လုပ်ရလဲဆိုတော့ ပရိဘောဂပစ္စည်းတွေ၊ လုပ်ငန်းသုံးပစ္စည်းတွေအကုန်လုံးရွှေ့ပြောင်းပေးရတယ်။တတိယအဆင့်ကတော့ ဝန်ထမ်းအိမ်ရာတွေ အခု Modular House ဆောက်တဲ့အခါ ဝန်ထမ်းအိမ်ရာတွေဆောက်တဲ့အခါကူညီကယ်ဆယ်ပေးတဲ့ အတွေ့အကြုံတွေရခဲ့ပါတယ်။ လက်ရှိလည်း ဆက်ပြီးတော့ ဆောင်ရွက်နေပါတယ်။ အဓိက အမြင်ကတော့ ကျွန်တော်တို့ ဘာအတွေ့အကြုံရခဲ့လဲဆိုတော့ နည်းပညာပေ့ါ။ ကျွန်တော်တို့မှာ လိုအပ်တဲ့နည်းပညာတွေ၊ သူတို့နည်းပညာသုံးပြီး ဆောင်ရွက်သွားတဲ့အခါ

**စာမျက်နှာ ၇ သို့** ❐


ဒုတိယဗိုလ်မှူးကြီးဝင်းကိုလတ်


ဒုတိယဗိုလ်မှူးကြီးကျော်စိန်ထွန်း


ဒုတိယရဲမှူးကြီးဝေငြိမ်း


ဦးစိုးမိုးထွန်း


တပ်ကြပ်ကြီးကျော်လင်း


တပ်ကြပ်ကြီးရှင်းသန့်

❒ စာမျက်နှာ ၆ မှအဆက်

လျင်လျင်မြန်မြန်ကယ်ဆယ်နိုင်တာတွေ၊ လူ့အသက်တွေကယ်ဆယ်နိုင်တဲ့ အတွေ့အကြုံတွေ အများကြီးရခဲ့ပါတယ်။ အားပေးစကားအနေနဲ့ကတော့ ပြည်သူတွေ အားတင်းထားပါပေါ့။ ကျွန်တော်တို့လည်း ပြည်သူထဲကပေါက်ဖွားလာတဲ့ ပြည်သူတစ်ယောက်ပဲ။ အဲဒီတော့ မုန်တိုင်းပြီးရင် လေပြည်လာပါလိမ့်မယ်ဗျ။ အားတင်းထားကြပါ။ ကျွန်တော်တို့လည်း ပြည်သူနဲ့အတူရှိပါတယ်လို့ ပြောချင်ပါတယ်။ လိုအပ်လာလျှင် အချိန်မရွေး ကူညီနိုင်တဲ့အနေအထား ကျွန်တော်တို့ ဖွဲ့စည်းပြီးသားပါခင်ဗျ။

**ဒုတိယဗိုလ်မှူးကြီးဝင်းကိုလတ်**
**ဘုရင့်နောင်စစ်ကြောင်း**

မတ်လ ၂၈ ရက်မှာလှုပ်ခဲ့တဲ့ သဘာဝဘေးအန္တရာယ်ကြီးဖြစ်တဲ့ ငလျင်ဘေးအန္တရာယ်မှာ ကျွန်တော်တို့တွေက တစ်တပ်တစ်အားအနေနဲ့ ဒီမှာပြည်သူတွေကို ဝိုင်းဝန်းကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ သဘာဝဘေးအန္တရာယ်ဖြစ်ဖြစ်ပြီးချင်းမှာတော့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် သဘာဝဘေးအန္တရာယ်ကြီးမားစွာခံစားခဲ့ရတဲ့နေရာတွေကို ကိုယ်တိုင်သွားပြီးတော့ ချက်ချင်းအကူအညီများကိုပေးအပ်နိုင်ရေး စီမံခန့်ခွဲမှုတွေကိုပြုလုပ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ဒါ့အပြင် နိုင်ငံတော်အကြီးအကဲကိုယ်တိုင် နိုင်ငံတကာအသိုင်းအဝိုင်းကို အကူအညီတောင်းခံခဲ့တဲ့အတွက် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကျွန်တော်တို့တိုင်းပြည်ကို ချက်ချင်းကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နိုင်ရန် ရောက်ရှိလာခဲ့ပြီးတော့ အကူအညီတွေလည်းပေးအပ်ခဲ့ကြောင်း တွေ့ရှိခဲ့ရပြီးဖြစ်ပါတယ်။ ကျွန်တော်တို့တိုင်းပြည်အခြေအနေကို မလိုတဲ့သူတွေက ဘယ်လိုပဲပြောပြော အမှန်တကယ် ကျွန်တော်တို့တိုင်းပြည် အခက်အခဲဖြစ်လာတဲ့အချိန်မှာတော့ တပ်မတော်သားတွေနဲ့ပြည်သူတွေကလည်း လက်တွဲညီစွာပူးပေါင်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်နေကြတာကိုလည်းတွေ့ကြရမှာဖြစ်ပါတယ်။ ဒါ့အပြင် နိုင်ငံတကာအသိုင်းအဝိုင်းကလည်း ကူညီကယ်ဆယ်ရေး လာလုပ်တဲ့အချိန်မှာ တိုင်းပြည်မှာ တပ်မတော်သားတွေနဲ့ ပြည်သူတွေက စည်းလုံးညီညွတ်စွာနဲ့ ဒီအခက်အခဲကို အတူတကွရင်ဆိုင်ကျော်ဖြတ်နေတာကို တွေ့ရှိသွားမယ်လို့လည်း မျှော်လင့်မိပါတယ်။ ကျွန်တော်တို့ကတော့ မသွားခင်မှာ စီမံခန့်ခွဲရေးလုပ်တာပေါ့။ လုပ်တဲ့အချိန်မှာ ကျွန်တော်တို့ဆီမှာ တပ်ခွဲ၊ တပ်ရင်း၊ စစ်ကြောင်းအလိုက် လူအင်အားတွေ ခွဲပေးပါတယ်။ သတ်မှတ်တဲ့နေရာကို လူအင်အားတွေခွဲတဲ့အချိန်မှာလည်း စနစ်တကျနဲ့ကွပ်ကဲမှုအဆင့်ဆင့်ယူပြီးတော့ ထိခိုက်အန္တရာယ်မဖြစ်အောင်လည်း ကျွန်တော်တို့ စီမံဆောင်ရွက်ကြပါတယ်။ ဦးထုပ်တို့၊ လက်အိတ်တို့ လိုအပ်တဲ့ပစ္စည်းတွေလည်း စစ်ရေးပြကော်မတီကနေ ထုတ်ပေးပြီးတော့ အန္တရာယ်မဖြစ်အောင် အဆင့်ဆင့် သေသေချာချာ ကြီးကြပ်ကြပ်မတ်ပြီးတော့ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။ ကျွန်တော်တို့တိုင်းပြည်မှာတော့ ခေတ်အဆက်ဆက်ပေါ့၊ အခက်အခဲတွေဆိုတာကြုံခဲ့ပြီးဖြစ်ပါတယ်။ ဒီအခက်အခဲကိုလည်း ကျွန်တော်တို့တပ်မတော်သားတွေလည်း ပြည်သူနဲ့အတူ အောင်မြင်စွာကျော်ဖြတ်နိုင်မယ်လို့လည်း မျှော်လင့်ပါတယ်။ ပြည်သူတွေအနေနဲ့လည်း ဒီလိုအသက်အိုးအိမ်စည်းစိမ်တွေ ဆုံးရှုံးသွားရတာဖြစ်တဲ့အတွက်လည်း များစွာစိတ်မကောင်းဖြစ်မိပါတယ်။ ဒါပေမဲ့လည်း ပြည်သူတွေကို ပြောကြားလိုတာကတော့ ကျွန်တော်တို့တွေ ဘယ်လိုပဲဖြစ်ဖြစ် အမြဲတမ်း အမြန်ပြန်လည်ထူထောင်နိုင်တယ်ဆိုတာ သမိုင်းသာဓက သက်သေတွေလည်း ရှိပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့တွေ စိတ်ဓာတ်မကျ၊ အားမငယ်ဘဲ သတ္တိရှိရှိ ရင်ဆိုင်ကျော်ဖြတ်ကြရအောင်လို့ အားပေးစကားပြောကြားလိုပါတယ်။ နိုင်ငံတော်နဲ့ ပြည်သူလူထုကို ကျွန်တော်တို့ တစ်တပ်တစ်အားကူညီပံ့ပိုးခွင့်ရတဲ့အတွက်လည်း များစွာကျေနပ်ပီတိဖြစ်မိပါတယ်။ ပြည်သူတွေလိုပဲ ပြည်သူထဲက ပြည်သူတစ်ယောက်ဖြစ်တဲ့ ကျွန်တော်တို့ တပ်မတော်သားတွေလည်း ငလျင်ဘေးအန္တရာယ်ကို ကြုံတွေ့ခဲ့ရတာဖြစ်ပါတယ်၊ ဒါပေမဲ့လည်း ကျွန်တော်တို့ တပ်မတော်သားတွေက ကိုယ့်ရဲ့အခက်အခဲကိုလျစ်လျူရှုပြီးတော့ ပြည်သူတွေရဲ့အကျိုးကို ကျွန်တော်တို့က ရှေးရှုပြီးတော့ သူတို့ရဲ့ အသက်အိုးအိမ်စည်းစိမ်တွေကို တတ်နိုင်သမျှ ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကိုဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် လိုအပ်တဲ့အချိန်မှာလည်း ကျွန်တော်တို့ အမြဲတမ်းပြည်သူအတွက် ကူညီကယ်ဆယ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်း ပြောကြားလိုပါတယ်။

**ဒုတိယဗိုလ်မှူးကြီးကျော်စိန်ထွန်း**
**ဆင်ဖြူရှင်စစ်ကြောင်း**

ကျွန်တော်တို့အဖွဲ့ကတော့ နှစ်(၈၀)ပြည့် တပ်မတော်နေ့အခမ်းအနားမှာ တာဝန်ထမ်းဆောင်ပြီးတော့ မတ်လ ၂၈ ရက်မှာဖြစ်ပွားခဲ့တဲ့ငလျင်ဒဏ်ကြောင့် ကျွန်တော်တို့ ဆင်ဖြူရှင်စစ်ကြောင်းတစ်ကြောင်းလုံးဟာ နေရပ်ဌာနကိုမပြန်ဘဲနဲ့ နေပြည်တော်မှာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေတာဖြစ်ပါတယ်။ ငလျင်စဖြစ်တဲ့နေ့ကတည်းက ကျွန်တော်တို့အဖွဲ့ဟာ ကိုယ်တာဝန်ကျတဲ့ ပြည်သူလူထုတွေ၊ ဝန်ထမ်းအိမ်ရာတွေ၊ ဘုရားစေတီတွေ၊ ကျောင်းကန်တွေ၊ ဆေးရုံတွေ အပျက်အစီးနေရာတွေကို သွားရောက်ပြီးတော့ အလျဉ်းသင့်သလို ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကိုယနေ့အထိ ဆောင်ရွက်နေတာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ အကူအညီတောင်းခံမှုနဲ့အတူ နိုင်ငံတကာမှအဖွဲ့အစည်းများက လာရောက်ပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေကို လာရောက်လုပ်ကိုင်တာတွေလည်းရှိပါတယ်။ ကျွန်တော်တို့ကြုံတွေ့ခဲ့ရတာကတော့ ဘူတန်နိုင်ငံမှ အဖွဲ့တွေလာရောက်တယ်။ သူတို့အဖွဲ့အနေနဲ့ ဘုန်းတော်ကြီးကျောင်းတွေမှာ ရေသန့်စက်တွေလှူသွားကြတယ်။ ဝန်ထမ်းအိမ်ရာတွေမှာ မိုးကာတဲတွေကူညီဆောင်ရွက်ပေးတယ်။ အဲဒီလိုဆောင်ရွက်တဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်၊ ဗုဒ္ဓဘာသာမြန်မာလူမျိုးတစ်ယောက်ဖြစ်တဲ့အတွက် ဘုရားစေတီတွေ၊ ကျောင်းကန်တွေမှာလည်း ပြုပြင်ဆောင်ရွက်ခဲ့တဲ့အတွက် ကုသိုလ်ထူးတွေရရှိတဲ့အတွက်လည်း ဝမ်းသာဂုဏ်ယူမိပါတယ်ခင်ဗျ။ ငလျင်ဒဏ်ကြောင့်ခံစားနေကြတဲ့ မိဘပြည်သူတွေကိုလည်း အားပေးစကားပြောရမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ ဒီငလျင်မတိုင်ခင် ရေဘေးလည်းခံစားခဲ့ရတယ်။ ငလျင်ဒဏ်လည်းခံစားခဲ့ရတယ်။ ရောဂါအနေနဲ့ ကိုဗစ်-၁၉ ရောဂါလည်း ဖြစ်ပွားခဲ့ရတယ်။ ကိုဗစ်-၁၉ ရောဂါကိုလည်းဖြတ်ကျော်ခဲ့တယ်။ ရေဘေးကိုလည်းဖြတ်ကျော်ခဲ့တယ်။ ယခုငလျင်ဒဏ်ဟာလည်း အခိုက်အတန့်သာလို့ ပြောချင်ပါတယ်။ ပြည်သူလူထုနဲ့အတူ ကျွန်တော်တို့ တပ်မတော်သားတွေက ဝိုင်းဝန်းပြီး ကူညီဆောင်ရွက်ပေးတဲ့အတွက် ဒီအခက်အခဲကိုလည်း အောင်မြင်စွာ ဖြတ်ကျော်နိုင်မယ်လို့ ယုံကြည်ပါတယ်။ လဲကျတယ်ဆိုတာတော့ရှိမှာပဲ။ လဲကျရင် ပြန်ထနိုင်ဖို့သာ အဓိကဖြစ်တဲ့အတွက် ကျွန်တော်တို့အားလုံး တက်ညီလက်ညီနဲ့ ဝိုင်းဝန်းပြီးဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့မြန်မာနိုင်ငံဟာ ယခင်အခြေအနေအတိုင်း ပြန်လည်ဖွံ့ဖြိုးပြီး ဆောင်ရွက်နိုင်မယ်၊ အောင်မြင်နိုင်မယ်လို့ ကျွန်တော့်အနေနဲ့ယုံကြည်ပါတယ်။ မိဘပြည်သူတွေအနေနဲ့ အားတင်းထားကြပါ။ များမကြာမီကာလမှာ အအောင်မြင်ဆုံးဖြစ်လိမ့်မယ်လို့လည်း ယုံကြည်ပါတယ်။

**ဒုတိယရဲမှူးကြီးဝေငြိမ်း**
**အောင်ဆန်းစစ်ကြောင်း**

မတ်လ ၂၈ ရက်မှာ လှုပ်ခတ်ခဲ့တဲ့ အင်အားပြင်းငလျင်ဒဏ်ကြောင့် ကျွန်တော်တို့ နေပြည်တော်အပါအဝင် မြန်မာနိုင်ငံမှာရှိတဲ့ မြို့အချို့မှာ ပျက်စီးဆုံးရှုံးမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ ငလျင်စတင်လှုပ်ခတ်ခဲ့တဲ့ မတ်လ ၂၈ ရက်မှစတင်ပြီး ကျွန်တော်တို့စစ်ရေးပြတပ်ဖွဲ့ဝင်တွေဟာ နေပြည်တော်မှာရှိတဲ့ ဘုရားစေတီတွေ၊ အစိုးရအဆောက်အအုံတွေ၊ အိမ်ရာတွေမှာရှိတဲ့ ပြိုကျပျက်စီးနေတဲ့အဆောက်အအုံတွေမှာရှိတဲ့ ပြည်သူလူထုတွေကို ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဒါ့အပြင် ငလျင်ဒဏ်သင့်ဒုက္ခရောက်နေတဲ့မိသားစုဝင်တွေ အိမ်ထောင်စုစုပေါင်း ၁၁၄ ဦးကိုလည်း ကူညီကယ်ဆယ်ရေးဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့ ကူညီကယ်ဆယ်ရေး ဆောင်ရွက်တဲ့နေရာတွေဟာဆိုရင် များသောအားဖြင့် ဌာနဆိုင်ရာဝန်ထမ်းအိမ်ရာတွေ၊ အများနဲ့သက်ဆိုင်တဲ့ ဆေးရုံတွေ၊ ဈေးတွေ၊ လမ်းတံတား၊ အဆောက်အအုံတွေဖြစ်ပါတယ်။ ယခုလက်ရှိမှာဆိုရင် ဘာသာရေးအဆောက်အအုံတွေဖြစ်တဲ့ ဘုရားစေတီပုထိုးတွေ၊ ဘုန်းကြီးကျောင်းအဆောက်အအုံတွေကို လက်ရှိဆောင်ရွက်ဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရည်မှန်းချက် တာဝန်လေးရပ်ဖြစ်တဲ့ ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရေးဆိုတဲ့ ရည်မှန်းချက်တာဝန်ကြီး လေးရပ်မှာ နောက်ဆုံးရည်မှန်းချက်တာဝန်ဖြစ်တဲ့ ပြည်သူ့အကျိုးပြုလုပ်ငန်းကို ကျွန်တော်ကိုယ်တိုင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် အရာရှိ စစ်သည်များနှင့်အတူ ပူးပေါင်းပြီး လက်တွဲပြီးတော့မှ ထိထိရောက်ရောက် ထဲထဲဝင်ဝင် ပါဝင်ဆောင်ရွက်ခွင့်ရတဲ့အတွက် အတိုင်းမသိဝမ်းသာဂုဏ်ယူမိပါတယ်။

**ဦးစိုးမိုးထွန်း(လက်ထောက်ညွှန်ကြားရေးမှူး)၊ ရှာဖွေကယ်ဆယ်ရေးအဖွဲ့၊ ရောဝတီတိုင်းဒေသကြီး**

ကျွန်တော်တို့ ဒီနယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်တွေက ဘေးအန္တရာယ်ဖြစ်ပေါ်ခဲ့တဲ့ ဒီSky Villa မှာရှိတဲ့သူတွေကို ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းတွေကို စတင်ဆောင်ရွက်ခဲ့ပါတယ်။ အဲ့ဒီနေ့မှာဆိုလို့ရှိရင် အသက်ရှင်သူ ၄၃ ဦးနဲ့ Dead Body ကိုးဦးကို ကယ်ဆယ်သယ်ထုတ်နိုင်ခဲ့ပါတယ်ခင်ဗျ။ ကျွန်တော်တို့ ရောဝတီတိုင်းဒေသကြီးကိုယ်စားပြု မီးသတ်တပ်ဖွဲ့ဟာဆိုရင် ၂၉ ရက်နေ့မှာ အင်အား ၃၆ ဦးနဲ့ ရောက်ရှိလာခဲ့ပြီးတော့ ဒီ Sky Villa မှာရှိတဲ့ လုပ်ဆောင်နေတဲ့ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်တွေနဲ့အတူ ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နဲ့အတူ တရုတ်နိုင်ငံက လာရောက်ကူညီတဲ့အဖွဲ့တွေ၊ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ပရဟိတအဖွဲ့တွေ၊ ဒီမှာရှိတဲ့ ဌာနဆိုင်ရာအဖွဲ့အစည်းတွေ ပူးပေါင်းပြီးတော့ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကိုဆောင်ရွက်ခဲ့ရာမှာ စတင်ဖြစ်ပွားတဲ့အချိန်ကစပြီး ဒီနေ့အချိန်ထိဆိုလို့ရှိရင် အသက်ရှင်လျက်ရှိသူ ၂၅ ဦးနဲ့ သေဆုံးသူ ၅၀ ဦးတို့ကို ကျွန်တော်တို့ ကယ်ဆယ်သယ်ထုတ်နိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့ ကျွန်တော်တို့ အဆောက်အအုံမှာရှိတဲ့ အသက်ရှင်လျက်ရှိသူတွေ၊ သေဆုံးနေတဲ့ Dead Body တွေ၊ အဆောက်အအုံမှာနေတဲ့သူတွေပိုင်ဆိုင်တဲ့ တန်ဖိုးကြီးပစ္စည်းဥစ္စာတွေအားလုံးကို ကျွန်တော်တို့က ရှာဖွေပြီး စနစ်တကျအပ်နှံလျက်ရှိပါတယ်။

**တပ်ကြပ်ကြီးကျော်လင်း**
**အောင်ဇေယျစစ်ကြောင်း**

ကျွန်တော်ကတော့ အောင်ဇေယျစစ်ကြောင်း စစ်တီးဝိုင်းမှာ တာဝန်ထမ်းဆောင်နေတဲ့ တပ်ကြပ်ကြီးကျော်လင်းဖြစ်ပါတယ်။ ဒီနေ့ကတော့ မင်္ဂလာဗျူဟာခန်းမမှာ အိပ်စင်တွေသယ်ဆောင်ပေးနေတာပါ။ ငလျင်ဘေးသင့်ပြည်သူတွေ အားမငယ်ကြဖို့ ပြောချင်ပါတယ်။ ကျွန်တော်တို့လည်း တတ်နိုင်သလောက် အတတ်နိုင်ဆုံး ကူညီဆောင်ရွက်ပေးနေပါတယ်လို့ ပြောချင်ပါတယ်။

**တပ်ကြပ်ကြီးရှင်းသန့်**
**ဆင်ဖြူရှင်စစ်ကြောင်း**

ကျွန်တော်က တပ်ကြပ်ကြီးရှင်းသန့်ဖြစ်ပါတယ်။ ကက(လေ)ကိုယ်စားပြု ဆင်ဖြူရှင်စစ်ကြောင်း ဂုဏ်ပြုတပ်ခွဲကဖြစ်ပါတယ်။ ပထမဆုံးဆိုရင်တော့ ပျက်စီးနေတဲ့ အဆောက်အအုံတွေ ရွှေ့တာရှိတယ်။ ပြိုပြီးသားဟာတွေ ခြံစည်းရိုးတွေရွှေ့တာရှိတယ်။ အခုလက်ရှိဆိုရင် အဆောက်အအုံပျက်တွေ ဖြိုတဲ့ဟာတွေ အခြားဘုန်းကြီးကျောင်းတွေမှာလည်း ထိုနည်းတူစွာ ပြိုကျနေတဲ့ အဆောက်အအုံတွေက ကောင်းတဲ့အုတ်ခဲတွေကို တတ်နိုင်သလောက် သယ်ထုတ်ပေးတယ်။ ငလျင်ဘေးဒဏ်ခံရတဲ့ ပြည်သူတွေအတွက်လည်း အများကြီးစိတ်မကောင်းဖြစ်ရတယ်။ ကျွန်တော်တို့ဘက်ကလည်း အတတ်နိုင်ဆုံး ကာယလုပ်အားဖြင့် ကူညီပေးပါတယ်။ ဘာမှလည်း အားမငယ်ပါနဲ့လို့ပြောချင်ပါတယ်။

မြဝတီ

# ဆေးဖက်ဝင်ပဲစောင်းလျှားသီးအကြောင်း သိကောင်းစရာများ

ဒေါက်တာလပြည့်ခင်

### ပဲစောင်းလျှားသီး (Winged Bean)


ပဲစောင်းလျှားသီးကို မြန်မာတို့၏ ထမင်းဝိုင်းတွင် တို့စရာနှင့်ချဉ်ဖတ်အဖြစ်လည်းကောင်း၊ ပဲစောင်းလျှားသီးအနုလေးများကို ရေနွေးဖြော၍ ပါးပါးလှီးပြီး သံပရာသီးညှစ်၊ ပုစွန်ခြောက်ထည့်ကာ ဆီချက်နှင့်သုပ်စား၍သော်လည်းကောင်း၊ သီးစုံပဲကုလားဟင်းနှင့်ချဉ်ဟင်း၊ ဟင်းချိုထဲ ထည့်သွင်းချက်ပြုတ်၍သော်လည်းကောင်း စားသုံးကြသည်။ ပဲစောင်းလျှားသီးမှာ ဈေးတွင်အမြဲရှိသော်လည်း အမြဲဝယ်မစားဖြစ်သည့်အထဲတွင် ပါဝင်သည်။ ရံဖန်ရံခါမှ စားဖြစ်တတ်သည့် ဟင်းသီးဟင်းရွက်တစ်မျိုးဖြစ်ကာ တကူးတက ဝယ်စားခြင်းမျိုး သိပ်မရှိတတ်ကြသော်လည်း ယင်း၏အကျိုးကျေးဇူးများကို သိရှိမည်ဆိုပါက အမြဲမဟုတ်တောင် မကြာခဏစားမိမည်ဟု ယူဆပါသည်။

### ပဲစောင်းလျှားသီးတွင်ပါဝင်သော အာဟာရတန်ဖိုးများ

ပဲစောင်းလျှားသီးတွင် ဗီတာမင် A၊ ဗီတာမင် B၊ ဗီတာမင် C နှင့် ဗီတာမင် E အာဟာရဓာတ်များ ပါဝင်မှုများသကဲ့သို့ သံဓာတ်၊ မဂ္ဂနိစ်၊ ကယ်လ်စီယမ်၊ ဖော့စဖရပ်စ်တို့ကဲ့သို့ အရေးပါသောသတ္တုဓာတ်များ အများအပြားပါဝင်သည်။ ထို့ပြင် ဖောလိတ်ဓာတ်၊ ပရိုတင်းဓာတ်များနှင့် အင်ဇိုင်းများလည်း ကြွယ်ဝစွာပါဝင်သည်။ ပဲစောင်းလျှားသီး၏ ပရိုတင်းပါဝင်မှုမှာ ပဲပိစပ်နှင့်ဆင်တူသည်။ တခြားပဲများကဲ့သို့ ပဲစောင်းလျှားသီးအစေ့၏ပရိုတင်းပမာဏက ပြောင်းဖူးနှင့် တွဲဖက်လိုက်ပါက နွားနို့ကိုမီနိုင်သည်ဟုသိရပါသည်။ ပဲစောင်းလျှားသီးတွင် သံဓာတ်မျိုးစုံနှင့် ဗီတာမင်မျိုးစုံပါဝင်သဖြင့် အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုကိုကာကွယ်ပေးပြီး အသားအရေတင်းရင်းစေသည့်အပြင် ကယ်လိုရီပါဝင်မှုပမာဏနည်းသဖြင့် ဝိတ်ချလိုသူများအတွက် အထူးစားသုံးပေးသင့်ကြောင်း၊ ဗီတာမင် C ပါဝင်မှုများသဖြင့် ကိုယ်ခံအားစနစ်အားကောင်းစေကြောင်း၊ ကယ်လ်စီယမ်ဓာတ်ပါဝင်မှု မြင့်မားသည့်အတွက် အရိုးများသန်မာစေပြီး ခွန်အားတိုးစေခြင်းနှင့် အာရုံကြောအားကောင်းစေသည့်အပြင် မှတ်ဉာဏ်အားကောင်းစေခြင်းတို့ကြောင့် ကလေးငယ်များလည်း စားသုံးသင့်ကြောင်း၊ ကျန်းမာရေးအတွက် အထူးသင့်လျော်သည့်သီးနှံဖြစ်ကြောင်း သိရှိရသည်။ ပဲစောင်းလျှားသီးကို မကြာခဏစားသုံးသင့်သည့် အကြောင်းရင်းများကို ဖော်ပြလိုပါသည်။

### ကိုယ်ခံအားကောင်းစေနိုင်သော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင် အချဉ်ဓာတ်လုံးဝမရှိသော်လည်း ဗီတာမင် C နှင့် ဗီတာမင် A ကြွယ်ဝစွာပါဝင်သောကြောင့် ကိုယ်ခံအားစနစ်ကိုမြှင့်တင်ပေးနိုင်ပြီး တခြားရောဂါပိုးများ၊ ကူးစက်ရောဂါများနှင့်ဖျားနာမှုများအလွယ်တကူဝင်ရောက်ခြင်းမှ ကာကွယ်ပေးနိုင်စွမ်းရှိသည်။ ဗီတာမင် C သည် ရေတွင်ပျော်ဝင်နိုင်သော ဓာတ်တိုးဆန့်ကျင်ပစ္စည်းတစ်မျိုးဖြစ်ပြီး သွေးကြောများ၏ကျုံ့ခြင်း၊ ဆန့်ခြင်းကို ကူညီပေးနိုင်သကဲ့သို့ ကင်ဆာရောဂါဖြစ်ပွားမှုကိုလည်း လျှော့ချပေးနိုင်သည်။



### အရွယ်တင်နုပျိုစေသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင် ဗီတာမင် C နှင့်ဗီတာမင် A ကြွယ်ဝစွာပါဝင်ပြီး ယင်းဗီတာမင်နှစ်မျိုးစလုံးက ဓာတ်တိုးဆန့်ကျင်ပစ္စည်းများ (Antioxidant) အဖြစ် လုပ်ဆောင်ပေးသည့်အပြင် အရေးအကြောင်းများကဲ့သို့ အရွယ်မတိုင်မီ အိုမင်းရင့်ရော်မှုလက္ခဏာများကို ကာကွယ်ပေးနိုင်သည်။ ဓာတ်တိုးဆန့်ကျင်ပစ္စည်းများပါဝင်မှုကြောင့် အသားအရေကိုတင်းရင်းစေပြီး နုပျိုစေသည်။

### ကိုယ်အလေးချိန်လျှော့ကျစေသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီး ၁၀၀ ဂရမ်တွင် စွမ်းအင် ၄၉ ကယ်လိုရီနှင့် ဗီတာမင် C ၃၁ ရာခိုင်နှုန်းပါဝင်သောကြောင့် ဝိတ်ချလိုသူများအနေဖြင့် စားသုံးသင့်သည်။ ပဲစောင်းလျှားသီးဟင်းချို၊ ပဲစောင်းလျှားသီးသုပ်၊ ပဲစောင်းလျှားသီးချက် စသည်ဖြင့် ချက်ပြုတ်စားပါက တဖြည်းဖြည်း ကိုယ်အလေးချိန် လျှော့ကျလာမည်ဖြစ်သည်။ ထို့ကြောင့် ပဲစောင်းလျှားသီးသည် ကယ်လိုရီပါဝင်မှုနည်းပြီး အမျှင်ဓာတ်ပါဝင်မှုများသောကြောင့် အစာခြေစနစ်ကောင်းမွန်စေပြီး ဝမ်းမှန်စေခြင်းဖြင့် အဆီပိုများအား ဖယ်ရှားပေးနိုင်ပြီး ကိုယ်အလေးချိန်လျှော့ကျစေရန် ကူညီပေးနိုင်သည်။

### အမြင်အာရုံကောင်းမွန်စေသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင် အမြင်အာရုံနှင့်သက်ဆိုင်သည့်ပြဿနာများကို လျှော့နည်းသက်သာစေနိုင်သော နောက်ထပ်ကောင်းကျိုးတစ်ခုရှိပါသည်။ လူများတွင် သိုင်ယာမင်း (Thiamine) ဓာတ်ချို့တဲ့သည့်အခါ အမြင်အာရုံကို ထိခိုက်ပျက်စီးစေနိုင်သည်။ ပဲစောင်းလျှားသီးတွင် သိုင်ယာမင်းဓာတ်များပါဝင်သဖြင့် မျက်စိကျန်းမာရေးအတွက် ကောင်းမွန်စေပြီး ရေတိမ်နှင့်အတွင်းတိမ်ကဲ့သို့ အမြင်အာရုံဆိုင်ရာပြဿနာများကို လျှော့နည်းသက်သာစေနိုင်သည့်အပြင် သိုင်ယာမင်းဓာတ်မှာ ဦးနှောက်ဆီသို့ အချက်ပြမှုများပေးပို့ခြင်းကို လုပ်ဆောင်ပေးသည့် မျက်လုံး၏ကြွက်သားများနှင့် အာရုံကြောများကို ကျန်းမာကောင်းမွန်အောင် ထိန်းသိမ်းပေးနိုင်သည်။

### စိတ်ဖိစီးမှုနှင့်ထုံကျဉ်ကိုက်ခဲမှုကို သက်သာစေသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင် ပါဝင်သည့် ဖော့စဖရပ်စ်၊ လပ်တို့စ်နှင့် ဖရပ်တို့စ်ကဲ့သို့ သကြားဓာတ်များသည် ခန္ဓာကိုယ်တွင်ရှိသည့် စွမ်းအင်ပမာဏကို မြှင့်တင်ပေးနိုင်ပြီး မောပန်းနွမ်းနယ်ခြင်း၊ ဂနာမငြိမ်ဖြစ်ခြင်း၊ ကြွက်သားများအားနည်းခြင်း၊ ခေါင်းနှစ်ဖက်ကိုက်ခြင်း၊ ခေါင်းတစ်ခြမ်းကိုက်ခြင်း၊ စိတ်ဖိစီးခြင်းနှင့် ခန္ဓာကိုယ်ထုံကျဉ်ကိုက်ခဲခြင်းတို့ကိုလည်း လျှော့နည်းသက်သာစေနိုင်သည်။

### ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင် ဆီးချိုရောဂါဖြစ်ပွားမှုကို ကာကွယ်ပေးသောဗီတာမင် D နှင့် ကယ်လ်စီယမ်ဓာတ်များစွာပါဝင်ခြင်းကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ပေးပါသည်။

### အစာအိမ်ပြဿနာများကို လျော့ပါးစေသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင်ပါဝင်သည့် အမျှင်ဓာတ်များက ကိုယ်အလေးချိန်တက်မှုကို လျှော့ချပေးနိုင်ရုံသာမက အစာအိမ်ထဲတွင်ရှိနေသည့် ဗက်တီးရီးယားများကို တိုးပွားစေပြီး အစာချေဖျက်နိုင်ရန် ကူညီပေးနိုင်သည်။ ထို့ကြောင့် ပဲစောင်းလျှားသီးကို မကြာခဏစားသုံးပေးခြင်းဖြင့် ဝမ်းချုပ်ခြင်းနှင့် အစာအိမ်ဆိုင်ရာပြဿနာများကို လျော့ပါးစေနိုင်သည်။

### အရိုးများကိုသန်မာစေသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင် ပါဝင်သည့် ကယ်လ်စီယမ်ဓာတ်သည် အရိုးစနစ်ကို တည်ဆောက်ပေးပြီး ရောဂါဝေဒနာများ မရှိစေရန် သန်စွမ်းမှုကိုပေးသည်။ ပဲစောင်းလျှားသီးတွင် ကယ်လ်စီယမ်ဓာတ်ပါဝင်မှုမြင့်မားသဖြင့် အရိုးနှင့်သွားများကို ကြီးထွားသန်မာစေပြီး ထိခိုက်ဒဏ်ရာများသက်သာရန်နှင့် အနာကျက်စေရန်အတွက် ကူညီပေးနိုင်သည်။ နေမကောင်းဖြစ်နေသူများ၊ အားနည်းနေသူများကို ခွန်အားတိုးစေခြင်းနှင့် အာရုံကြောအားကောင်းစေသည့်အပြင် မှတ်ဉာဏ်အားကောင်းစေခြင်းတို့ကြောင့် ကလေးငယ်များလည်းစားသုံးသင့်ကြောင်း၊ ကျန်းမာရေးအတွက် အထူးသင့်လျော်သည့်သီးနှံဖြစ်ကြောင်း သိရှိရသည်။ ပဲစောင်းလျှားသီးမှာပါဝင်သည့် ကယ်လ်စီယမ်ဓာတ်က အရိုးပွခြင်းကဲ့သို့ပြဿနာများကိုလည်း ကာကွယ်ပေးနိုင်ပါသည်။

**"ပဲစောင်းလျှားသီးတွင် ကိုယ်ဝန်ရခါစအမျိုးသမီးနှင့် ကိုယ်ဝန်ဆောင်ချိန်အတွင်း အစာအာဟာရမှ ဒီအင်န်အေ (DNA) နှင့် ဆဲလ် (Cell) များအတွက် မရှိမဖြစ်လိုအပ်သည့် ဖောလိတ်ဓာတ်ရရှိမှုလုံလောက်အောင် အထောက်အကူပေးနိုင်သည်။ ဖောလစ်အက်စစ်ဓာတ်သည် သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုကိုထောက်ပံ့ပေးနိုင်ပြီး လွယ်ကူချောမွေ့စွာမွေးဖွားနိုင်ရန်လည်း ကူညီပေးနိုင်သည့်အပြင် ပဲစောင်းလျှားသီးတွင် ပါဝင်သည့်သံဓာတ်သည် ကိုယ်ဝန်ဆောင်မိခင်များတွင် သွေးဆုံးရှုံးမှုဖြစ်နိုင်ခြေကို လျှော့ချပေးနိုင်. . ."**

### သွေးအားနည်းခြင်းနှင့် ပန်းနာရင်ကျပ်ကို သက်သာစေသော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးတွင် မဂ္ဂနီစီယမ်ဓာတ်လည်း အတော်အသင့်ပါဝင်နေသောကြောင့် အဆုတ်ပြွန်နှင့်သက်ဆိုင်သည့် ကြွက်သားများကို ပြေလျော့စေနိုင်ပြီး အသက်ရှူလမ်းကြောင်းဆိုင်ရာပြဿနာများကိုကာကွယ်ပေးနိုင်သည်။ အသက်ရှူလမ်းကြောင်းကို ကောင်းစွာထိန်းညှိပေးနိုင်သောကြောင့် နာတာရှည်ပန်းနာရင်ကျပ်ရောဂါခံစားနေရသူများအတွက်လည်းသင့်တော်သည်။ ပဲစောင်းလျှားသီးတွင် ဗီတာမင် B ပါဝင်နေခြင်းမှာ ခန္ဓာကိုယ်၏သွေးပမာဏနှင့် အရည်အသွေးကို တိုးတက်ကောင်းမွန်စေပြီး သွေးအားနည်းခြင်းကိုလည်း ကာကွယ်ပေးနိုင်သောကြောင့် ပဲစောင်းလျှားသီးကို ဖြည့်စွက်စာအနေဖြင့် ပုံမှန်စားသုံးပေးပါက ပန်းနာရင်ကျပ်နှင့် သွေးအားနည်းခြင်းတို့ကို ကာကွယ်ပေးနိုင်မည်ဖြစ်သည်။

### ကိုယ်ဝန်ဆောင်များအတွက် အထောက်အကူပေးနိုင်သော ပဲစောင်းလျှားသီး

ပဲစောင်းလျှားသီးအပါအဝင် ပဲအမျိုးမျိုးတွင် ဖောလစ်အက်စစ်ဓာတ်ကြွယ်ဝစွာပါဝင်မှုကြောင့် ကိုယ်ဝန်ဆောင်မိခင်များအတွက် သင့်တော်ပါသည်။ ပဲစောင်းလျှားသီးတွင် ကိုယ်ဝန်ရခါစအမျိုးသမီးနှင့် ကိုယ်ဝန်ဆောင်ချိန်အတွင်း အစာအာဟာရမှ ဒီအင်န်အေ (DNA)နှင့် ဆဲလ် (Cell) များအတွက် မရှိမဖြစ်လိုအပ်သည့် ဖောလိတ်ဓာတ်ရရှိမှုလုံလောက်အောင် အထောက်အကူပေးနိုင်သည်။ ဖောလစ်အက်စစ်ဓာတ်သည် သန္ဓေသားကြီးထွားဖွံ့ဖြိုးမှုကို ထောက်ပံ့ပေးနိုင်ပြီး လွယ်ကူချောမွေ့စွာမွေးဖွားနိုင်ရန်လည်း ကူညီပေးနိုင်သည့်အပြင် ပဲစောင်းလျှားသီးတွင်ပါဝင်သည့်သံဓာတ်သည် ကိုယ်ဝန်ဆောင်မိခင်များတွင် သွေးဆုံးရှုံးမှုဖြစ်နိုင်ခြေကိုလျှော့ချပေးနိုင်ပြီး မွေးကင်းစကလေးငယ်၏ ကိုယ်အလေးချိန် လျော့နည်းမှုများကိုလည်းကာကွယ်ပေးနိုင်သည်။ ပဲစောင်းလျှားသီးတွင် သံဓာတ်မြင့်မားစွာပါဝင်ခြင်းကြောင့် ပေါင်မပြည့်သောကလေးမွေးဖွားခြင်းကို ကာကွယ်ပေးပြီး မဂ္ဂနိစ်ဓာတ် ကြွယ်ဝစွာပါဝင်နေခြင်းသည် ကလေးမမွေးဖွားမီနှင့် မွေးဖွားပြီးနောက်တွင်ဖြစ်တတ်သည့် ရောင်ရမ်းခြင်းနှင့် ညောင်းညာကိုက်ခဲခြင်းများကိုလည်း သက်သာစေသောကြောင့် ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ပဲစောင်းလျှားသီးကို ဖြည့်စွက်စာအဖြစ် စားသုံးပေးမည်ဆိုပါက ကောင်းကျိုးများရရှိနိုင်မည်ဖြစ်သည်။

သို့ဖြစ်ပါ၍ အစာလည်းဆေး၊ ဆေးလည်းအစာဆိုသကဲ့သို့ အစားအသောက်များကို ဉာဏ်ရှိသလို အသုံးချရင်း မိမိကျန်းမာရေးကိုစောင့်ရှောက်သင့်ပါသည်။ အသီးအနှံများစားသုံးခြင်းဖြင့် ဘေးထွက်ဆိုးကျိုးနှင့် တာရှည်ခံပစ္စည်းများ၏ အန္တရာယ်ကင်းစင်စေမည်ဖြစ်သည်။ ပဲစောင်းလျှားသီးမှ အမြစ်ကျသွားလျှင် လူကြိုက်များသည့် ပဲမြစ်ကို တူးဖော်ရောင်းချ၍လည်းရသဖြင့် အမြစ်အထိ ဝင်ငွေရရှိနိုင်ပြီး အကျိုးဖြစ်ထွန်းစေသောကြောင့် စီးပွားဖြစ်စိုက်ပျိုးသင့်သော သီးနှံဖြစ်ကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

# မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကျင်းပ



**အုတ်တွင်း ဇွန် ၃**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အခြေခံပညာအထက်တန်းကျောင်း(အုတ်တွင်း)ကျောင်းဝင်းအတွင်း၌ မိုးရာသီအကြိုသစ်ပင်စိုက်ပျိုးပွဲကို ဇွန်လ ၃ ရက်နံနက်ပိုင်းတွင်ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့်အဖွဲ့ဝင်များက မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိထွန်းနှင့်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင် ဒေါ်အိရွှေဇင်အောင်တို့ထံ ပျိုးပင်များပေးအပ်သည်။

ထို့နောက် ကျွန်း၊ ပျဉ်းမ၊ ပိတောက်၊ မဟော်ဂနီ၊ ခရေ စုစုပေါင်းပျိုးပင် ၅၀၀ ပင်တို့ကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအဏ္ဏဝါအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းသန်းထိုက်နှင့်ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက စုပေါင်းစိုက်ပျိုးကြကြောင်း သိရသည်။ (၄၁၀)

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

## ပန်းကလေးများ ပွင့်စေချင်

❖ ပန်းလေးနှယ် မြူးစွင့်ကြွပါလို့
ဖူးပွင့်ရ စေမယ်။
ထူးမြင့်ကြ သွေမဖည်ပေ
ရွှေတကယ် ဖြစ်ဦး။
ကျောင်းတက်ပြီး စာပိုသင်ကွယ်
ပညာကိုပင် လိုချင်မဆုံး။

❖ ကြိုးစားကြ ငယ်အခါဝယ်
မလွယ်ပါ ခေါင်းသုံး။
တကယ်သာ ကျောင်းမမုန်းလို့
နှောင်းအပြုံး ကြုံမှာ။
ကြီးလာရင် စာတွေတတ်ကာနဲ့
ကြာလေမြတ် အသုံးဝင်လာ။

❖ ပညာရွှေအိုး မခိုးနိုင်ပါကွယ်
အကျိုးပိုင်ကာ နှိုင်းမည်မခက်တဲ့
တိုင်းပြည်အတွက် တစ်မျိုးလှရွှေ
မဆိုးလှပေ။
အတိုးချ ပျိုးကြလေကွယ်
အကျိုးရစေ ကျောင်းတက်ကြလေး။ ။

**မောင်မောင်ကျော်**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၄-၆-၂၀၂၅ ( ဗုဒ္ဓဟူးနေ့ )

၁။ ၀၆:၀၀ မြဝတီအဖွင့်
၂။ ၀၈:၀၀ မျိုးချစ်တပ်မတော်
၃။ ၀၉:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
၄။ ၁၀:၀၀ သီချင်းလက်ဆောင်
၅။ ၁၁:၀၀ မြန်မာ့လက်သံ
၆။ ၁၂:၀၀ ပန်းတို့၏အလှတရား
၇။ ၁၃:၀၀ အမှတ်တရနေ့ရက်များ
၈။ ၁၅:၀၀ ဆောင်းပါးပေါ်မှ စာစုများ
၉။ ၁၇:၀၀ မွေးမြူသုတ
၁၀။ ၁၈:၄၀ Music Gallery
၁၁။ ၁၉:၀၀ (၃၈)ဖြာမင်္ဂလာ **မဇ္ဇပါနစသံယမော**
၁၂။ ၂၀:၀၀ ဥပဒေဆိုင်ရာ **သိမှတ်ဖွယ်ရာ** **တစ်ချိန်ကသူတို့အကြောင်း**

# ဖရဲစိုက်ပျိုးထုတ်လုပ်ရေးအောင်မြင်ရန် လမ်းညွှန်ချက်များ

ဝင်းပပ(Horti)



မြန်မာနိုင်ငံသည် သဘာဝသယံဇာတအရင်းအမြစ်များ ကြွယ်ဝသောနိုင်ငံတစ်နိုင်ငံဖြစ်ပြီး စိုက်ပျိုးရေးသည် နိုင်ငံ၏ အဓိကစီးပွားရေး လုပ်ငန်းတစ်ခုဖြစ်သည်။ ဖရဲသည် မြန်မာနိုင်ငံတွင် စိုက်ပျိုးသော အရေးပါသော သီးနှံတစ်မျိုးဖြစ်ပြီး ပြည်တွင်းသုံးစွဲမှုနှင့် ပြည်ပပို့ကုန်အဖြစ် ထုတ်လုပ်ရောင်းချနေသောသီးနှံဖြစ်သည်။ ဖရဲစိုက်ပျိုးထုတ်လုပ်ရေးသည် စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် ဝင်ငွေကောင်းမွန်စေပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်။ ဖရဲသည် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပြီး ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသောသီးနှံဖြစ်သည်။ ထို့ကြောင့် ဖရဲစိုက်ပျိုးထုတ်လုပ်ရေးသည် မြန်မာနိုင်ငံ၏ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အရေးပါသော ကဏ္ဍတစ်ခုပင်ဖြစ်သည်။ ဖရဲသည် ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံဖြစ်ပြီး အာဟာရဓာတ်များစွာပါဝင်သည်။

**မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း**

ဖရဲစိုက်ပျိုးရာတွင် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်သုံးစွဲခြင်းသည် အရေးကြီးဆုံးအချက်ဖြစ်သည်။ မျိုးကောင်းမျိုးသန့်ဆိုသည် ရာသီဥတုဒဏ်ကိုခံနိုင်ရည်ရှိပြီး ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသောမျိုးဖြစ်ရမည်။ ထို့ပြင် အထွက်နှုန်းကောင်းမွန်ပြီး ဈေးကွက်တွင် ဝယ်လိုအားမြင့်မားသောမျိုးများကို ရွေးချယ်သင့်သည်။ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှထောက်ခံထားသောမျိုးများကိုဦးစားပေးရွေးချယ်သင့်သည်။ မျိုးကောင်းမျိုးသန့်ရွေးချယ်ရာတွင် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်သည်။ မျိုးကောင်းမျိုးသန့်ကိုရွေးချယ်ရာတွင် စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံထားသောမျိုးများကို ဦးစားပေးရွေးချယ်သင့်သည်။ စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံထားသောမျိုးများသည် ရာသီဥတုဒဏ်ကို ခံနိုင်ရည်ရှိပြီး ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသောမျိုးများဖြစ်သည်။

**မြေပြုပြင်ခြင်း**

ဖရဲသီးနှံစိုက်ပျိုးရာတွင် မြေပြုပြင်ခြင်းသည် အရေးကြီးသောအဆင့်တစ်ခုဖြစ်သည်။ ဖရဲသီးနှံသည် ရေသွင်းရေထုတ်ကောင်းမွန်သော မြေအမျိုးအစားကို နှစ်သက်သည်။ ထို့ကြောင့် မြေကိုကောင်းစွာပြုပြင်ပြီး မြေဆီလွှာတွင် သဘာဝမြေဩဇာများ ထည့်သွင်းပေးသင့်သည်။ မြေကို ကောင်းစွာထွန်ယက်ပြီး မြေဆီလွှာတွင် လေဝင်လေထွက်ကောင်းမွန်စေရန် ပြုလုပ်ပေးရမည်။

**စိုက်ပျိုးနည်းစနစ်**

ဖရဲကိုမိုးများသောဒေသများတွင် အောက်တိုဘာလမှ ဖေဖော်ဝါရီလအထိ စီးပွားဖြစ်စိုက်ပျိုးနိုင်ပြီး မိုးနည်းသောဒေသများတွင် မေလမှစ၍ ဖေဖော်ဝါရီလအထိ စီးပွားဖြစ်စိုက်ပျိုးနိုင်သည်။ ဖရဲစေ့ကို မြေတွင် တိုက်ရိုက်စိုက်၍သော်လည်းကောင်း၊ ပျိုးထောင်ပြီး ရွှေ့ပြောင်း၍သော်လည်းကောင်း စိုက်ပျိုးနိုင်သည်။ မြေတွင် တိုက်ရိုက်စိုက်ပါက မျိုးစေ့ကုန်ကျမှုနှင့် ပြုစုထိန်းသိမ်းစရိတ်များသဖြင့် ပျိုးထောင်စိုက်ပျိုးသင့်သည်။ ပျိုးပင်များကို ပျိုးထောင်ထားသည့်အချိန်တွင် စိုက်ခင်းကို ထယ်ထိုး၊ ထွန်မွှေပြီးနောက် စိုက်ခင်းအား မြေညီညာအောင်ပြုပြင်ပြီး စိုက်ပေါင်များဖော်ရမည်။ ဖရဲပင်များစိုက်ပျိုးပြီးနောက် အပင် (၁၁/၂) ပေခန့်ရှိလာချိန်တွင် နွယ်များကိုဖြောင့်တန်းပေးပြီး တန်းကြားတွင် ကောက်ရိုးခြောက်များကို ဖုံးအုပ်ဖြန့်ထားပေးရမည်။ ကောက်ရိုးဖုံးထားခြင်းဖြင့် ပေါင်းမြက်များကင်းရှင်းခြင်း၊ အစိုဓာတ်ဆုံးရှုံးမှုလျော့နည်းခြင်း၊ ဖရဲပင်မှ နှာမောင်းများက ကောက်ရိုးကို ကုပ်တွယ်ထားခြင်းဖြင့် လေပြင်းတိုက်သော်လည်း အပင်မရွေ့လျားစေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများကိုရစေနိုင်သည်။

**ရာသီဥတုဒဏ်ခံနိုင်ရည်**

ဖရဲသည် ပူပြင်းသောရာသီဥတုကို နှစ်သက်သော်လည်း မိုးရွာသွန်းမှုများပါက ရောဂါပိုးမွှားများကျရောက်နိုင်သည်။ ထို့ကြောင့် ရွေးချယ်မည့်မျိုးသည် မိုးရွာသွန်းမှုများပြားသောဒေသများတွင် ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသောမျိုးဖြစ်ရမည်။

**ရောဂါပိုးမွှားဒဏ်ခံနိုင်ရည်**

ဖရဲသည် ရောဂါပိုးမွှားများစွာကျရောက်နိုင်သောသီးနှံဖြစ်သည်။ ထို့ကြောင့် ရွေးချယ်မည့်မျိုးသည် ရောဂါပိုးမွှားဒဏ်ကို ခံနိုင်ရည်ရှိသောမျိုးဖြစ်ရမည်။

**အထွက်နှုန်းကောင်းမွန်ခြင်း**

ဖရဲမျိုးရွေးချယ်ရာတွင် အထွက်နှုန်းကောင်းမွန်သောမျိုးဖြစ်ရမည်။ အထွက်နှုန်းကောင်းမွန်သောမျိုးများကိုရွေးချယ်ခြင်းဖြင့် ဖရဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် ဝင်ငွေကောင်းမွန်စေမည်။

**ဈေးကွက်တွင် ဝယ်လိုအားမြင့်မားခြင်း**

မျိုးကောင်းမျိုးသန့်ဆိုသည်မှာ ဈေးကွက်တွင်ဝယ်လိုအားမြင့်မားသောမျိုးဖြစ်ရမည်။ ဈေးကွက်တွင် ဝယ်လိုအားမြင့်မားသောမျိုးများကို ရွေးချယ်ခြင်းဖြင့် ဖရဲစိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် ဝင်ငွေကောင်းမွန်စေမည်။

**သီးနှံပိုးမွှား ကာကွယ်နှိမ်နင်းခြင်း**

ဖရဲသီးနှံစိုက်ပျိုးရာတွင် ပိုးမွှားနှင့်ရောဂါများကို ကာကွယ်နှိမ်နင်းခြင်းသည် အရေးကြီးသောအချက်ဖြစ်သည်။ ပိုးမွှားနှင့်ရောဂါများကိုကာကွယ်ရန် သဘာဝနည်းလမ်းများဖြစ်သော ဇီဝပိုးသတ်ဆေးများသုံးစွဲခြင်း၊ သီးနှံအလှည့်ကျစိုက်ပျိုးခြင်း စသည့်နည်းလမ်းများကိုအသုံးပြုသင့်သည်။ **“ဖရဲ သရဲထက်ကြောက်စရာကောင်းတယ်”** ဟူသောတောင်သူများ၏ အဆိုအရ ဖရဲသီးနှံတွင် ကြောက်စရာအကောင်းဆုံးပြဿနာမှာ မှိုရောဂါပင်ဖြစ်သည်။ သက်ရှိမှိုမျှင်များသည် မြေကြီးထဲ၌ ၁၀ နှစ်မှ ၁၅ နှစ်အထိ ရှင်သန်နိုင်ပြီး အပင်များကို အမြစ်ကနေဝင်ရောက်ပြီး ဒုက္ခပေးလေ့ရှိသည်။ ထိုမှိုရောဂါကိုဖြေရှင်းနိုင်မည့်နည်းလမ်းသည် ဓာတုဆေးဝါးများဖြင့် နှိမ်နင်းလို့မရချေ။ အကောင်းဆုံးနည်းလမ်းမှာ သီးလှည့်စိုက်ပျိုးခြင်းပင်ဖြစ်သည်။ ထို့ပြင် ပိုးမွှားနှင့်ရောဂါများကို စောစီးစွာသိရှိနိုင်ရန် စိုက်ခင်းကိုပုံမှန်စစ်ဆေးပေးရမည်။

**တစ်ဧကအထွက်နှုန်း တိုးတက်စေရေး**

တစ်ဧကအထွက်နှုန်းတိုးတက်စေရန် မျိုးကောင်းမျိုးသန့်ကို ရွေးချယ်ခြင်း၊ မြေဆီလွှာကို ကောင်းစွာပြုပြင်ခြင်း၊ ရေသွင်းရေထုတ်စနစ်ကို ကောင်းမွန်စေခြင်း၊ သီးနှံပိုးမွှားနှင့်ရောဂါများကို ကာကွယ်နှိမ်နင်းခြင်း စသည့်နည်းလမ်းများကိုအသုံးပြုသင့်သည်။ ထို့ပြင်သီးနှံအထွက်နှုန်းကို တိုးတက်စေရန် သင့်လျော်သော မြေဩဇာများကို ထည့်သွင်းပေးရမည်။

**နိုင်ငံတော်အစိုးရမှ ပံ့ပိုးမှုများ**

နိုင်ငံတော်အစိုးရမှလည်း ဖရဲစိုက်ပျိုးထုတ်လုပ်ရေးအတွက် ပံ့ပိုးမှုများကိုရယူခြင်းဖြင့်တောင်သူလယ်သမားများအတွက်စိုက်ပျိုးရေးလုပ်ငန်းကို ပိုမိုလွယ်ကူစွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ နိုင်ငံတော်အစိုးရမှ ပံ့ပိုးမှုများတွင် မျိုးကောင်းမျိုးသန့်များပံ့ပိုးပေးအပ်ခြင်း၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာများဖြန့်ဖြူးခြင်း၊ ငွေကြေးကူညီပံ့ပိုးမှုများပေးခြင်း စသည့်အစီအစဉ်များပါဝင်သည်။

**ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုအခြေအနေများ**

ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုအခြေအနေများကို လေ့လာခြင်းဖြင့် ဖရဲသီးနှံ၏ ဈေးကွက်လိုအပ်ချက်များကိုသိရှိနိုင်ပြီး ထိုအချက်များကို အခြေခံကာ စိုက်ပျိုးထုတ်လုပ်မှုကို စီမံခန့်ခွဲနိုင်မည်ဖြစ်သည်။ ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုအခြေအနေများကိုသိရှိရန် ဈေးကွက်စစ်တမ်းများကောက်ယူခြင်း၊ ဒေသခံလယ်သမားများနှင့်တိုင်ပင်ဆွေးနွေးခြင်း စသည့်နည်းလမ်းများကိုအသုံးပြုသင့်သည်။

ဖရဲသီးနှံစိုက်ပျိုးထုတ်လုပ်ရေးသည်တောင်သူလယ်သမားများအတွက်သာမက စားသုံးသူများအတွက်ပါ အကျိုးပြုမှုများစွာရှိသည်။ ဖရဲသီးနှံသည် ကျန်းမာရေးနှင့်ညီညွတ်သောသီးနှံဖြစ်ပြီး လူတို့၏အာဟာရဓာတ်များကို ဖြည့်ဆည်းပေးနိုင်စွမ်းရှိသည်။ ထို့ပြင် ဖရဲသီးနှံစိုက်ပျိုးထုတ်လုပ်ရေးသည် တောင်သူလယ်သမားများအတွက် ဝင်ငွေကောင်းမွန်စေပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည်။

ဥယျာဉ်ခြံသီးနှံတစ်မျိုးဖြစ်သည့် ဖရဲသီးနှံသည် သီးနှံဖြစ်ထွန်းအောင်မြင်အောင်စိုက်နိုင်ပြီး ဈေးကောင်းမိပါက စီးပွားရေးအရ အလွန်တွက်ခြေကိုက်သော သီးနှံတစ်ခုဖြစ်သည်။ ဖရဲသီးနှံကို အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်ရေးသည် မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးလုပ်ငန်းတွင် အရေးပါသောကဏ္ဍတစ်ခုဖြစ်သည်။ မျိုးကောင်းမျိုးသန့်ရွေးချယ်ခြင်း၊ မြေပြုပြင်ခြင်း၊ ပိုးမွှားနှင့် ရောဂါဒဏ်ကာကွယ်ခြင်း၊ အထွက်နှုန်းတိုးတက်စေခြင်း စသည့်အချက်များကို စနစ်တကျဆောင်ရွက်ခြင်းဖြင့် ဖရဲသီးနှံစိုက်ပျိုးထုတ်လုပ်ရေးကို ပိုမိုအောင်မြင်စွာ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ ထို့ပြင် နိုင်ငံတော်မှ ပံ့ပိုးမှုများနှင့် ဒေသတွင်းရောင်းဝယ်ဖောက်ကားမှုအခြေအနေများကိုသိရှိခြင်းဖြင့် ဖရဲသီးနှံစိုက်ပျိုးထုတ်လုပ်ရေးကို ပိုမိုတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်သည်။ ။

## အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေး

လွိုင်ကော် ဇွန် ၃

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ အခြေခံပညာကျောင်းများ ဖွင့်လှစ်သင်ကြားနေမှုအခြေအနေများကို ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်နှင့်ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများက ဇွန်လ ၂ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုကြောင်း သိရသည်။

ထိုသို့ကြည့်ရှုစစ်ဆေးရာတွင် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ အမှတ်(၇) အခြေခံပညာအထက်တန်းကျောင်းနှင့် ဒေါတမအခြေခံပညာအလယ်တန်းကျောင်းတို့၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာပညာသင်ကြားနိုင်ရေး၊ ဆရာ၊ ဆရာမ ပြည့်စုံမှုအခြေအနေ၊ ကျောင်းတွင်း/ပြင်ပ သန့်ရှင်းမှုအခြေအနေများနှင့် ကျောင်းလုံခြုံရေးစနစ်တကျထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားကြောင်း သိရသည်။ (၄၀၅)

## မြိတ်မြို့နယ်၌ ဘက်စုံအဆင့်မြင့်နည်းပညာသုံး မိုးစပါးစံပြစိုက်ကွက် လယ်ယာဧက ၃၀၀ တိုးချဲ့ စိုက်ပျိုးမည်

မြိတ် ဇွန် ၃

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်ရှိ ဘက်စုံအဆင့်မြင့်နည်းပညာသုံး စံပြကျေးရွာ၌ မိုးစပါးစံပြစိုက်ကွက်များနှင့် မျိုးကောင်းမျိုးသန့်စိုက်ကွက်များအဖြစ် လယ်ယာဧက ၃၀၀ ကို တိုးချဲ့စိုက်ပျိုးရန် ဆောင်ရွက်လျက်ရှိကြောင်း မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှသိရသည်။

ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာကို တစ်မြို့နယ်လျှင် တစ်ရွာနှုန်းဖြင့် နှစ်စဉ်ရွေးချယ်၍ မြိတ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် စန္ဒဝတ်ကျေးရွာအုပ်စုအတွင်းရှိ ကျွဲကူးကျေးရွာကို ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာအဖြစ် ရွေးချယ်ဆောင်ရွက်ထားပြီး မိုးစပါးစံပြစိုက်ကွက်များနှင့် အထွက်နှုန်းကောင်းမျိုးကောင်းမျိုးသန့် စိုက်ပျိုးခြင်းများအတွက် လယ်ယာဧက ၃၀၀ ကိုတိုးချဲ့စိုက်ပျိုးဆောင်ရွက်မည်ဖြစ်သည်။

မြိတ်မြို့နယ်၌ ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီတွင် လယ်ယာထွန်ယက်လုပ်ကိုင်ခြင်းများကို မေလကုန်ပိုင်းကစပြီး လုပ်ကိုင်လျက်ရှိရာ မိုးစပါးများစိုက်ပျိုးရာတွင် တောင်သူများသည် မြေခံရေခံနှင့်ကိုက်ညီသော ဒေသမျိုးကွဲများနှင့် အထွက်နှုန်းကောင်းမျိုးစပါးများကို ရွေးချယ်စိုက်ပျိုးလေ့ရှိသည်။

မိမိတို့နိုင်ငံတွင် သဘာဝကပေးထားသည့်စိုက်ပျိုးရေးဆိုင်ရာ အခြေခံကောင်းများကိုအသုံးချပြီး နိုင်ငံကိုဖွံ့ဖြိုးတိုးတက်စေမည့် စက်မှုကုန်ထုတ်လုပ်ငန်းများကို ဆောင်ရွက်ရမည်ဖြစ်ကြောင်းသိရသည်။

(၄၁၂)

# ၂၀၂၅-၂၀၂၆ ခုနှစ် ပညာသင်နှစ် အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားလျက်ရှိ

နေပြည်တော် ဇွန် ၃

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများကို ဇွန်လ ၂ ရက်မှစတင်ဖွင့်လှစ်ပြီး ကျောင်းသား၊ ကျောင်းသူများက အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိရာ ကျောင်းများစတင်ဖွင့်လှစ်ပြီး ဒုတိယရက်ဖြစ်သော ယနေ့တွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၀၃၁၀၁၂ ဦး တက်ရောက်ပညာသင်ကြားလျက်ရှိကြောင်း သိရှိရသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့်အထက်တန်း ကျောင်းသား၊ ကျောင်းသူများအား ကျောင်းအပ်နှံချိန်တွင် သင်ရိုးညွှန်းတမ်းစာအုပ်များ၊ ဗလာစာအုပ်များ၊ စာရေးကိရိယာများကို အခမဲ့ထုတ်ပေးပြီး KG နှင့် မူလတန်းကျောင်းသား၊ ကျောင်းသူများကို ကျောင်းဝတ်စုံများလည်း အခမဲ့ပေးအပ်လျက်ရှိသည်။ ထို့ပြင် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းအပ်နောက်ကျနေသည့် ကျောင်းသား၊ ကျောင်းသူများကိုလည်း ဆက်လက်ကျောင်းအပ်လက်ခံပေးလျက်ရှိကြောင်း သိရှိရသည်။

ယခုကဲ့သို့ အခြေခံပညာကျောင်းများ စနစ်တကျဖွင့်လှစ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့်သက်ဆိုင်ရာအဖွဲ့အစည်းများမှတာဝန်ရှိသူများက စာသင်ခန်းများတွင် စာသင်ခုံများ ကြိုတင်နေရာချထားပေးခြင်း၊ ကျောင်းကြို/ပို့ယာဉ်များစီစဉ်ပေးခြင်း၊ ကျောင်းများသန့်ရှင်းသာယာလှပရေးနှင့် ကျောင်းဥပမိရုပ် ကောင်းမွန်စေရေးတို့အတွက် ကြိုတင်ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ပေးသည်။



ထိုသို့ နိုင်ငံတစ်ဝန်းရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ၏ ကျောင်းသင်ခန်းစာများ သင်ကြား/သင်ယူနေမှုတို့ကို နေပြည်တော်ကောင်စီနယ်မြေအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြည်နယ်ဝန်ကြီးချုပ်များနှင့်တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြသည်။

ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာပညာသင်ကြားမှုနှင့်ပတ်သက်၍ ဆရာမတစ်ဦးက "၂၀၂၅-၂၀၂၆ ပညာသင်နှစ်မှာတော့ ကျွန်မတို့ကျောင်းမှာ ကျောင်းသားဦးရေ ၁၅၂၀ ဦးတက်ရောက်နေပါတယ်။ မနှစ်က ကျောင်းသားဦးရေကို ပြည့်မီဖို့တော့ ၁၀၀ ကျော်လိုပါသေးတယ်။ ဒီဇွန်လကုန်မှာတော့ ယခင်နှစ်က ကျောင်းသားဦးရေအတိုင်း ပြည့်မီမယ်လို့ ခန့်မှန်းထားရှိပါတယ်ရှင့်။ ဘာသာရပ်ခွဲဝေမှုအနေနဲ့ကတော့ ကျွန်မတို့က တစ်နေ့ကို စာသင်ချိန်ရှစ်ချိန်နဲ့ တစ်ပတ်ကိုစာသင်ချိန်အချိန်ပေါင်း ၄၀ နဲ့ သင်ကြားပို့ချပေးပါတယ်။ အလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတွေမှာတော့ တစ်ပတ်တစ်ကြိမ် စာဖတ်ချိန်ဆိုပြီးတော့ ကျောင်းသားလူငယ်တွေရဲ့ အသိပညာမြင့်မားဖို့အတွက် စာကြည့်တိုက်မှာ စာဖတ်ချိန်အဖြစ် စာဖတ်ရှိန်မြှင့်တင်ရေးလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။ အထက်တန်းအဆင့်မှာတော့ ကျွန်မတို့က ကျောင်းသားလူငယ်တွေဟာ ဟိုးတုန်းက စနစ်ဟောင်းပညာရေးမှာကျတော့ ဆယ်တန်းကို အသက် ၁၆ နှစ်မှာအောင်မြင်ပါတယ်။ အခုစနစ်သစ်ပညာရေးမှာ Grade-12 သည် အသက် ၁၈ နှစ်မှာ အောင်မြင်မှာဖြစ်တဲ့အတွက် အသက် ၁၈ နှစ်ဖြစ်တဲ့ ဒီကျောင်းသားလူငယ်တွေဟာ ကျောင်းသားတွေရဲ့အခွင့်အရေး၊ နိုင်ငံသားတိုင်းရဲ့အခွင့်အရေးဟာ မဲပေးပိုင်ခွင့်ဆန္ဒရှိတဲ့ ကျောင်းသားလူငယ်တွေ အခြေခံပညာရေးကဏ္ဍမှာ ပါဝင်လာပါတယ်။ ဒါကြောင့် ကျွန်မတို့က ကျောင်းသားလူငယ်တွေကို သူတို့ရဲ့အခွင့်အရေးတွေ၊ နိုင်ငံသားတိုင်းရဲ့အခွင့်အရေးတွေ၊ ဥပဒေအကြောင်းအရာတွေကို သိဖို့အတွက် တစ်ပတ်မှာစာသင်ချိန်တစ်ချိန်ကို ဥပဒေရေးရာအချိန်အဖြစ် ထည့်သွင်းသင်ကြားပေးလျက်ရှိပါတယ်။ ဥပဒေရေးရာအချိန်မှာတော့ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအကြောင်းတွေကို သင်ကြားပေးပါတယ်။ နောက်ပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း၊ နိုင်ငံသားတိုင်းလိုက်နာရမယ့် စည်းမျဉ်းစည်းကမ်းတွေအားလုံးကို သင်ကြားပေးနေပါတယ်ရှင်" ဟု ပြောသည်။



ပျော်ပျော်ရွှင်ရွှင်ကျောင်းတက်ရမှုနှင့်ပတ်သက်၍ ကျောင်းသားတစ်ဦးက "လွန်ခဲ့တဲ့ ဖြစ်သွားတဲ့ ငလျင်ဘေးမှာ ကျွန်တော့်ရဲ့ သူငယ်ချင်းတွေအားလုံး ဘာမှထိခိုက်မှုမရှိဘဲ ပျော်ပျော်ရွှင်ရွှင် အတူတူကျောင်းတက်ရတော့ ပျော်ပါတယ်ခင်ဗျာ။ လာမယ့် Grade-12 မှာ ခြောက်ဘာသာဂုဏ်ထူးရပြီး အမှတ်မီအောင်ကြိုးစားရမယ်။ ကျွန်တော် Grade-12 ပြီးသွားရင် Aerospace Engineering ဝင်ပြီးတော့ Spacecraft တွေ တည်ဆောက်ဖို့ ရည်မှန်းထားပါတယ်" ဟု ပြောသည်။ (၁၀၀)





ပြည်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



ချောင်းဆုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



အလုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



တိုက်ကြီးမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။



ရပ်စောက်မြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေမှုကို တွေ့ရစဉ်။

## ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်အမှတ်၊ ၃၉/၂၀၂၅**
၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၈ ရက်
(၂၀၂၅ ခုနှစ်၊ ဇွန်လ ၃ ရက်)
**ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ဒေါက်တာသန်းစိုးအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန် ပေးလိုက်သည်။

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

## အစိုးရဓမ္မာစရိယစာမေးပွဲ (ဆဋ္ဌနေ့)ကျင်းပ

နေပြည်တော် ဇွန် ၃

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနကကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရဓမ္မာစရိယစာမေးပွဲကို ယနေ့ (ဆဋ္ဌနေ့)တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၆၅ ဌာန တို့တွင် စာဖြေ စာရင်းသွင်း ၁၁၀၂၇ ပါး/ဦးအနက် ၈၅၆၇ ပါး/ဦး ဖြေဆိုကြသဖြင့် ၇၇ ဒသမ ၆၉ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှ သိရသည်။

မြဝတီ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန**
**သာသနာရေးဦးစီးဌာန**

၁၃၈၇ ခုနှစ် (၂၀၂၅ ခုနှစ်)၊ အစိုးရဓမ္မာစရိယစာမေးပွဲ နေ့ရက်အလိုက် ဖြေဆိုမှုအခြေအနေ

ရက်စွဲ၊ ၃-၆-၂၀၂၅

ဖြေဆိုသည့် ဘာသာ၊ ဓမ္မသင်္ဂဏီပါဠိအဋ္ဌကထာ(ဒုတိယနေ့)

| စဉ် | အကြောင်းအရာ | စာရင်းသွင်း | ဖြေဆို | ပျက်ကွက် | ရာခိုင်နှုန်း |
|---|---|---|---|---|---|
| ၁။ | ဓမ္မာစရိယ | ၁၁၀၂၇ | ၈၅၆၇ | ၂၄၆၀ | ၇၇.၆၉ |

# စားသုံးသူအသိပညာပေးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ လူဦးရေ ၆ ဒသမ ၄၀ သန်းကို အသိပညာပေးဆောင်ရွက်နိုင်

နေပြည်တော် ဇွန် ၃

မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေး ကော်မရှင်၏လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၅)ကို ယနေ့နံနက် ၉ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ရုံးအမှတ် (၅၂) ၌ ကျင်းပသည်။

ဦးစွာ မြန်မာနိုင်ငံ စားသုံးသူကာကွယ်ရေးကော်မရှင်ဥက္ကဋ္ဌ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံက စားသုံးသူသတင်းပြန်ကြားရေးနှင့် တိုင်ကြားမှုလက်ခံဆောင်ရွက်ရေးစင်တာများ တိုးချဲ့ဖွင့်လှစ်နိုင်ရေးနှင့်စပ်လျဉ်း၍ မကွေးခရိုင်၊ သရက်ခရိုင်နှင့် မင်းဘူးခရိုင်တို့တွင် တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့သည့်အတွက် စုစုပေါင်း ၅၁ ခု ဖွင့်လှစ်နိုင်ခဲ့ပြီး တိုင်ကြားမှုလက်ခံဖြေရှင်းသည့် လုပ်ငန်းစဉ်ကို ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးနှင့် ကျန်ဒေသများတွင်လည်း တိုးချဲ့ဖွင့်လှစ်နိုင်ရေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လက်ရှိကာလတွင် စားသုံးသူတိုင်ကြားမှုအများဆုံးဖြစ်သော အွန်လိုင်းငွေကြေးဝန်ဆောင်မှုကဏ္ဍ၊ ဆက်သွယ်ရေးဝန်ဆောင်မှုကဏ္ဍနှင့် မော်တော်ယာဉ်အရောင်းကဏ္ဍများနှင့် ပတ်သက်၍ ဝန်ဆောင်မှုပေးသူဘက်မှ မှားယွင်းမှုများ၊ ပျက်ကွက်မှုများကြောင့် ဖြစ်ပေါ်လာသော စားသုံးသူနစ်နာဆုံးရှုံးမှုများကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း၊ ဖြေရှင်းဆောင်ရွက်ပေးရန်ကျန်ရှိနေသော တိုင်ကြားမှုများကိုလည်း ထိထိရောက်ရောက်ဖြေရှင်းဆောင်ရွက်သွားရန်လိုအပ်ကြောင်း။



စားသုံးသူအသိပညာပေးဆောင်ရွက်မှုနှင့်စပ်လျဉ်း၍ ၂၀၁၆ ခုနှစ် ဧပြီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဧပြီလကုန်အထိ လူဦးရေ ၆ ဒသမ ၄၀ သန်းကို အသိပညာပေးဆောင်ရွက်နိုင်ခဲ့ပြီး တစ်နိုင်ငံလုံးရှိ လူဦးရေ၏ ၁၂ ဒသမ ၄၈ ရာခိုင်နှုန်းကျော်လွှမ်းခြုံဆောင်ရွက်နိုင်ခဲ့ရာ စားသုံးသူအသိပညာပေးကဏ္ဍကိုလည်း နယ်ပယ်အသီးသီးတွင် တိုးချဲ့ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် စားသုံးသူရေးရာကော်မတီများအနေဖြင့် စားသုံးသူကာကွယ်ရေးနှင့် လုပ်ငန်းသဘောသဘာဝချင်းဆက်စပ်နေသောကုန်ဈေးနှုန်းတည်ငြိမ်ရေး၊ တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးကိစ္စရပ်များ၊ စားသုံးသူကာကွယ်ရေးဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ ဆက်စပ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ယခင်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု အခြေအနေများ၊ ကော်မရှင်က အဆုံးအဖြတ်ပေးရမည့် လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်အတွင်းရေးမှူး စားသုံးသူရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်က ရှင်းလင်းတင်ပြရာ တင်ပြချက်များနှင့်စပ်လျဉ်း၍ ကော်မရှင်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကဆွေးနွေးပြီး ဆုံးဖြတ်ချက်များချမှတ်သည်။ အဆိုပါအစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းနှင့် ဦးကျော်ရွှေထွန်း၊ ကော်မရှင်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက In person ဖြင့်လည်းကောင်း၊ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်စားသုံးသူရေးရာကော်မတီဥက္ကဋ္ဌ စီးပွားရေးရာဝန်ကြီးများက အွန်လိုင်းဖြင့်လည်းကောင်း တက်ရောက်ကြကြောင်းသိရသည်။ မြဝတီ

➲ ရှေ့ဖုံးမှအဆက်

ဇွန်လမှစတင်စိုက်ပျိုးမည်ဖြစ်သည်။

"မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ်အတွင်း ဖူးစားပြောင်း ၂၃၁၆ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဖူးစားပြောင်းတွေ စိုက်ဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ကြိုးကြပ်ဆောင်ရွက်ပေးမှာပါ။ ဖူးစားပြောင်းစိုက်ပျိုးရာမှာ အောင်မြင်ဖြစ်ထွန်းဖို့နဲ့ ပိုးမွှားရောဂါကင်းရှင်းစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ထွက်ရှိလာမယ့်ဖူးစားပြောင်းတွေ အရည်အသွေးကောင်းမွန်စေဖို့နဲ့ အစားအစာဘေးအန္တရာယ်ကင်းရှင်းစေဖို့ GAP စိုက်ပျိုးရေးနည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် ပံ့ပိုးကူညီဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ မိုးသီးနှံစိုက်ပျိုးရာသီတွင် ဖူးစားပြောင်းစိုက်ပျိုးသည့်တောင်သူများကို စိုက်ပျိုးရေးဦးစီးဌာနမှ ဖူးစားပြောင်းများအထွက်နှုန်းတိုးတက်စေရေးအတွက် ဖောငမြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးနည်းစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေး၊ မြေဩဇာနှင့်စိုက်ပျိုးရေးသွင်းအားစုများ မှန်မှန်ကန်ကန်သုံးစွဲရေး စသည့်စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်သည်။

ဖူးစားပြောင်းကို အထွက်နှုန်းနှင့်အရည်အသွေးကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်၍ဝင်ငွေရရှိကာ တောင်သူများ၏လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ဖူးစားပြောင်း ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးပမ်းဆောင်ရွက်သင့်ကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

## ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရေး မှာကြား





နေပြည်တော် ဇွန် ၃

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ Naypyitaw State Polytechnic University တွင် အင်အားပြင်းမန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့်ရပ်နားခဲ့ရသည့် တက္ကသိုလ်များ၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဘွဲ့ကြိုသင်တန်းများဖြစ်ကြသည့် ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်တို့၏ အင်ဂျင်နီယာနှင့် ဗိသုကာသင်တန်း၊ ကွန်ပျူတာသိပ္ပံနှင့် ကွန်ပျူတာနည်းပညာသင်တန်းတို့၏ ပထမနှစ်ဝက်စာမေးပွဲ ဆက်လက်ဖြေဆိုနေကြသည့် ကျောင်းသား၊ ကျောင်းသူများကို သွားရောက်ကြည့်ရှုအားပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည်စာသင်ခန်းများ၊ ကွန်ပျူတာခန်း၊ ခေတ်မီလက်တွေ့ခန်းသုံးပစ္စည်းများ၊ Language Lab၊ ICT နည်းပညာများကိုအသုံးပြု၍ LMS စနစ်ဖြင့် သင်ကြားသင်ယူမှုဆောင်ရွက်နိုင်မည့်အခြေအနေနှင့် စာကြည့်တိုက်တို့ကို ကြည့်ရှုစစ်ဆေးပြီး စာမေးပွဲများပြီးဆုံးချိန်တွင် သင်ကြားသင်ယူမှုလုပ်ငန်းများ အရှိန်အဟုန်မပြတ် ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းသား၊ ကျောင်းသူများ အဆင်ပြေချောမွေ့စွာပညာသင်ကြားနိုင်ရေး၊ သင်ကြားသင်ယူမှုဝန်းကျင်ကောင်းများဖြစ်စေရေးတို့ကို မှာကြားခဲ့ကြောင်းသိရသည်။ မြဝတီ

# နိုင်ငံ့ဂုဏ်ဆောင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် ကမ္ဘာ့စာကြည့်တိုက်များ၊ တက္ကသိုလ်စာကြည့်တိုက်များ

ရန်ကုန်တက္ကသိုလ် အဓိပတိလမ်း၏တစ်ဖက်တစ်ချက်တွင် အုပ်ဆိုင်းနေသော သစ်ပင်တန်းလေးသည် မိုးဖွဲဖွဲ၏နမ်းရှိုက်မှုကြောင့် စိမ်းစိုတောက်ပလျက်ရှိသည်။ မေလတွင် ရုတ်တရက် ရွာသွန်းလိုက်သော မိုးသည်းသည်းကြောင့် တက္ကသိုလ်ပရိဝုဏ်အတွင်း မိုးရေတို့ဖုံးလွှမ်းခဲ့ပြီး မိုးတိတ်သွားချိန်နေခြည်ပေါ်ထွန်းလာစဉ်တွင် သစ်ပင်သစ်ကိုင်းတို့၌ တွယ်ငြိနေသော မိုးရေစက်တို့သည် ပင်ရွက်ထိပ်တို့တွင်တွဲခိုလျက် မြေပြင်သို့သက်ဆင်းရန် အားယူကြလျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်ပရိဝုဏ်သည် အေးချမ်းတိတ်ဆိတ်လျက် ဘွဲ့နှင်းသဘင်ခန်းမကြီးသည် တည်ငြိမ်ခံ့ညားလျက်ရှိကာ ကျေးငှက်သံတို့နှင့်အတူ သစ်ရိပ်၊ ဝါးရိပ်တို့ဖြင့် အမိတက္ကသိုလ်ကြီး၏ ထည်ဝါခံ့ညားမှုကို ပေါ်လွင်စေလျက်ရှိသည်။ ၁၉၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် ရန်ကုန်တက္ကသိုလ်ကြီးကို စတင်တည်ထောင်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်သည် ရန်ကုန်တက္ကသိုလ်၏ သက်တမ်းသည် နှစ်(၁၀၀)သို့ တိုင်ခဲ့ပြီဖြစ်၍ ယခုဆိုလျှင် နှစ်ပေါင်းရာကျော်ဖြတ်သန်းခဲ့ပြီဖြစ်သည်။ ကိုလိုနီခေတ်နှင့် ဂျပန်ခေတ်ကိုလည်း ကြံ့ကြံ့ခံဖြတ်သန်းခဲ့သော တက္ကသိုလ်ကြီးဖြစ်သည်။

သမိုင်းအစဉ်အလာကြီးမားသော တက္ကသိုလ်ကြီးဖြစ်သည်နှင့်အညီ နိုင်ငံ့ဂုဏ်ဆောင် တက္ကသိုလ်ကြီးတစ်ခုအဖြစ် ယနေ့တိုင်တည်ရှိလျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်၏ရင်ခွင်တွင် ခိုလှုံခဲ့ကြသော ကျောင်းသားဟောင်းကြီးများ တက္ကသိုလ်ရိပ်သာလမ်းပေါ်မှ ကျောင်းတော်ကြီးကို ကြည့်လိုက်လျှင်ဖြစ်စေ၊ အဓိပတိလမ်းပေါ်မှကြည့်လိုက်သည်ဖြစ်စေ၊ တက္ကသိုလ်ရိပ်သာလမ်း ကျောင်းတံခါးအဝင်အဝမှ ဘွဲ့နှင်းသဘင်ခန်းမကြီးကိုမြင်တွေ့လိုက်သည်ဖြစ်စေ တစ်ချိန်က ကျောင်းသားဘဝ၏အငွေ့အသက်တို့သည် ရုတ်ခြည်းဝင်ရောက်လာလျက် လွမ်းမောဖွယ်ငယ်ဘဝပုံရိပ်တို့နှင့်အတူ ကြည်နူးအေးချမ်းမှုတို့ကို ပေးစွမ်းလျက်ရှိသည်။ အမိရင်ခွင်သို့ရောက်ရှိလာသော သားသမီးများကို နွေးထွေးစွာကြိုဆိုနေသော ရန်ကုန်တက္ကသိုလ်ကြီးသည် မေတ္တာစေတ်ကြီးမားစွာ သားကြီး၊ သမီးကြီးများနှင့် သားငယ်၊ သမီးငယ်တို့ကို အပြုံးချိုချိုဖြင့် အစဉ်ထာဝရ လက်ကမ်းကြိုဆိုလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်ဟုဆိုလျှင် အဓိပတိလမ်း (Chancellor Road)နှင့် ယုဒသန်ကောလိပ်(Judson College)၊ ဘွဲ့နှင်းသဘင်ခန်းမ၊ အင်းယားကန်၊ ပုဂံလမ်း၊ ပုဂံခြံဝင်း၊ စစ်ကိုင်းလမ်း၊ သစ်ပုပ်ပင်၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်ရိပ်သာလမ်းတို့သည် အမိတက္ကသိုလ်ရင်ခွင်တွင် ခိုလှုံသူတို့၏နှလုံးသားတို့၌ ပုံရိပ်များစွာစွဲကျန်လျက်ရှိသည်။ အထူးသဖြင့် ရန်ကုန်တက္ကသိုလ်နှင့် သစ်ပုပ်ပင်၊ သစ်ပုပ်ပင်နှင့် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တို့သည် ကဗျာဝါသနာရှင်နှင့် စာပေဝါသနာရှင်တို့အတွက် အထူးအမှတ်ရဖွယ် အတိတ်ပုံရိပ်များဖြစ်သည်။ သစ်ပုပ်ပင်ကြီးအောက်တွင် စာဖတ်ခြင်းနှင့် ဝိုင်းဖွဲ့အနားယူခဲ့ကြသူများပို၍ သတိရဖွယ်များပင်ဖြစ်သည်။ ရန်ကုန်တက္ကသိုလ်မတည်ထောင်မီကတည်ရှိခဲ့သော သစ်ပုပ်ပင်နှင့် ဒုတိယကမ္ဘာစစ်ကာလကို ကြံ့ကြံ့ခံဖြတ်သန်းခဲ့သော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တို့သည် သမိုင်းဝင်ညီအစ်ကိုပမာ တစ်ယောက်အကြောင်းကို တစ်ယောက်သိကြသည့် ခေါင်းနှင့်ပန်းဒင်္ဂါးပြားကဲ့သို့ ယှဉ်တွဲလျက်ရှိသည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ရှေ့မှ သစ်ပုပ်ပင်ကြီးကို လှမ်းမြင်ရသည့်နည်းတူ သစ်ပုပ်ပင်ကြီးအနီးတွင် ထည်ဝါစွာတည်ရှိနေသော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီးကို လှမ်းမြင်ရမည်ဖြစ်သည်။ အဆိုပါ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီးနှင့် ကပ်လျက်တွင် ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်သည်လည်း ခံ့ညားထည်ဝါစွာ တည်ရှိလျက်ရှိသည်။

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် နိုင်ငံ၏ အမျိုးသားစာပေ၊ ခေတ်မီစာပေနှင့် ယဉ်ကျေးမှုအမွေ




အနှစ်တို့စုဝေးထားရှိရာနေရာဖြစ်သည့်အပြင်နိုင်ငံတော်အတွက် ပညာတတ်များစွာ မွေးထုတ်ပေးနေသော တက္ကသိုလ်ကြီးတည်ရှိရာ နေရာတစ်ခုအဖြစ် ဂုဏ်ရောင်လွှမ်းလျက်ရှိသည်။ စာတွေ့၊ လက်တွေ့သင်ကြားပေးမှုနှင့်အတူ ကမ္ဘာ့စာပေဗဟုသုတများစွာ သိုလှောင်ဖြန့်ဖြူးပေးရာ နေရာလည်းဖြစ်သည်။ ၁၉၂၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်ကို စတင်ဖွင့်လှစ်ချိန်၌ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ဟူ၍ မရှိသေးပေ။ မြန်မာနိုင်ငံဘုရင်ခံ တက္ကသိုလ်အဓိပတိဖြစ်သော ဆာဟာကုတ်ဘတ္တလာ(Sir Hercourt Butler)က ၁၉၂၇ ခုနှစ် ဒီဇင်ဘာလ ၈ ရက်တွင် စာကြည့်တိုက်ကြီးကို တည်ဆောက်ရန် အုတ်မြစ်ချခဲ့သည်။ စာကြည့်တိုက်အဆောက်အအုံအတွက် စေတနာရှင် Rao Bahudur Sithamlera Reddier က ရူပီးငွေနှစ်သိန်း လှူဒါန်းခဲ့ခြင်းဖြစ်သည်။ စာကြည့်တိုက်သည် L ပုံစံ နှစ်ထပ်တိုက်ဖြစ်ပြီး စာအုပ်ထားသိုခန်းကို အထပ်လေးထပ်ဖြင့်ဖွဲ့စည်းထားသည်။ လေးထပ်စာအုပ်စင်၏ ကြမ်းခင်းများမှာ မြေညီထပ်မှလွဲ၍ ခိုင်မာသောဆန်ခါပေါက်ကြမ်းခင်းများဖြစ်သည်။ စာကြည့်တိုက်အကျယ်အဝန်းမှာ ပေ ၁၂၀ x ၃၆ ပေနှင့်အမြင့် ၇၂ ပေရှိပြီး မြေအောက်ခန်းပါရှိသည်။ ဒေါင်လိုက်ပြတင်းပေါက်များ လုံလောက်စွာဖောက်ထားပြီး လေဝင်လေထွက်ကောင်းမွန်သော စာကြည့်တိုက်ကြီးဖြစ်သည်။ တည်ဆောက်မှုကို ၁၉၃၁ ခုနှစ်တွင် အပြီးသတ်ခဲ့ပြီး ထိုနှစ်မှာ မြန်မာပြည်ဘုရင်ခံ Sir Charles Alexander Innes က ဖွင့်လှစ်ပေးခဲ့သည်။ ယခု ၂၀၂၅ ခုနှစ်ဆိုလျှင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် သက်တမ်းသည် ၉၂ နှစ်သို့ ချင်းနင်းဝင်ရောက်ခဲ့ပြီဖြစ်သည်။ ဒုတိယကမ္ဘာစစ်မတိုင်မီက အရှေ့တောင်အာရှတွင် ခေတ်အမီဆုံးနှင့် စာအုပ်စာပေစုံလင်သောစာကြည့်တိုက်ကြီးတစ်ခုအဖြစ် သမိုင်းမှတ်တမ်းဝင်ခဲ့သည်။

စစ်ပြီးခေတ်တွင် ပြည်ထောင်စုပါလီမန်က ပြဋ္ဌာန်းပေးခဲ့သော ပုံနှိပ်တိုက်အက်ဥပဒေ(ပြင်ဆင်ချက်)အရ မြန်မာနိုင်ငံတစ်ဝန်းမှ ပုံနှိပ်ထုတ်ဝေသော စာအုပ်စာတမ်းများကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် ထိန်းသိမ်းပေးနိုင်ခဲ့သည်။ စစ်ပြီးကာလတွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည် ပြာပုံဘဝမှ ပြန်လည်ထူထောင်ခဲ့သည်။ ဒုတိယကမ္ဘာစစ်ပြီးဆုံးလုနီး ၁၉၄၅ ခုနှစ် ဧပြီလတွင် ရန်ကုန်မြို့မှပြန်လည်ဆုတ်ခွာသွားသော ဂျပန်များသည် စာကြည့်တိုက်အဆောက်အအုံကိုဖောက်ခွဲဖျက်ဆီးခဲ့ရာ စာကြည့်တိုက်အဆောက်အအုံအမိုးများမရှိဘဲ စာအုပ်ထားသိုခန်းနှင့်စာအုပ်စင်များ မီးလောင်မှုကြောင့် ကောက်ကွေ့ကျိုးပျက်ခဲ့ပြီး စာကြည့်တိုက်အဝင်အဝ အခန်းကြမ်းပြင်သည် ပြိုကျခဲ့သည်။ စာအုပ်များမီးလောင်ကျွမ်းမှုကြောင့် ပြာပုံအတိကျန်ရစ်ခဲ့သည်။ သံမဏိဗီရိုအတွင်း သိမ်းဆည်းထားသော ပေပုရပိုက်များသည် ပြာခဲများဖြစ်နေခဲ့သည်။ ဒုတိယကမ္ဘာစစ်တွင် ရန်ကုန်မြို့သာမက ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် စုဆောင်းထားရှိသော စာအုပ်စာတမ်းများအားလုံးနီးပါး ဝါးမျိုဖျက်ဆီးခံခဲ့ရသည်။

၁၉၃၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက် အဆောက်အအုံတည်ဆောက်ပြီးချိန်၌ မြန်မာအမျိုးသားထဲမှ ပထမဆုံးစာကြည့်တိုက်ပညာဘွဲ့ရရှိထားသော ဆရာဦးခင်ဇော်သည် ရန်ကုန်တက္ကသိုလ်၏ ပထမဆုံးအမြဲတမ်း စာကြည့်တိုက်မှူးဖြစ်ခဲ့သည်။ ဆရာကြီးစုဆောင်းခဲ့သော စာပေရတနာသိုက်ကြီးသည် စစ်အတွင်း၌ ဖျက်ဆီးခံခဲ့ရသည်။ စစ်ကြီးပြီးချိန်တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ပြန်လည်တည်ထောင်ခဲ့သော ဆရာဦးသိန်းဟန်(ဆရာဇော်ဂျီ)သည် ၁၉၄၆ ခုနှစ်တွင် စာကြည့်တိုက်မှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ဆရာ ဦးသိန်းဟန် (ဆရာဇော်ဂျီ) တာဝန်ထမ်းဆောင်နေစဉ် ၁၉၆၄ ခုနှစ်တွင် စနစ်သစ်ပညာရေးစနစ်မူဝါဒအရ တက္ကသိုလ်၊ ကောလိပ်များအားလုံး ကိုယ်စားပြုသည့် စာကြည့်တိုက်ကြီးတစ်ခုကို ဖွဲ့စည်းတည်ထောင်မှုဖြင့် ရန်ကုန်တက္ကသိုလ်ကို တက္ကသိုလ်များဗဟိုစာကြည့်တိုက်ဟု ပြောင်းလဲခေါ်ဆိုခဲ့သည်။ ၁၉၆၇ ခုနှစ်တွင် ပြုပြင်ဖွဲ့စည်းမှုအရ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်ဟူ၍ စာကြည့်တိုက်နှစ်ခုကပ်လျက် သီးခြားယှဉ်တွဲပြီး ပေါ်ထွန်းလာခဲ့သည်။ ဆရာကြီးဦးသော်ကောင်းသည် တက္ကသိုလ်များဗဟိုစာကြည့်တိုက်တွင် စာကြည့်တိုက်မှူးတာဝန်ကို ထမ်းဆောင်ခဲ့ပြီး ၁၉၈၇ ခုနှစ်တွင် ဒေါ်မြင့်မြင့်ခင်က ရန်ကုန်တက္ကသိုလ်၏ စာကြည့်တိုက်မှူးအဖြစ် ပထမဆုံးတာဝန်ယူ၍ ၁၉၉၄ ခုနှစ်အထိ ထမ်းဆောင်ခဲ့သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှူးတာဝန်ကို ဆရာဦးသိန်းဟန်(ဆရာဇော်ဂျီ)သည် ၁၉၆၈ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ဆရာကြီး ဒေါက်တာစည်သူသော်ကောင်းက စာကြည့်တိုက်မှူးတာဝန်ကို ဆက်လက်ထမ်းဆောင်၍ စာကြည့်တိုက်လုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်မှုဖြင့် စာအုပ်စာတမ်းများတိုးတက်များပြားခဲ့သည်။ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကို ၁၉၈၇ ခုနှစ်တွင် အသစ်တစ်ဖန် ပြန်လည်ဖွင့်လှစ်ချိန်တွင် စာကြည့်တိုက်မှူးအဖြစ် ဒေါ်မြင့်မြင့်ခင်က စတင်တာဝန်ယူခဲ့ပြီး ၁၉၉၅ ခုနှစ်မှစ၍ ဆရာဦးမြတ်စိုး၊ ဦးကျော်ဝင်း၊ ဒေါ်ခင်နှင်းဦး၊ ဒေါက်တာလှိုင်လှိုင်ကြီး၊ ဒေါ်သင်းသင်းစိုးတို့ အသီးသီးတာဝန်ထမ်းဆောင်ခဲ့ကြကာ ယနေ့အချိန်တွင် ဒေါ်သန်းသန်းဌေးက တာဝန်ယူထမ်းဆောင်လျက်ရှိသည်။

ယနေ့အချိန် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် မြန်မာစာအုပ် ၈၁၈၆၈ အုပ်၊ အင်္ဂလိပ်စာအုပ် ၄၈၆၀၉ အုပ်၊ စာနယ်ဇင်း ၂၈ မျိုးနှင့် ပေစာ ၁၈၈ ကျမ်းတို့ စုဆောင်းထားရှိခဲ့ပြီး တစ်နှစ်ထက်တစ်နှစ် စာအုပ်စာတမ်းများတိုးတက်စုဆောင်းလာလျက်ရှိသည်။ စာဖတ်သူတို့အား စာကြည့်တိုက်အတွင်း ဖတ်ရှုသည့် သမားရိုးကျစနစ်နှင့် Electronic စနစ်တို့ဖြင့် ဝန်ဆောင်မှုနှစ်မျိုးပေးထားသည်။ သမားရိုးကျစနစ်၌ ကတ်တလောက်စနစ်၊ စာဖတ်သူနှင့်စာအုပ်များရင်းနှီးမှုရှိစေရန် အသစ်ဝယ်ယူထားသော ပညာရပ်ဆိုင်ရာစာအုပ်များနှင့် ဗဟုသုတဖြစ်ဖွယ်စာအုပ်များကို စင်ဖွင့်စနစ်အသုံးပြုထားခြင်း၊ စာအုပ်အသစ်များအားဖတ်ရှုနိုင်ရန် Display ပြသပေးခြင်း၊ စာဖတ်သူများတောင်းဆိုပါက စာအုပ်များထားသိုခန်းအတွင်း ကိုယ်တိုင်ရှာဖွေလေ့လာနိုင်ခြင်း၊ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်၏ ကြေညာဘုတ်တွင် ဖော်ပြပေးထားသည့်အပြင် စာကြည့်တိုက်၏ Facebook မှ New Arrival စာအုပ်များကိုကြေညာပေးခြင်း၊ Library Orientation များပြုလုပ်ပေးခြင်းတို့ဖြင့် ကျောင်းသား၊ ကျောင်းသူများနှင့် စာဖတ်သူများ စာဖတ်ရှိန်မြင့်မားစေရန် ဆောင်ရွက်ပေးလျက်ရှိသည်။ ယခုအခါ ကျမ်းစာအုပ်များနှင့်သုတေသနစာစောင်များကို ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင် ဖတ်ရှုလေ့လာနိုင်လျက်ရှိသည်။ စာပေဖတ်ရှုသူများသိလိုသော အထောက်အထားနှင့် အချက်အလက်အချို့များ စာကြည့်တိုက်တွင်မရှိပါက စာကြည့်တိုက်အချင်းချင်း စာပေပစ္စည်းခွဲဝေသုံးစွဲမှုစနစ် (Resources Sharing System) ဖြင့်အခြားသောစာကြည့်တိုက်များထံ ဆက်သွယ်ကူညီရှာဖွေပေးလျက်ရှိပြီး စာပေအချက်အလက်ဆိုင်ရာ

**စာမျက်နှာ ၁၄ သို့** ■

■ စာမျက်နှာ ၁၃ မှအဆက်

ပညာရှင်များနှင့် တွေ့ဆုံမေးမြန်းနိုင်ရန် စီမံဆောင်ရွက်ပေးလျက်ရှိကာ စာကြည့်တိုက်ဝန်ဆောင်မှုအား နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ရုံးဖွင့်ရက်အပြင် စနေနေ့တွင်လည်း နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ဖွင့်လှစ်ပေးထားလျက်ရှိသည်။

Open Society Foundation ၏အဆင့်မြင့်ပညာရေးအထောက်အကူပြုအစီအစဉ်ဖြစ်သော Electronic Information for Libraries(EIFL) Project အား ၂၀၁၄ ခုနှစ် ဇန်နဝါရီလတွင် စတင်ခဲ့သည်။ ထို Project သည် ပညာရပ်မျိုးစုံပါဝင်သော Online database ပေါင်း ၃၅ ခုဖြင့် ရန်ကုန်တက္ကသိုလ်နှင့် မန္တလေးတက္ကသိုလ်တို့တွင် အသုံးပြုနိုင်ခဲ့သည်။ ဒဂုံတက္ကသိုလ်နှင့် စီးပွားရေးတက္ကသိုလ်(ရန်ကုန်)တို့တွင်လည်း အသုံးပြုနိုင်ခဲ့သည်။ e-Journal ပေါင်း ၁၀၀၀၀ ကျော်၊ e-book ပေါင်း ၁၃၀၀၀၀ ကျော်ကို သင်ကြားရေးနှင့် သုတေသနပြုရေးတို့အတွက် အဆင့်မြင့်အရည်အသွေးရှိသော နိုင်ငံတကာဂျာနယ်၊ ဆောင်းပါး၊ မဂ္ဂဇင်းများကို Electronic Library အသွင်ဖြင့် Online မှတစ်ဆင့် ဖတ်ရှု၊ ကိုးကား အသုံးပြုလျက်ရှိသည်။ Database ၃၅ ခုကို စုစည်းထားပြီး EBSCO Discovery Service (EDS)မှတစ်ဆင့် အသံဖိုင်၊ ဗီဒီယိုဖိုင်၊ ရုပ်ပုံများ၊ သတင်းစာအဆောင်ရေ ၄၀ ကျော်နှင့် ရည်ညွှန်းစာအုပ်များဖြင့် တက္ကသိုလ်ဆိုင်ရာ ပညာရတနာသိုက်တစ်ခုအဖြစ် ထိန်းသိမ်းထားလျက်ရှိသည်။ ထို Online Database တို့ကို မည်ကဲ့သို့အသုံးပြုပုံနှင့် ရှာဖွေမှုတို့ကို စဉ်ဆက်မပြတ် သင်တန်းများပေးလျက် အသုံးပြုနိုင်ရန် ဝန်ဆောင်မှုများပေးလျက်ရှိသည်။ မြန်မာနိုင်ငံဆိုင်ရာ ရှားပါးစာအုပ် ၁၈၈ အုပ်နှင့် ပညာရပ်ဆိုင်ရာ e-books ၃၅၀၀ ကျော်ဖြင့် ဝန်ဆောင်မှုပေးနေပြီး လိုအပ်သော အချက်အလက်များကို CD ဖြင့်ကူးပေးခြင်းနှင့် စာဖတ်သူတို့သိလိုသည်များကို တယ်လီဖုန်း၊ e-mail၊ facebook တို့မှပြန်လည်ဖြေကြားပေးလျက်ရှိသည်။ Electronic စနစ်တွင် Electronic Library Management System(ELIB)ဖြင့် အင်္ဂလိပ်၊ မြန်မာစာ၊ ကျမ်းစာ၊ ပေစာနှင့် စာနယ်ဇင်းအမျိုးမျိုးတို့ကို ထည့်သွင်းထားသဖြင့် စာပေဖတ်ရှုသူတို့လိုအပ်သော စာအုပ်အမျိုးအစားများကို အချိန်တိုအတွင်းရှာဖွေဖတ်ရှုနိုင်လျက်ရှိသည်။

မြန်မာနိုင်ငံတွင်ရှိသော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်နှင့် တက္ကသိုလ်များဗဟိုစာကြည့်တိုက်တို့တွင် ထိန်းသိမ်းထားရှိသော စာအုပ်စာပေမှတ်တမ်း၊ ပုရပိုက်များနှင့်ဒေတာအချက်အလက်များသည် နိုင်ငံအတွက်တန်ဖိုးဖြတ်၍မရသော မြန်မာ့စာပေယဉ်ကျေးမှုအမွေအနှစ်တို့စုဝေးရာ အမြုတေများဖြစ်သည်။ ကမ္ဘာ့နိုင်ငံများရှိတက္ကသိုလ်များတွင်လည်း စာကြည့်တိုက်များအသီးသီးရှိကြရာ စာပေ၊ယဉ်ကျေးမှုနှင့်အတူ ရှေးဟောင်းအဆောက်အအုံအမွေအနှစ်တို့ကို နိုင်ငံ၏အမျိုးသားအမွေအနှစ်တစ်ခုအဖြစ် ထိန်းသိမ်းစောင့်ရှောက်ခြင်းဖြင့် ဂုဏ်ယူကြလျက်ရှိသည်။

## ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက်များ

ယနေ့ကမ္ဘာသည် နည်းပညာတိုးတက်လာသည်နှင့်အမျှ စာပေထက် စမတ်ဖုန်းနှင့်ကွန်ပျူတာကို တွင်ကျယ်စွာအသုံးပြုလာလျက်ရှိသည်။ "စာအုပ်စာပေ လူ့မိတ်ဆွေ" ဟူသော ရှေးစကားနေရာတွင် "အင်တာနက်ကမ္ဘာ နစ်မျောရှာ" ဟု ဆိုရမလိုဖြစ်နေသည်။ ထို့ကြောင့် ကမ္ဘာ့ခေါင်းဆောင်များသည်နိုင်ငံသားများစာပေဆိုင်ရာဖတ်ရှုလေ့လာနိုင်ရန် တိုက်တွန်းအားပေးကြလျက်ရှိသည်။ မြန်မာနိုင်ငံတွင်လည်း စာပေဖတ်ရှုမှုထက် အင်တာနက်ဖြင့် ဖုန်းအသုံးပြုသော ယဉ်ကျေးမှုသည် သက်ကြီးရွယ်အိုမှစ၍ ထိုင်တတ်စကလေးအရွယ်အထိ စွဲမြဲစွာအသုံးပြုလာကြလျက်ရှိသည်။ ထို့ကြောင့် နိုင်ငံတော်မှ စာပေဖတ်ရှုလေ့လာရန် တွန်းအားတစ်ရပ်အနေဖြင့် အစဉ်ကြိုးပမ်းဆောင်ရွက်နေခြင်းဖြစ်သည်။ စာကောင်းပေမွန်များသည် စာကြည့်တိုက်များအတွင်း တည်ရှိနေပြီး ထိုစာပေများကို လေ့လာဖတ်ရှုခြင်း၊ စာတမ်းများရေးသားပြုစုခြင်းနှင့် ကျမ်းပြုစုခြင်းတို့ဖြင့် ပညာရည်ထူးချွန်ထက်မြက်သောဘဝကို ပိုင်ဆိုင်နေကြခြင်းဖြစ်သည်။ စာပေထက်မြက်ခြင်းသည် အရာရာကို လွှမ်းမိုးကြီးစိုးနိုင်သော အသိပညာကိုပေးစွမ်းခြင်းဖြစ်ရာ ထိုသို့ပေးစွမ်းနေသော သာဓကများအဖြစ် ကမ္ဘာ့စာကြည့်တိုက်များက မီးမောင်းထိုးပြလျက်ရှိသည်။ ထို့ကြောင့် စာကြည့်တိုက်များကို ကမ္ဘာကြီး၏ ပြတင်းပေါက်များဟု အသိအမှတ်ပြုထားခြင်းဖြစ်သည်။

### The British Library

The British Library သည် အင်္ဂလန်နိုင်ငံ လန်ဒန်မြို့၌တည်ရှိပြီး ၁၉၇၂ ခုနှစ်တွင် တည်ဆောက်ခဲ့၍ ကမ္ဘာပေါ်တွင် အကြီးဆုံးစာကြည့်တိုက်ကြီးဖြစ်သည်။ ထိုစာကြည့်တိုက်ကြီးတွင် Karl Marx၊ Oscar Wide နှင့် Mahatma Gandhi စသည့် ကမ္ဘာကျော်ပုဂ္ဂိုလ်များ စာပေလေ့လာလိုက်စားခဲ့သော စာကြည့်တိုက်ကြီးဖြစ်သည်။ စာကြည့်တိုက်တွင် ရှေးဟောင်းနှင့် ကာလပေါ်စာအုပ်စာပေများအပြင် ကမ္ဘာ့နိုင်ငံအသီးသီး၏ စာပေမှတ်တမ်း သန်း ၁၇၀ မှ သန်း ၂၀၀ ကြား စုဆောင်းထားရှိသည့် စာကြည့်တိုက်ကြီးဖြစ်သည်။ ကမ္ဘာ့အကြီးဆုံး စာကြည့်တိုက်ကြီးတွင် ဂူတင်ဘတ်၏ သမ္မာကျမ်းစာနှစ်အုပ်၊ လီယိုနာရို ဒါဗင်ချီ၏ ရှားပါးမှတ်စုစာအုပ်တစ်အုပ်ကိုလည်း စုဆောင်းထားရှိသည်။

### Library Of Congress

Library Of Congress စာကြည့်တိုက်သည် အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့၌တည်ရှိပြီး ကမ္ဘာ့ဒုတိယအကြီးဆုံး စာကြည့်တိုက်တစ်ခုဖြစ်သည်။ ၁၈၀၀ ပြည့်နှစ်ခန့်တွင် ဖွင့်လှစ်ခဲ့ပြီး ကမ္ဘာ့နိုင်ငံအသီးသီး၏ စာပေမှတ်တမ်းများစွာ စုစည်းထားရှိသော စာကြည့်တိုက်ကြီးတစ်ခုဖြစ်သည်။ အဆိုပါစာကြည့်တိုက်အတွင်း နာမည်ကျော် Stradivarius ၏ တယောနှင့် ရှားပါးစာအုပ်များ၊ ရုပ်ပုံကားချပ်များ ပြသထားပြီး ဘာသာစကား ၄၅၀ ခန့် ရေးသားထား၍ စာအုပ်စာပေ ၃၉ သန်းခန့်ထားရှိသည်။ ရှားပါးစာအုပ် ရှစ်သိန်းခန့်ရှိပြီး အမေရိကန်လွတ်လပ်ရေးကြေညာစာတမ်း၊ ကမ္ဘာပေါ်တွင် သုံးအုပ်တည်းသာရှိသည့် ၁၅ ရာစုထုတ် ဂူတင်ဘတ်သမ္မာကျမ်းစာနှင့် ၁၆၄၀ ပြည့်နှစ်ထုတ် ကျမ်းစာအုပ်ကိုလည်း ထိန်းသိမ်းထားရှိသည်။ ကမ္ဘာပေါ်တွင် စတုတ္ထအကြီးဆုံး စာကြည့်တိုက်ဖြစ်သည့် New York Public Library စာကြည့်တိုက်ကြီးသည်လည်း အမေရိကန်နိုင်ငံ နယူးယော့ခ်မြို့ Manhattan တွင် ဖွင့်လှစ်ထားရှိလျက်ရှိသည်။

### Shanghai Library

Shanghai Library သည်ကမ္ဘာပေါ်တွင် တတိယအကြီးဆုံး စာကြည့်တိုက်ကြီးဖြစ်ပြီး တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ၃၈၄ ပေမြင့်သည့် ၂၄ ထပ်အဆောက်အအုံတွင် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ၁၉၂၅ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သော ရှန်ဟိုင်းအရှေ့စာကြည့်တိုက်အပါအဝင် စာကြည့်တိုက်များစွာပူးပေါင်း၍ ပြန်လည်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ စာကြည့်တိုက်ကြီးတွင် ရှန်ဟိုင်းသိပ္ပံနှင့်နည်းပညာကျောင်းကိုလည်း ဖွင့်လှစ်ထားပြီး ရှားပါးစာအုပ်များအပြင် ကမ္ဘာ့နိုင်ငံများမှ ဘာသာစကားပေါင်းစုံနှင့် စာအုပ်ပေါင်းများစွာ ထိန်းသိမ်းထားရှိ၍ စာအုပ်စာပေပေါင်း ၅၆ သန်းခန့် စုဆောင်းထားရှိသည်။

### The Joe and Rika Mansueto စာကြည့်တိုက်

ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်စာကြည့်တိုက်များတွင်ပါဝင်သော University of Chicago တွင်ရှိသည့် The Joe and Rika Mansueto စာကြည့်တိုက်ကို ၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့ပြီး အဆောက်အအုံဗိသုကာလက်ရာများသည် Modernized ဖြစ်သောကြောင့် ခေတ်မီဆန်းသစ်လျက်ရှိသည်။ အဆောက်အအုံအမိုးကိုဖန်သားပြင်ဖြင့် တည်ဆောက်ထားပြီး ညပိုင်းစာကြည့်ချိန်နှင့် မိုးရွာနေချိန် တို့တွင် မိုးကောင်းကင်၏သဘာဝအလှကို တိုက်ရိုက်တွေ့မြင်ရသည့်အတွက် စာပေဖတ်ရှုမှုစွမ်းရည်မြှင့်တင်ခြင်းကို အထောက်အပံ့ဖြစ်စေလျက်ရှိသည်။ စာကြည့်တိုက်အတွင်းဖတ်ရှုလိုသော စာအုပ်၊ စာတမ်းများကို မြန်ဆန်လွယ်ကူစွာဖတ်ရှုနိုင်ရန် Robotic Cranes များထား၍ ရှာဖွေဖတ်ရှုမှုတွင် အဆင်ပြေမြန်ဆန်စေလျက်ရှိသည်။

### Hachioji Library စာကြည့်တိုက်

ဂျပန်တက္ကသိုလ် Tama Art University တွင်ရှိသော Hachioji Library စာကြည့်တိုက် အဆောက်အအုံ၏ ဗိသုကာလက်ရာမှာ ဥရောပပုံစံလက်ရာဖြစ်ပြီး အင်္ဂတေမျက်နှာကြက်အခုံးများဖြင့် အလှဆင်ထားပြီး ယခင်ခေတ်ကအဆောက်အအုံအား ခေတ်မီအဆောက်အအုံအဖြစ် ပြန်လည်မွမ်းမံထားသော စာကြည့်တိုက်အပြင်အဆင်ကဲ့သို့ ထူးခြားလှပလျက်ရှိသည်။ စာအုပ်စာပေစုံလင်စွာ ကမ္ဘာ့အကောင်းဆုံး စာကြည့်တိုက်တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

### Johns Hophins University မှ George Peabody Library

ခေတ်မီအိုင်တီနည်းပညာခေတ်တွင် စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ နှစ်ပေါင်း ၂၀၀ ကျော်ကတည်ဆောက်ခဲ့သော စာကြည့်တိုက်များကို ပြန်လည်ပြုပြင်မွမ်းမံ၍ ထိန်းသိမ်းစောင့်ရှောက်လျက်ဖွင့်လှစ်ထားသော စာကြည့်တိုက်အိုကြီးများ၏ ကျော်ကြားမှုကိုလည်း ယနေ့ခေတ်တက္ကသိုလ်စာကြည့်တိုက်များ ယှဉ်ပြိုင်ရန် မဝံ့မရဲဖြစ်နေသည်မှာ ဆန်းကြယ်လှသည်မဟုတ်ပေ။ အမေရိကန်နိုင်ငံ၌ ၁၈၇၈ ခုနှစ်တွင် တည်ရှိခဲ့သော Johns Hophins University မှ George Peabody Library သည် မှတ်တမ်းသုတေသနဟောင်းများစွာ သိုမှီးထိန်းသိမ်းထားသော ကမ္ဘာ့တက္ကသိုလ်စာကြည့်တိုက်များတွင် တစ်ခုအပါအဝင်ဖြစ်သည်။

### University of Coimbra မှ The Joanine Library

University of Coimbra မှ The Joanine Library သည်လည်း ရှေးကျသော စာကြည့်တိုက်တစ်ခုဖြစ်ပြီး အဆိုပါစာကြည့်တိုက်ကြီးအား ၁၈ ရာစုတွင် ပေါ်တူဂီဘုရင် King John V အမိန့်ဖြင့် တည်ဆောက်ခဲ့ရာ ပေါ်တူဂီနိုင်ငံ၏ အမွေအနှစ်တစ်ခုလည်း ယနေ့တိုင် ထိန်းသိမ်းထားရှိလျက်ရှိသည်။

### ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်စာကြည့်တိုက်

ကမ္ဘာပေါ်တွင် ကမ္ဘာ့အကြီးဆုံးစာကြည့်တိုက်များ ဂုဏ်ယူဖွယ်တည်ရှိသည့်အပြင် ကမ္ဘာ့အကောင်းဆုံး တက္ကသိုလ်များလည်း တည်ရှိလျက်ရှိသည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ၏ ရတနာများစုဝေးရာ ရတနာသိုက်ကြီးလည်းဖြစ်သည်။

### ဟားဗတ်စာကြည့်တိုက်

ကမ္ဘာ့အကောင်းဆုံးတက္ကသိုလ်ဖြစ်သည့် ဟားဗတ်တက္ကသိုလ်တွင် ကမ္ဘာ့အကောင်းဆုံး စာကြည့်တိုက်များ တည်ရှိနေခြင်းသည် ထူးခြားမှုမဟုတ်သော်လည်း ထိုစာကြည့်တိုက်များအတွင်း၌ ရှားပါးစာအုပ်များ၊ ရှားပါးဓာတ်ပုံများနှင့် ရှားပါး Collection များသည် အံ့သြဖွယ်ထူးခြားမှုတစ်ခုပင်ဖြစ်သည်။ ဟားဗတ်စာကြည့်တိုက်ကို ၁၆၃၈ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ယခုဆိုလျှင် နှစ်ပေါင်း ၃၈၇ နှစ် သက်တမ်းရှိခဲ့ပြီဖြစ်သည်။ ဟားဗတ်စာကြည့်တိုက်သည် အမေရိကန်ပြည်ထောင်စုတွင် သက်တမ်းအရင့်ဆုံး တက္ကသိုလ်စာကြည့်တိုက်တစ်ခုဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး Academic စာကြည့်တိုက်ကြီးတစ်ခုဖြစ်သည်။ အွန်လိုင်းနှင့်ငွားရမ်းဖတ်ရှုလေ့လာနိုင်သော ပညာရပ်ဆိုင်ရာ စာအုပ်များစွာရှိပြီး Digitized ဖြင့်ပြုလုပ်ထားသော Item ပေါင်းခြောက်သန်းကျော်ရှိကာ လက်ရေးမူဖြင့် သန်း ၄၀၀ ကျော်ပြုစုထားသည်။ ထို့ပြင် Digital Image ပေါင်း သန်းချီပိုင်ဆိုင်ထားသောကြောင့် စာအုပ်စာတမ်း ကြွယ်ဝမှုတွင် ဟားဗတ်စာကြည့်တိုက်၏တန်ဖိုးသည် တန်ဖိုးဖြတ်၍မရကြောင်းကို တွေ့မြင်ရမည်ဖြစ်သည်။ အထူးသဖြင့် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀၀ ကျော်က လူသားတို့၏ သိပ္ပံဆိုင်ရာတွေ့ရှိချက်များကို ရေးသားပြုစုထိန်းသိမ်းထားရာ စာကြည့်တိုက်ကြီးတစ်ခုဖြစ်၍ ကမ္ဘာ့ရတနာသိုက်ကြီးသဖွယ် တင်စားခေါ်ဝေါ်ကြခြင်းဖြစ်သည်။

အမေရိကန်နိုင်ငံတွင် တည်ရှိသော University of Chicago ၏ The Joe and Rika Mansueto Library သည် ခေတ်မီသော ဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားပြီး ၂၀၁၁ ခုနှစ်တွင် ဖွင့်လှစ်ခဲ့၍ စာအုပ်စာပေများစွာ သိုမှီးထားသော မှန်သားအမိုးဖြင့်တည်ဆောက်ထားသည့်တက္ကသိုလ်စာကြည့်တိုက်တစ်ခုအဖြစ် ကျော်ကြားလျက်ရှိသည်။ ဂျပန်နိုင်ငံတွင်ရှိသော Tama Art University ၏ Hachioji Library တက္ကသိုလ်စာကြည့်တိုက်သည် နိုင်ငံ၏ ဂုဏ်ယူဖွယ် စာကြည့်တိုက်တစ်ခုအဖြစ်တည်ရှိလျက်ရှိပြီး ရှေးစာပေများပါမကျန် စုဆောင်းထားရှိသော စာကြည့်တိုက်တစ်ခုအဖြစ် ဖွင့်လှစ်လျက်ရှိကာ စာကြည့်တိုက်အဆောက်အအုံကို ဥရောပဗိသုကာလက်ရာများဖြင့် တည်ဆောက်ထားသည်၊ အမေရိကန်ပြည်ထောင်စုတွင် Johns Hopkins University ၏ George Peabody Library၊ ပေါ်တူဂီနိုင်ငံ University of Coimbra ၏ The Joanina Library တို့သည် ၁၈ ရာစုတွင်တည်ဆောက်ခဲ့သော စာကြည့်တိုက်များဖြစ်ပြီး ယနေ့တွင် ခေတ်မီစာပေများအပြင် သုတေသနအတွက် ရှေးဟောင်းစာပေများ ထိန်းသိမ်းထားရှိရာ စာပေဘဏ်တိုက်ကြီးများအဖြစ် တည်ရှိလျက်ရှိသည်၊ ကမ္ဘာ့တက္ကသိုလ်များတွင် စာကြည့်တိုက်ကိုယ်စီရှိကြပြီး စာပေအသိမြင့်မားမှုမှ နည်းပညာခေတ်မီတိုးတက်သောခေတ်သို့ တဖြည်းဖြည်း တက်လှမ်းလာကြလျက်ရှိသည်။ အမေရိကန်၊ တရုတ်၊ ရုရှားနှင့် အိန္ဒိယစသည့် ကမ္ဘာ့အင်အားကြီးနိုင်ငံတို့တွင် ကမ္ဘာ့စာကြည့်တိုက်များဖွင့်လှစ်ထားရှိပြီး ခေတ်မီတိုးတက်လာခြင်းသည် စာပေလေ့လာဖတ်ရှုမှု၊ သင်ကြားမှုတန်ဖိုးပေါ်မူတည်၍ ဖွံ့ဖြိုးလာခြင်းဖြစ်သည်။

### စံပြုထိုက်သော စာကြည့်တိုက်ကြီးတစ်ခုအဖြစ်

တစ်ချိန်က အရှေ့တောင်အာရှ၌ ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီးတွင် စာပေပညာရပ်များကိုလေ့လာ၍ ရန်ကုန်တက္ကသိုလ်ကြီးတွင် ဥရောပနှင့်အာရှသားများ ပညာဆည်းပူးခဲ့ကြသည်။ ရန်ကုန်တက္ကသိုလ်သည် နိုင်ငံ့ဂုဏ်ဆောင်တက္ကသိုလ်ကြီးတစ်ခုအဖြစ်သင်းပျံ့ခဲ့ပြီး ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်သည်လည်း ကမ္ဘာ့စာပေများစုဝေးရာ ရတနာဘဏ်တိုက်ကြီးပမာ ကျော်ကြားခဲ့သည်။ စာပေသည် နိုင်ငံတစ်နိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုနှင့် အမျိုးသားယဉ်ကျေးမှုလက္ခဏာကို ထုတ်ဖော်ပြသခြင်းဖြစ်၍ နှစ်ပေါင်း ၉၂ နှစ်တိုင်တည်ရှိခဲ့သော ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ကြီး ဆက်လက်အဓွန့်ရှည်တည်တံ့လျက် အရှေ့တောင်အာရှတွင် စံပြုထိုက်သော စာကြည့်တိုက်ကြီးတစ်ခုအဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း ရေးသားလိုက်ပါသည်။ ။

ညောင်ဦးဖိုး



သီတဂူဆရာတော်ဘုရားကြီးထံမှ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြစဉ်။

# ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင် စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများဘက်စုံပြုပြင် မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**နေပြည်တော် ဇွန် ၃**

ငလျင်ဒဏ်ကြောင့်ပြိုကျပျက်စီးခဲ့သော စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းမြို့၊ စစ်ကိုင်းတောင်ရိုးရှိ ဆွမ်းဦးပုညရှင်စေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများ ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်ခြင်းလုပ်ငန်းများအတွက် ဆရာတော်ကြီးများအား လျှောက်ထားခြင်းနှင့် ဆုံးမဩဝါဒခံယူခြင်းကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်မြတ်ကြီး၌ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ၊ ရွှေကျင်နိကာယဥက္ကဋ္ဌ သောဌသမ ရွှေကျင်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များနှင့် သီတဂူဆေးရုံတော်များ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ သီတဂူဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တဉာဏိဿရ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တက်ရောက်လာကြသူများက သီတဂူဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူများက သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့် တာဝန်ရှိသူတစ်ဦးတို့က ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဝင်များနှင့် စေတနာရှင်ပြည်သူများက စုပေါင်းဖယ်ရှားရှင်းလင်းပြီးစီးမှုများနှင့် ဘက်စုံပြုပြင်မွမ်းမံပြင်ဆင်တည်ဆောက်မည့်လုပ်ငန်းအစီအမံများကို ဆရာတော်ကြီးများထံ ရှင်းလင်းလျှောက်ထားတင်ပြကြပြီး ဩဝါဒခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

# ညောင်ရွှေမြို့နယ်နှင့် အမရပူရမြို့နယ်တို့၌ မန္တလေးငလျင်ကြီးလှုပ်ခတ်မှုကြောင့် ပြိုကျပျက်စီးသွားသည့်နေရာများအား ဖယ်ရှား ရှင်းလင်းပြီးစီးမှုနှင့် ပြန်လည်ပြုပြင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများအား ကြည့်ရှုစစ်ဆေး



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စွယ်တော်မြတ်စေတီတော်ကြီးအတွက် အလှူငွေများပေးအပ်လှူဒါန်းစဉ်။




အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ငလျင်ဒဏ်သင့်ဒေသခံပြည်သူများအတွက် အဆောက်အအုံနှင့်စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းစဉ်။

**နေပြည်တော် ဇွန် ၃**

ညောင်ရွှေမြို့နယ်၊ သာလေးကျေးရွာအုပ်စု၊ နမ်းဟူးကျေးရွာရှိ ဖောင်တော်ဦးမြတ်စွာဘုရား ရတနာစံကျောင်း၌ စက်ယန္တရားကြီးများဖြင့် မြေထိန်းနံရံများ ပြုလုပ်ဆောင်ရွက်နေမှုများ၊ ဖောင်တော်ဦးဘုရားကျောင်းဆောင်နှင့် ရင်ပြင်တော် Soil Test တူးဖော်ပြီးစီးမှုနှင့် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး ဆောင်ရွက်နေမှုများကို အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့်အဖွဲ့ဝင်များက ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းမှူးသည် ငလျင်ဒဏ်သင့်ဒေသခံပြည်သူများအတွက် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ဆောက်လုပ်လှူဒါန်းသည့် နေအိမ်များပေးအပ်လှူဒါန်းပွဲသို့တက်ရောက် အမှာစကားပြောကြား၍ ငလျင်ဒဏ်သင့်ဒေသခံပြည်သူများအတွက် အဆောက်အအုံနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်လှူဒါန်းပြီး ဇရပ်ကြီးကျေးရွာရှိဆောက်လုပ်ပြီးစီးသည့် ဒေသခံပြည်သူတစ်ဦး၏ နေအိမ်သို့ သွားရောက်ကြည့်ရှုသည်။

၎င်းနောက်တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် ကေလာကျေးရွာအုပ်စု၊ ကေလာကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကျောင်းသား၊ ကျောင်းသူများအား စာသင်ကြားပို့ချနေမှုများနှင့် ယာယီကျောင်းအဆောက်အအုံဆောက်လုပ်သည့် နေရာများကိုကြည့်ရှု၍ ဆရာ၊ ဆရာမများအတွက် ချီးမြှင့်ငွေများပေးအပ်ပြီး ဇရပ်ကြီးကျေးရွာ၊ ကေလာကျေးရွာရှိဒေသခံနေအိမ်အဆောက်အအုံများအား ပြန်လည်ပြုပြင်တည်ဆောက်ခြင်းအခြေအနေများကိုကြည့်ရှုကြသည်။

အလားတူ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကိုထိုက်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အမရပူရမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်၌ ငလျင်ဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများအား ဖယ်ရှားရှင်းလင်းခြင်းနှင့် ပြန်လည်ပြုပြင်နိုင်ရေးဆောင်ရွက်နေမှုများ၊ စေတီတော်၏ ဂန္ဓကုဋိတိုက်အတွင်း ကြံ့ခိုင်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေး၍ အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

➩ **ရှေ့ဖုံးမှအဆက်**

ထုတ်ပြန်ထားရာ ရေထွက်ကုန်များ မွေးမြူထုတ်လုပ်လျက်ရှိသည့် ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိ ငါးမွေးကန်များ ရေကြီးနစ်မြုပ်မှုမှကာကွယ်နိုင်ရေး ကြိုတင်သတိပေးချက်များ ထုတ်ပြန်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ သိရသည်။

"လက်ရှိမှာတော့ ငါးမွေးတောင်သူတွေဆီက သတင်းမကြားရသေးပါဘူး။ မိုးလေဝသ သတင်းရရှိမှုအပေါ်မူတည်ပြီး ငါးလုပ်ငန်းအဖွဲ့ချုပ်အနေနဲ့ သတင်းထုတ်ပြန်ဖို့ရှိပါတယ်။ ရေတက်နိုင်တဲ့သတင်း တိတိကျကျရတာနဲ့ ချက်ချင်းထုတ်ပြန်ပေးသွားမှာပါ။ ရန်ကုန်နဲ့ ဧရာဝတီက ငါးကန်တွေ တစ်ကြိမ် ရေနစ်မြုပ်မှုရှိခဲ့ဖူးပါတယ်။ ပဲခူးတိုင်းကငါးကန်တွေလည်းမြုပ်ခဲ့တယ်။ ဧရာဝတီတိုင်းမှာ ငါးမွေးကန်ဧက နှစ်သိန်းဝန်းကျင်နဲ့ ရန်ကုန်တိုင်းမှာဧက ခုနစ်သောင်းကျော် စာရင်းအရ မွေးမြူရေးကန်တွေရှိနေပါတယ်။ အထူးသဖြင့် ပဲခူးတိုင်းက ကန်တွေလည်း ဂရုပြုဖို့လိုပါတယ်။ မြေနိမ့်ပိုင်းဖြစ်တဲ့အပြင် ပဲခူးမြစ်ဟာ ရေကြီးလေ့ရှိတာကြောင့် သတိပြုဖို့လိုပါတယ်"ဟု မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ အကြီးတန်းဒုတိယဥက္ကဋ္ဌ ဒေါက်တာတိုးနန္ဒာတင်က ပြောသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးမှ ငါး/ပုစွန်မွေးကန်များမှ ရေထွက်ကုန်များ နိုင်ငံတစ်ဝန်းသို့ နေ့စဉ်တင်ပို့လျက်ရှိပြီး ပြည်ပသို့လည်းတင်ပို့လျက်ရှိသည်။ ငါးမွေးမြူရေးကန်များ၌ ငါးမြစ်ချင်း၊ ငါးကြင်း၊ ငါးတန်၊ ငါးခေါင်းပွတို့ကို အဓိကမွေးမြူလျက်ရှိကာ ပုစွန်၊ ငါးမုတ်၊ ငါးခုံးမ၊ ငါးပြေမနှင့် တီလားဗီးယားငါးတို့ကို အနည်းငယ်မွေးမြူထုတ်လုပ်သည်။

"ငါးကန်တွေ ရေနစ်မြုပ်မှုကြုံရင် ဆုံးရှုံးမှုကြီးတတ်ပါတယ်။ မနှစ်က ဝါခေါင်လဆန်းနဲ့ လပြည့်ကျော်မှာ ရေကြီးခဲ့တယ်။ ငါးကန်ပေါင်ပေါ်မှာ ခါးလယ်အထိ ရေနစ်မြုပ်ခဲ့တော့ငါးမရခဲ့ဘူး။ ဒီနှစ်မှာ ကန်ပေါင်တွေထပ်မြှင့်ထားပြီး ကြိုတင်ပြင်ဆင်ထားတယ်၊ ရေကြီးတတ်တဲ့အချိန်ဟာ ဝါဆိုလပြည့်၊ ဝါခေါင်လပြည့်နဲ့ တော်သလင်းလပြည့်နေ့တွေဖြစ်ပြီး အစိုးရိမ်ရဆုံးလည်းဖြစ်ပါတယ်"ဟု ညောင်တုန်းမြို့မှ ငါးမွေးလုပ်ငန်းရှင်ဦးကျော်ကျော်ဦးက ပြောသည်။

မေလ ၂၇ ရက်က ဘင်္ဂလားပင်လယ်အော်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ဖြတ်သန်းတိုက်ခတ်ခဲ့သည့် မုန်တိုင်းငယ်၏အရှိန်ကြောင့် မြစ်ကြီးနားမြို့နှင့် ဟုမ္မလင်းမြို့တို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး ဧရာဝတီမြစ်ရေနှင့် ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေအမှတ်သို့မြင့်တက်ခဲ့ရာ အဆိုပါမြစ်ရေများ မြန်မာပြည်အောက်ပိုင်းမြို့များသို့ ၁၀ ရက်မှ ၁၃ ရက်ကျော်အတွင်း ရောက်ရှိနိုင်မှုကြောင့် မိုးသည်းထန်စွာရွာသွန်းချိန်၊ မြစ်နှစ်ခုမှရေများဆင်းလာချိန်နှင့် ဇွန်လ ၁၀ ရက် နယုန်လပြည့်နေ့ ဒီရေတက်ချိန်တို့တိုက်ဆိုင်ပါက ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့ရှိငါးကန်များရေကြီးနစ်မြုပ်နိုင်မှုကြောင့် ထိုသို့မဖြစ်ပေါ်စေရန် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှ ကြိုတင်ကာကွယ်ရေးနည်းလမ်းများကို အသိပေးထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဓာတ်ပုံ - ဖွဲ့မာန်၊ သစ္စာ**

# MSME လုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဆွေးနွေးပြီး ကွင်းဆင်းစစ်ဆေး

နေပြည်တော် ဇွန် ၃

MSME လုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီ ဇမ္ဗူသီရိခန်းမ၌ကျင်းပရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက တက်ရောက်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက MSME လုပ်ငန်းများနှင့် စက်မှုလက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို ဖြည့်စွက်မှာကြားသည်။

မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ ဒက္ခိဏသီရိမြို့နယ် စံပယ်လမ်း၌ ငလျင်ဘေးကြောင့် ထိခိုက်ပျက်စီးခဲ့သည့်လမ်းပိုင်းများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း၊ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ ငလျင်ဘေးကြောင့်ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးမှုများ ပြန်လည်ပြုပြင်နေမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား အမြန်ပြီးစီးအောင် ဆောင်ရွက်ရေး၊ ရေရှည်ခိုင်ခံ့မှုရှိအောင် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ် မြန်မာ့ရွှေသစ်သီးဝလံကုမ္ပဏီလီမိတက်၏ ဟင်းသီးဟင်းရွက်သစ်သီးဝလံများအား ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ပြီး ပြည်တွင်းမှ ပြည်ပသို့ ထုတ်လုပ်တင်ပို့ရောင်းချနေမှုအခြေအနေကိုလည်းကောင်း၊ လင်းစိန်ဆီစက်နှင့်ဆီထုပ်ပိုးမှုလုပ်ငန်းတွင် ငလျင်ဘေးထိခိုက်မှုကြောင့် ပြန်လည်ပြုပြင်နေမှုနှင့် စမ်းသပ်ထုတ်လုပ်လည်ပတ်နေမှုအခြေအနေကိုလည်းကောင်း၊ ဒက္ခိဏသီရိ အသေးစားနှင့်အလတ်စားစက်မှုဇုန်ရှိ Myanmar New Power Co.,Ltd. ၌ နှစ်ဘီး၊ သုံးဘီးမော်တော်ဆိုင်ကယ်များ တပ်ဆင်ထုတ်လုပ်ထားရှိမှုကိုလည်းကောင်း လှည့်လည်ကြည့်ရှုပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌက လိုအပ်သည်များကို မှာကြားညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်ကို(ပုဗ္ဗသီရိ)**




## (၃-၆-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၈၀၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

# ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏အစည်းအဝေး အမှတ်စဉ်(၁/၂၀၂၅)ကျင်းပ




ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏ အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅)တွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် ဇွန် ၃

ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅)ကို ယနေ့ မွန်းလွဲ ၂ နာရီအချိန်တွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဌာနချုပ်၊ အရိန္ဒမာခန်းမ၌ ကျင်းပပြုလုပ်ခဲ့ရာ အစည်းအဝေးသို့ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ဒုတိယဥက္ကဋ္ဌများဖြစ်ကြသော မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေး၊ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့မှအဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်က မြန်မာနိုင်ငံကို FATF မှ ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလမှစ၍ တိုးတက်ဆောင်ရွက်မှုများကို စောင့်ကြည့်မည့် နိုင်ငံနှင့်ဒေသများစာရင်း(Gray List)တွင် ထည့်သွင်းခဲ့သည့်အတွက် မြန်မာနိုင်ငံအနေဖြင့် လတ်တလောအကောင်အထည်ဖော်ဆောင်ရွက်ရမည့်အစီအမံ(Action Plan)တွင်ပါသည့် အချက်များအပေါ် အလေးထား၍ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး တိုးတက်ဆောင်ရွက်မှုအစီရင်ခံစာပေးပို့ခြင်းနှင့် မျက်နှာစုံညီအစည်းအဝေးတက်ရောက်ခြင်းတို့ကို (၄)လတစ်ကြိမ် ဆောင်ရွက်လျက်ရှိကြောင်း။

Action Plan ပါအချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဦးဆောင်သည့် ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး Action Plan ပါအချက် ၁၅ ချက်အနက် ယခုလက်ရှိအချက် ၆ ချက်သာ ကျန်ရှိတော့သဖြင့် ကျန်ရှိသည့်အချက်များကို ပြီးမြောက်စေရေး သက်ဆိုင်ရာဌာနအသီးသီးမှ ဝိုင်းဝန်းဆောင်ရွက်ကြရန် တိုက်တွန်းကြောင်း။

မကြာသေးမီကပြဋ္ဌာန်းခဲ့သည့် အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) လုပ်ငန်းများ ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက်လုပ်ငန်းနယ်ပယ်၅ ရပ်ဖြင့်ကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ပါကြောင်း၊ ကော်မတီများအနေဖြင့် နှစ်အလိုက်လုပ်ငန်းစဉ် (Annual Work Plan)ရေးဆွဲဆောင်ရွက်ရေး၊ တိုးတက်မှုအစီရင်ခံစာများ (၃)လတစ်ကြိမ်တင်ပြရေး၊ ကာလလယ်ပြန်လည်သုံးသပ်ရေး(Mid-term Review) စသည်တို့ကို ထိထိရောက်ရောက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

၂၀၂၉ ခုနှစ်တွင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ တတိယအကြိမ် နိုင်ငံအချင်းချင်းအကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Mutual Evaluation-ME)ကို ဆောင်ရွက်ရန်ရှိသည့်အတွက် ဆောင်ရွက်ရမည့် ME လုပ်ငန်းစဉ်များအတွက် ကော်မတီများအနေဖြင့် ကြိုတင်စီမံထားကြရန်လိုအပ်ကြောင်း၊ ငွေကြေးခဝါချမှု၊ အကြမ်းဖက်မှုနှင့် လူအများအပြားသေကျေစေသည့်လက်နက်များပြန့်ပွားရေးကို ငွေကြေးထောက်ပံ့မှုသည် နိုင်ငံတစ်နိုင်ငံ၏ပြဿနာမဟုတ်ဘဲ တစ်ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုဖြစ်သည့်အပြင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်လည်း အစိုးရတစ်ခုတည်းဖြင့် ဆောင်ရွက်၍မရဘဲ Private Sector ၏အရေးပါမှုကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဗဟိုအဖွဲ့တွင်လည်း Private Sector များ ပူးပေါင်းပါဝင်နိုင်ရေး UMFCCI ကို ထည့်သွင်းဖွဲ့စည်းထားပါကြောင်း၊ UMFCCI သည် ကုန်သွယ်ရေး၊ စက်မှုလက်မှုနှင့်စီးပွားရေးလုပ်ငန်းပေါင်းစုံအဖွဲ့အစည်းများဖြင့် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် Public-Private Partnership ကဏ္ဍတိုးမြှင့်ဆောင်ရွက်ရေးအတွက် အလေးထားဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာလုပ်ငန်းအဖွဲ့တို့မှ တက်ရောက်လာသူများက မိမိတို့တာဝန်ယူထားသည့်ကဏ္ဍအလိုက် ဆောင်ရွက်ချက်များနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များကို တင်ပြဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ခန္တီးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၃

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။

ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွေး ဆေးကုသမှုခံယူနေသူတစ်ဦးအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့်ချီးမြှင့်ငွေများ ပေးအပ်စဉ်။

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံ စစ်ကိုင်းမြို့ရှိ ဝန်ထမ်းအိမ်ရာများတွင် မိုးမကျမီအမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရန် Modular House ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင် မန္တလေးတက္ကသိုလ်တွင် ပြန်လည်အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများအား ရွှေ့ပြောင်းထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင် အောင်မြေသာစံမြို့နယ် မန္တလေးတိုင်းရင်းဆေးရုံကြီးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကုသဆောင်များအား ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင် ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ ယာယီစာသင်ဆောင်များဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**နေပြည်တော် ဇွန် ၃**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့အတွင်း ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော မန်ကျည်စင်ရပ်ကွက်ရှိ ဘုရားကြီးကျောင်းတိုက်၊ စီတီးရပ်ကွက်ရှိ ရာဇမဏိစူဠာကောင်းမှုတော်စေတီ၊ ပိုးတန်းရပ်ကွက်ရှိ ထူပါရုံစေတီနှင့်သောတာပန်ရပ်ကွက်ရှိ စာသင်တိုက်များ၌ အပျက်အစီးများကို မိုးမကျမီဖယ်ရှားရှင်းလင်းနိုင်ရေးအတွက် စက်ယန္တရားအင်အားများတိုးချဲ့၍ အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းနေမှုများ၊ အဖွဲ့အစည်းအသီးသီးက စုပေါင်းရှင်းလင်းဖယ်ရှားနေမှုများနှင့် ပြန်လည်ပြုပြင်မွမ်းမံနေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးသက်ပုံနှင့်တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ရှိ ငလျင်ဒဏ်သင့်ပြည်သူများအတွက် တပ်မတော်ရေသန့်စက်ဖြင့်ရေသန့်ထုတ်ဝေပေးနေမှုများ၊ နန်းဦးမြို့သစ်ရှိ ဝန်ထမ်းအိမ်ရာများတွင် မိုးမကျမီ အမြန်ဆုံးပြောင်းရွှေ့နေထိုင်နိုင်ရန် Modular House ဆောက်လုပ်ပြီးစီးမှုနှင့် ဆောက်လုပ်နေမှုများ၊ စစ်ကိုင်းမြို့အတွင်းရှိ နေအိမ်အဆောက်အအုံများနှင့် တကောင်းရပ်ကွက် ရောဝတီမြစ်ကူးတံတား(စစ်ကိုင်း)အောက် မြေနိမ့်ပိုင်းရှိ ရေဝပ်သောနေရာများအား စက်ယန္တရားများဖြင့် မြေဖို့ခြင်းဆောင်ရွက်နေမှုနှင့် ပါရမီရပ်ကွက်၊ နှစ်(၇၀၀)ပြည့် အားကစားကွင်းရှိငလျင်ဘေးဒဏ်သင့်ပြည်သူများစောင့်ရှောက်ရေးစခန်းမှ ငလျင်ဒဏ်သင့်ပြည်သူများ၏ စားသောက်နေထိုင်ရေးအခြေအနေတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးမိုးအောင်နှင့် တာဝန်ရှိသူများသည် မန္တလေးတက္ကသိုလ်သို့သွားရောက်၍ ပင်မဆောင်အပေါ်ထပ်ရှိ ငလျင်ဒဏ်ကြောင့် မီးလောင်ပြိုကျပျက်စီးခဲ့သောအပျက်အစီးများအား စက်ယန္တရားကြီးများအသုံးပြု၍ ဖယ်ရှားရှင်းလင်းခြင်းနှင့်လုပ်ငန်းတိုးတက်မှုများ၊ ပြန်လည်အသုံးပြု၍ရသည့် ပရိဘောဂပစ္စည်းများ၊ စာအုပ်စာစောင်များ၊ သင်ထောက်ကူပစ္စည်းများအား ရွှေ့ပြောင်းထားရှိမှုများနှင့် ဌာနအသီးသီးရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးနေရာများကို လိုက်လံကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ဆရာ၊ ဆရာမများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ထို့အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးစိုးတင့်နိုင်နှင့် တာဝန်ရှိသူများသည် မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတိုင်းရင်းဆေးရုံကြီးနှင့် ချမ်းမြသာစည်မြို့နယ်ရှိ၊ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)တို့ရှိငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ကုသဆောင်များမှ အပျက်အစီးများကို အဖွဲ့အစည်းအသီးသီးက ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု၍ ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(မန္တလေး)အတွက် အလှူငွေများပေးအပ်လှူဒါန်းသည်။

၎င်းနောက် အမရပူရမြို့နယ်ရှိ အောင်ချမ်းသာဘုရားသို့ သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အပျက်အစီးများအား ဖယ်ရှားရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုသွားရောက်ကြည့်ရှု၍ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်ရှိကျောက်ဆည်တက္ကသိုလ်၌ ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသောအပျက်အစီးများအား ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုများနှင့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများ၊ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)၌ ငလျင်ဒဏ်ကြောင့် စာမေးပွဲဖြေဆိုရန် ရပ်တန့်ခဲ့ရသော ကျောင်းသား၊ ကျောင်းသူများ စာမေးပွဲပြန်လည်ဖြေဆိုနေမှုများနှင့် ယာယီစာသင်ဆောင်များဆောက်လုပ်နေမှုများ၊ တရုတ်စုရပ်ကွက်၊ မျက်စိအထူးကုဆေးရုံရှိ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အဆောက်အအုံများနှင့် ဆေးကုသမှုများဆောင်ရွက်ပေးနေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ရန်အောင်မြင်ရပ်ကွက်ရှိ ရွှေကျောင်းကျောင်းတိုက်တွင် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုများအား ပြန်လည်ပြင်ဆင်ဆောက်လုပ်နေမှုများအား သွားရောက်ကြည့်ရှု၍ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆပ်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Farmers expedite efforts to exceed target cultivation of summer paddy in Myaung Township

MYAUNG June 3

A total of 2,712 acres of summer paddy has been planted in Myaung Township of Sagaing Region, according to the Sagaing District Agriculture Department.

Local authorities earmarked 2,600 acres of summer paddy in the township in 2024-2025 cultivations season but farmers planted 2,712 acres of summer paddy exceeding the target cultivation.

Daw Thida Lwin, Head of Myaung Township Agriculture Department explained: "Local farmers grew 2,712 acres of summer paddy exceeding the target cultivation which has been set as 2,600 acres of crops this year. Our department helps the farmers with agricultural techniques, prevention of pests, minimizing loss and waste of crops, and keeping harvested crops under shelter in time."

Local authorities raise farmer awareness to increase per-acre yield of summer paddy, use of quality seeds of paddy, distribution of pamphlets on agricultural techniques, conducting training courses for farmers and supply of agricultural inputs.



Farmers have been advised to follow pest preventive measures issued by the Agriculture Department in order to grow summer paddy and other crops after harvesting monsoon paddy and other crops, improvement of soils to be fertilized and collection of quality seeds in advance in cooperation with the Agriculture Department. **SK**

# Farmers carry out cent per cent harvest of sweet corns in Ayadaw Township



AYADAW June 3

Statistics of Monywa District Agriculture Department stated that all sown acreage of sweet corns have been harvested in Ayadaw Township of Sagaing Region.

In Ayadaw Township, during the winter crop season, sweet corn was cultivated on up to 4,244 acres. The harvesting of these sweet corn fields began in January of this year and has been completed as of today, with 100 percent of the acreage harvested. It was reported that each acre yielded 15,340 ears of corn.

"The winter crop season in Ayadaw Township saw sweet corn cultivated on a total of 4,244 acres. At present, the entire cultivated area has been fully harvested. To ensure the success of the crop, we have provided knowledge and education to prevent pest and disease outbreaks," said Daw San San Myint, Head of the Agricultural Department of Monywa District.

In Ayadaw Township, farmers growing sweet corn received training from the township agriculture department, attended field demonstration events, and were educated on preventive measures against pests like the fall armyworm. They were also instructed in integrated pest management methods, including the use of neem-based pesticides, as well as natural remedies like ginger and chili to control pests. Agricultural knowledge was shared on various cultivation techniques.

It is reported that sweet corn cultivation in Ayadaw Township yields approximately 15,000 ears of corn per acre, with an estimated cultivation cost of over Ks-500,000 per acre. **SMK**

# Kanbalu Township completes harvest of green gram

KANBALU June 3

Local farmers have so far harvested all sown acreage of green gram planted last cold season in Kanbalu Township of Sagaing Region, according to the data of the Township Agriculture Department.

In Kanbalu Township, during this year's winter cropping season, green gram was cultivated on up to 22,214 acres. It is reported that the harvesting of these green gram fields began in January of this year and has now been fully completed, with 100 percent of the acreage harvested. The average yield was 16.92 baskets per acre.

The Township Head of the Department of Agriculture in Kanbalu Township, U Myo Zaw, stated: "In Kanbalu Township, green gram was cultivated on up to 22,214 acres. At present, harvesting has been completed on all the cultivated acreage. Year after year, green gram cultivation has been increasing. There are ongoing awareness campaigns on expanding cultivation and on the use of quality and pure seeds to ensure higher productivity."

In addition, the township's Department of Agriculture has provided guidance to local green gram farmers on using high-quality and pure seeds suitable for the region, proper cultivation techniques, pest and disease prevention, and systematic use of fertilizers to achieve better yields. **SK**

# Plan underway to grow more than 4,000 acres of vegetables in Wetlet Township this monsoon

WETLET June 3

Statistics of Wetlet Township Agriculture Department stated that local authorities earmarked 4,225 acres of vegetables in Wetlet Township of Sagaing Region this monsoon.

For the 2025–2026 monsoon crop season, it is planned to cultivate 4,225 acres of vegetables in Wetlet Township. According to reports, the planting of these vegetable crops will begin in the third week of May this year.

This year, the Wetlet Township Agriculture Department will provide training to vegetable farmers on the GAP cultivation system. They will also offer technical assistance to ensure the vegetables harvested are health-compliant and encourage farmers to expand their vegetable cultivation.

In Wetlet Township, a variety of vegetables are cultivated seasonally each year. These crops have been successful and contribute to household income. The township agriculture department will also provide farmers with knowledge about proper cultivation methods, pest control, the use of organic fertilizers, natural pesticides, and repellents. **SMK**

# All kidney bean plantations reaped in Htigyaing Township

HTIGYAING June 3

The Agriculture Department in Htigyaing Township of Sagaing Region stated that local farmers have harvested all plantations of kidney bean in the township.

In Htigyaing Township, a total of 17,285 acres of kidney beans were cultivated during the winter growing season. As of today, all of the cultivated fields have been fully harvested, with harvesting starting in January this year. It is reported that the yield averaged 21 baskets per acre.

"In Htigyaing Township, we were able to cultivate up to 17,285 acres of kidney beans. At present, 100 percent of the cultivated areas have been harvested. Compared to the initial target acreage, the cultivation area was expanded. In order to achieve high yield and quality, farmers were supported through the provision of quality seeds, fertilizers, and post-harvest technology," said U Ko Ko Aung, the head of the Township Department of Agriculture.

It is also reported that the Township Department of Agriculture has conducted educational programs for farmers in Htigyaing Township to help them expand their cultivation areas, increase yields, practice GAP (Good Agricultural Practices) farming methods, and use high-quality, pure seeds to produce better yields.

Crops grown using the GAP system tend to have higher quality compared to those grown using other methods. They can fetch better prices and not only sell well in domestic markets but also meet the standards for export to international markets. As a result, farmers who adopt these practices can enjoy greater economic benefits.

**SMK**

# Groundnut harvested in Kyaukmyaung Sub-Township

KYAUKMYAUNG June 3

Statistics of Kyaukmyaung Sub-Township Agriculture Department of Sagaing Region stated that local farmers have harvested all sown acreage of groundnut in Kyaukmyaung.

Farmers have planted 11,013 acres of groundnut in cold season in the sub-township. So far, they have harvested all plantations of groundnut, yielding 69.10 baskets per acre.

Daw Khin Win, Head of the sub-township Agriculture Department disclosed: "Local farmers planted 11,013 acres of groundnut in cold season. Now, they have reaped all plantations of groundnut. They exceeded target of the cultivation. Oil crop plantations are thriving in the sub-township. Sown acreage of groundnut is on the rise yearly."

Farmers need to use 1.5 baskets of quality groundnut seeds in growing the plantations in the sub-township. They cost more than Ks-200,000 per acre for growing groundnut due to cost of quality seeds, labour charge, fertilizers and pesticides. It is expected to yield more than 50 baskets per acre of groundnut.

Officials of the Sub-Township Agriculture Department made field trips to the groundnut plantations for thriving of crops, prevention of pests, weeding and other agricultural measures.

**SK**



# Farmers finish harvest of onion in Kalay Township

KALAY June 3

Local farmers have completed harvest of onions in all plantations in Kalay Township of Sagaing Region, according to the township Agriculture Department.

They planted 2,651 acres of onions as cold season crops in the township. Starting from February this year, they harvested the crops. So far, they have harvested all acreage of onion, yielding 4,632.58 viss per acre.

"During the winter crop season in Kalay Township, only 2,651 acres of onions could be cultivated. As of now, all of the cultivated onion fields have been fully harvested. In fact, cultivation exceeded the initially planned acreage," said U Naing Tun Win, head of the Kalay Township Agriculture Department.

Within Kalay Township, the Township Agriculture Department has assisted onion farmers by establishing market connections to ensure better prices, providing technologies for longer storage of onions, promoting cultivation using GAP (Good Agricultural Practices) methods, and supporting efforts to produce high-quality onions.

Farmers need to spend some Ks-1.8 million per acre of growing onion but each acre can yield some 5,000 viss of onions.

In Sagaing Region, farmers emphasize cultivation of onions on the largest sown acreage in Monywa, Yinmabin, ChaungU, Shwebo and Myinmu townships.

**SK**

# Farmers finish harvest of black gram in Dabayin Township

DABAYIN June 3

Statistics of YeU District Agriculture Department stated that local farmers have harvested all plantations of black gram in Dabayin Township of Sagaing Region.

In Dabayin Township, during the winter cropping season, black gram was cultivated on up to 14,597 acres of croplands. Harvesting of these black gram fields began in January of this year and has now been completed 100 percent, with an average yield of 18.32 baskets per acre.

"The black gram crop was successfully cultivated on 14,597 acres of croplands during the winter growing season in Dabayin Township. At present, all of the cultivated acres have been fully harvested. During the cultivation period, technical assistance, quality seeds, and pest and disease prevention methods were provided on the ground," said U Zaw Myint Tun, Head of the District Agriculture Department in YeU District.

It was also learned that the Dabayin Township Agriculture Department supported local black gram farmers by educating them on using regionally suitable quality and pure seeds, correct planting techniques, pest prevention, systematic use of fertilizers, and methods to achieve higher yields.

In this year's winter cropping season, the respective township agriculture departments also cooperated with farmers by providing quality and pure seed varieties, essential inputs, and post-harvest technology to improve the yield and quality of various types of beans grown in the region.

**SMK**

# Farmers harvest all sown acreage of rice bean in Pwintbyu Township

PWINTBYU June 3

Pwintbyu Township Agriculture Department of Magway Region stated that local farmers have harvested all plantations of rice bean in Pwintbyu Township, yielding 9.21 baskets per acre.

During the winter cropping season in Pwintbyu Township, 214 acres were planned for rice bean cultivation, but only 119 acres were actually planted. Local farmers began harvesting these rice bean crops in February, and it is now reported that 100 percent of the crop has been harvested.

"We were able to cultivate 119 acres of rice bean during the winter season in Pwintbyu Township. All of the planted areas have now been fully harvested. In order to promote expansion of rice bean cultivation and improve yields, we provided farmers with necessary agricultural techniques and support, including guidance on selecting high-quality and suitable seed varieties," said Daw Moe Moe Wai, the head of the Pwintbyu Township Agriculture Department.

To help farmers in Pwintbyu Township improve rice bean crop yields during the winter season, the township's Agriculture Department supported them with knowledge and training on selecting high-quality seeds suited to the region, proper cultivation methods, systematic irrigation practices, and pest and disease prevention. In addition, during the harvesting period, training and guidance were provided to help farmers minimize post-harvest losses and ensure good crop quality by using proper harvesting and storage techniques, including storing harvested crops under shelter in a systematic manner.

If rice bean production is high, it will contribute local food security and with export of surplus. Hence, it is necessary to increase more sown acreage of rice bean in all season, said Daw Moe Moe Wai.

**SK**

# Dutch Prime Minister announces resignation of Cabinet

MOSCOW June 3

Dutch Prime Minister Dick Schoof announced on Tuesday that the Cabinet is resigning after the decision of Geert Wilders, leader of the right-wing Party for Freedom (PVV), to withdraw from the ruling coalition.

"With the departure of the Party for Freedom, there is not enough support in the House of Representatives [lower house of parliament] for this government," Schoof announced after a meeting of the Council of Ministers.

Schoof said that he was going to ask King Willem-Alexander for the resignation of the PVV ministers.

"The rest of the government will continue to serve as interim," Schoof added.

**Sputnik**

# Over 500,000 people affected by floods in Himalayan region

HIMALAYAN June 3

Heavy floods in the Himalayan region of India have caused over 40 deaths and affected more than 500,000 people, the authorities and media said on Monday.

Landslides, floods, and lightning storms have hit the northeastern region, media said. The authorities reported that more than a thousand tourists trapped in the state of Sikkim were evacuated on Monday.

Army rescue teams saved around 500 people stranded in flooded areas in the state of Meghalaya, Reuters reported. Persistent heavy rainfall in several regions has caused transport disruptions, including road, rail, and ferry services.

Three army personnel were killed and nine others went missing after a landslide struck a military camp in Chhaten in Sikkim on Sunday, Hindustan Times reported.

The state of Assam has reported the highest number of fatalities, as well as 15 rivers rising above the danger mark, according to the Times of India. "We are facing a lot of challenges. I have a child, their bed is submerged in water. What will we do in such a situation? We keep ourselves awake throughout the night," ANI quoted Silchar resident Sonu Devi as saying.

In the northeastern state of Manipur, over 19,000 people have been impacted by floods after several rivers overflowed and embankments were breached due to heavy rainfall over the past four days.

The death toll from floods and landslides in Arunachal Pradesh has risen to ten, and in Mizoram, mudslides have caused the blockage of 212 roads, according to an official bulletin cited by AP. At least five people have died due to landslides, house collapses, and other rain-related incidents in Mizoram, including three Myanmarese refugees, according to a Hindustan Times report.

**RT**



# Volcano eruption causes panic in Italy



ROME June 3

Thick columns of smoke and ash streamed into the sky above eastern Sicily as Mount Etna, Europe's largest and most active volcano, erupted on Monday, forcing dozens of tourists to flee the area.

The Italian National Institute of Geophysics and Volcanology (INGV) reported that a partial collapse in the volcano's southeastern crater likely triggered the eruption.

Lava fountains and large plumes of volcanic ash reached an altitude of approximately 6,400 meters (about 4 miles), according to the Toulouse Volcanic Ash Advisory Centre. Aviation authorities issued a "code red" alert for flights operating in the region, which was later downgraded to orange. Some flights experienced delays due to the volcanic cloud.

Videos captured by hikers and visitors showed terrified tourists fleeing down the mountainside as black smoke billowed from the summit. Media reports suggest that about 40 tourists were on the volcano at the time of the eruption but they all appear to have been safely escorted away from the area. No injuries or fatalities have been reported.

**RT**

# 6 killed after mudslide on road in south Peru

LIMA June 3

At least six people were killed after a truck was swept away by a mudslide caused by intense rains in the southern Peruvian Ayacucho region on Sunday, said the national emergency operations center (COEN) on Monday.

The COEN added on social media platform X that members of the National Police, the Army, the General Volunteer Fire Corps of Peru and the District Municipality managed to recover the bodies of the six people who were missing after the mudslide in the Anco district.

According to the state news agency Andina, the "large mudslide" dragged the vehicle around 5:30 a.m. Sunday local time, when it was traveling on the road that connects the districts of Anco and Llochegua.

Tons of mud and water dragged the vehicle into a ravine more than 100 meters deep, leaving the truck buried, which made rescue difficult.

Meanwhile, another truck traveling on the same route was partially buried, but the passengers managed to escape unharmed.

Medical brigades from the Regional Health Directorate (Diresa) arrived at the scene, collaborating with the rescue efforts and caring for those affected.

**Xinhua**

# Lee Jae-myung to be elected S. Korea's new president with certainty: media

SEOUL June 3

Lee Jae-myung, presidential candidate of South Korea's majority liberal Democratic Party, would be elected the country's new president with certainty, local broadcaster JTBC and three terrestrial broadcasters said Tuesday.

Lee made a short speech to supporters near his house before heading for the National Assembly building in central Seoul, saying that he paid respect to "people's great decision."

He vowed to fulfill his responsibilities and missions to live up to people's expectations.

With 45 percent of the votes counted at 11:52 p.m. local time (1452 GMT), Lee won 49.10 percent and his archrival Kim Moon-soo of the conservative People Power Party took 42.55 percent, the National Election Commission data showed.

A joint exit poll, conducted by three terrestrial broadcasters including KBS, MBC and SBS, showed Lee leading with 51.7 percent of the votes over Kim with 39.3 percent.

Preliminary voter turnout reached 79.4 percent, marking the highest in 28 years since the voting rate recorded 80.7 percent in 1997.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Effective Communication Skills for the Next Generation

### Introduction

In our fast-paced world, effective communication skills are more important than ever. They shape relationships, facilitate understanding, and drive success. Research indicates that strong communication skills are linked to better academic performance, career advancement, and personal satisfaction. Let’s explore the essential communication skills needed for the next generation to thrive.

### Fundamentals of Effective Communication

**Active Listening:** Fully concentrate on the speaker, understand their message, respond thoughtfully, and remember what was said. This fosters better relationships and prevents misunderstandings. Research published in the International Journal of Listening shows that active listening can improve interpersonal relationships and enhance learning.

**Clear and Concise Messaging:** Be clear and concise to ensure your message is understood without confusion. Avoid jargon and overly complex language to communicate your ideas effectively. A study by the Harvard Business Review found that clear communication leads to better team performance and decision-making.

**Non-Verbal Communication:** Body language, facial expressions, and eye contact play a significant role in conveying messages. Being aware of and effectively using non-verbal cues can enhance communication. Research in the Journal of Nonverbal Behavior highlights the importance of non-verbal communication in building trust and rapport.

### Developing Verbal Communication Skills

**Public Speaking Techniques:** Public speaking is a valuable skill. Practice speaking in front of groups, focus on clarity and engagement, and manage anxiety through preparation and breathing exercises. According to Toastmasters International, effective public speaking can boost confidence and career prospects.

**Storytelling and Persuasion:** Storytelling makes your message more relatable and memorable. Persuasion techniques, like appealing to emotions and using logical arguments, can effectively influence others. Research from Stanford University shows that stories are up to 22 times more memorable than facts alone.

**Engaging in Meaningful Conversations:** Engage in conversations that are mutually beneficial. Ask open-ended questions, show genuine interest, and provide thoughtful responses to foster deeper connections. Studies indicate that meaningful conversations can improve mental health and strengthen relationships.

### Enhancing Written Communication

**Writing for Different Audiences:** Tailor your writing style to fit the audience. Professional emails, social media posts, and academic papers each require different approaches to be effective. Research from the University of Michigan suggests that adapting your writing style to your audience can enhance communication effectiveness.

**Email Etiquette and Professional Writing:** Use proper grammar, a respectful tone, and clear formatting in professional emails. Be concise and to the point, and ensure your message is easily understood. According to the Journal of Business and Technical Communication, effective email communication is crucial for professional success.




**Social Media Communication:** Social media requires brevity and clarity. Be mindful of your audience, avoid misunderstandings, and maintain a professional presence online. Research published in the Journal of Computer-Mediated Communication indicates that effective social media communication can enhance personal and professional relationships.




### Digital Communication Skills

**Navigating Virtual Meetings and Online Collaboration Tools:** With the rise of remote work, being proficient in virtual meetings and collaboration tools is essential. Ensure clear audio, visual presence, and active participation. Studies show that effective virtual communication can improve team cohesion and productivity.

**Maintaining Professionalism in Digital Correspondence:** Professionalism in emails, chats, and social media is crucial. Be respectful, avoid slang, and maintain a formal tone where necessary. Research indicates that maintaining professionalism online can enhance your reputation and credibility.

**Managing Digital Footprints and Online Reputation:** Be aware of your online presence and how it reflects on you. Manage privacy settings, post responsibly, and consider the long-term impact of your digital actions. A study by the Pew Research Center found that managing your digital footprint is crucial for protecting your reputation.

### Overcoming Communication Barriers

**Dealing with Language Differences:** Use simple language and avoid idioms when communicating with non-native speakers. Patience and clarity can bridge language gaps effectively. Research published in the Journal of Cross-Cultural Psychology highlights the importance of linguistic adaptation in cross-cultural communication.

**Handling Conflicts and Misunderstandings:** Address conflicts calmly and constructively. Focus on the issue, not the person, and seek to understand different perspectives to resolve misunderstandings.

**Building Empathy and Emotional Intelligence:** Empathy and emotional intelligence are key to effective communication. Understand and respect others’ emotions, and respond appropriately to build strong connections.

### Practical Exercises for Improving Communication Skills

**Role-Playing and Simulations:** Practice real-life scenarios through role-playing to improve your communication skills. This can help you prepare for challenging situations. Studies show that role-playing can enhance problem-solving and interpersonal skills.

**Participating in Debate and Discussion Groups:** Engaging in debates and discussions hones your ability to articulate ideas and respond to opposing viewpoints effectively. Research suggests that participating in debates can improve critical thinking and public speaking skills.


**Receiving and Providing Constructive Feedback:** Learn to accept and give constructive feedback gracefully. This practice helps to improve communication skills and fosters a growth mindset. According to the Harvard Business Review, effective feedback is crucial for personal and professional development.

### Conclusion

Effective communication skills are vital for the next generation to succeed in personal and professional realms. By mastering active listening, clear messaging, verbal and written communication, and digital literacy, young people can navigate the complexities of modern communication. Continuous practice, empathy, and adaptability are key to becoming a proficient communicator.

**YT Meg;**

# အရွယ်သေးသော်လည်း စွမ်းအားအပြည့်ရှိမယ့် ကွမ်တမ်ဘက်ထရီ



ဒီကနေ့ခေတ်ကြီးမှာ ဘက်ထရီဆိုတာ ဘယ်နေရာမှာမဆို လိုအပ်လာနေတဲ့ပစ္စည်းတစ်ခုဖြစ်လာပါတယ်။ အိမ်သုံးတီဗွီရီမုများမှအစပြုလို့ နေ့စဉ်သုံးစက်ပစ္စည်းများအလယ် ကားများအဆုံး ဘက်ထရီများကိုသာ တွင်ကျယ်စွာအသုံးပြုလာကြတာပါ။ ဒါပေမဲ့ ယနေ့အချိန်မှာကြုံတွေ့နေရတဲ့စိန်ခေါ်မှုတစ်ခုက ဘက်ထရီရဲ့သိပ်သည်းဆပါ။ သာမန်အားဖြင့်ဆိုရင် အရွယ်အစားကြီးမှ စွမ်းအင်ပမာဏအများအပြားကို သိုလှောင်နိုင်တဲ့ ဘက်ထရီတွေပဲများပါတယ်။

အခုတော့ ဒီစိန်ခေါ်မှုကြီးကို ကျော်ဖြတ်နိုင်စေမယ့်နည်းလမ်းတစ်ခုထွက်ပေါ်လာပါပြီ။ သူ့ကိုတော့ ကွမ်တမ်ဘက်ထရီလို့ခေါ်ဖို့ စဉ်းစားထားပါတယ်။ ဒါကြောင့် လာမယ့်နှစ်အနည်းငယ်အတွင်း ဘက်ထရီတွေကအရွယ်အစားအားဖြင့် သေးငယ်ပေမယ့် စွမ်းအားကတော့အပြည့်ရှိလာမှာဖြစ်တာကြောင့် ဘက်ထရီကြီးတွေလိုအပ်မှုကို အပြောင်းလဲကြီးပြောင်းလဲသွားစေနိုင်မယ်လို့ဆိုရမှာပါ။

RIKEN Center for Quantum Computing နဲ့ ဟွာကျောင်းသိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ သုတေသနပညာရှင်များက စွမ်းအားအပြည့်ရရှိလာစေမယ့် ကွမ်တမ်ဘက်ထရီကို ဘယ်လိုမျိုးဖန်တီးနိုင်မလဲဆိုတာနဲ့ပတ်သက်ပြီး သီအိုရီပိုင်းအရသုတေသနပြုလေ့လာမှုတွေကို လုပ်ဆောင်ခဲ့တာဖြစ်ပါတယ်။ "ကျွန်တော်တို့ရဲ့သုတေသနကနေကွမ်တမ်ဘက်ထရီအတွက် ဖွဲ့စည်းတည်ဆောက်ပုံဆိုင်ရာရှုမြင်မှုနဲ့ပတ်သက်လို့ အသေးစိတ်အချက်အလက်များကို ထောက်ပံ့ပေးရုံသာမက စွမ်းဆောင်ရည်မြင့်မားလှတဲ့ အသေးစားစွမ်းအင်သိုလှောင်မှုပစ္စည်းများဖန်တီးမှုနဲ့ပတ်သက်ပြီး ပိုမိုသိရှိစေမယ့်အခြေအနေတွေကို ဖော်ထုတ်ပေးနိုင်ပါတယ်"လို့ သုတေသနအဖွဲ့ခေါင်းဆောင် ကျီဂေါင်လုကပြောပါတယ်။

ကွမ်တမ်ဘက်ထရီဆိုတာ သမားရိုးကျဘက်ထရီတွေကနေကွဲထွက်နေတဲ့ ဆန်းပြားသောစွမ်းအင်သိုလှောင်မှုစနစ်တစ်မျိုးဖြစ်ပါတယ်။ သူက အခြေအနေအမျိုးမျိုးမှာရပ်တည်နေနိုင်စွမ်းရှိတဲ့ ရုပ်ပိုင်းဆိုင်ရာစနစ်၊ အယှက်အတင်လုပ်ခြင်းစနစ်၊ အဆက်အစပ်မိခြင်းစနစ်တို့ကဲ့သို့သောစနစ်တွေရဲ့ အခြေခံသဘောတရားတွေကို ပိုမိုတိုးမြှင့်စွမ်းဆောင်ခြင်းအားဖြင့် ရရှိလာမယ့်ဘက်ထရီမျိုးဖြစ်ပါတယ်။

ကွမ်တမ်ဘက်ထရီကိုသာအသုံးပြုလာနိုင်မယ်ဆိုရင် ကြီးမားလှတဲ့အကျိုးကျေးဇူးများစွာကိုပေးစွမ်းနိုင်မှာပါ။ အဲဒီအကျိုးကျေးဇူးတွေထဲမှာ အချိန်တိုအတွင်း အားအပြည့်သွင်းနိုင်ခြင်း၊ စွမ်းအင်ပမာဏကို တိုးမြှင့်နိုင်ခြင်း၊ စွမ်းဆောင်ရည်တိုးတက်စေခြင်းတို့ပါဝင်ပါတယ်။ လက်ရှိအချိန်မှာ ကွမ်တမ်ဘက်ထရီဆိုတာ အပြောသက်သက်သာရှိနေသေးပေမယ့်လည်း အခုလုပ်ဆောင်နေတဲ့ သုတေသနပြုလေ့လာမှုတွေအရဆိုရင် သိပ်မဝေးတော့တဲ့ကာလမှာ အရွယ်သေးသော်လည်း စွမ်းအားအပြည့်ရှိမယ့် ကွမ်တမ်ဘက်ထရီများကို လက်တွေ့အသုံးပြုလာနိုင်တော့မှာဖြစ်ပါတယ်။

**Ref: IE**

**ကိုထက်**

# ၁၈ စက္ကန့်အတွင်း အားအပြည့်သွင်းနိုင်စေမယ့် EV အတွက်ဘက်ထရီ



လျှပ်စစ်စွမ်းအင်သုံးယာဉ် (EV) များဆိုတာ ယနေ့အချိန်အခါမှာ လူစိတ်ဝင်စားမှုမြင့်တက်နေတဲ့ ယာဉ်အမျိုးအစားတစ်မျိုးဖြစ်လာနေတာကိုတွေ့ရပါတယ်။ စိတ်ဝင်စားမှုမြင့်တက်ရတဲ့အကြောင်းရင်းက နည်းပညာမြင့်မားမှုကို ရရှိခံစားနိုင်မယ်။ လျှပ်စစ်စွမ်းအင်ကိုအသုံးပြုထားတဲ့အတွက် ကာဗွန်ထုတ်လွှတ်မှုကိုလျှော့ချနိုင်မယ် အစရှိတဲ့ကောင်းကျိုးများကြောင့်ဖြစ်ပါတယ်။

ဒါပေမဲ့လည်း တစ်ဖက်ကနေပြန်ကြည့်ပြန်တော့ EV များအပေါ် လူစိတ်ဝင်စားမှုက လျော့ကျနေပြန်ပါသေးတယ်။ ဆိုလိုတာက လူစိတ်ဝင်စားမှုကိုထင်သလောက်မရရှိသေးဘူးလို့ပြောချင်တာပါ။ ဘာကြောင့်လဲဆိုရင် EV တွေရဲ့ဘက်ထရီစွမ်းဆောင်ရည်ဟာ လက်ရှိအသုံးပြုနေတဲ့ လောင်စာဆီသုံးကားတွေလောက်အထိ အသုံးမတည့်တဲ့အတွက်ဖြစ်ပါတယ်။ ဥပမာအားဖြင့် လောင်စာဆီသုံးကားတစ်စီးက ဆီအပြည့်ဖြည့်ထားရင် ကီလိုမီတာ ၆၀၀ သွားနိုင်သလို EV ကားတစ်စီးက အားအပြည့်ဖြည့်ထားရင်ကီလိုမီတာ ၆၀၀ သွားနိုင်ပေမယ့် အားပြန်သွင်းချိန်မှာကျတော့ လောင်စာဆီသုံးကားတွေဆီဖြည့်သလို သုံးမိနစ်အတွင်းနဲ့ အားအပြည့်မရနိုင်ပါဘူး။

အခုတော့ VarEVolt ဆိုတဲ့ဘက်ထရီက အဲဒီကွာခြားချက်ကိုဖြည့်ဆည်းပေးမယ့် ဘက်ထရီဖြစ်လာပါပြီ။ သူ့ကို ဗြိတိန်နိုင်ငံအခြေစိုက် RML ကုမ္ပဏီက ဖန်တီးထားတာဖြစ်ပါတယ်။ အခုဆိုရင် အဲဒီဘက်ထရီတွေကို ပမာဏအများအပြားထုတ်လုပ်ဖို့နဲ့လက်တွေ့အသုံးပြုဖို့အတွက် အသင့်ဖြစ်နေပြီလို့ ကုမ္ပဏီကပြောထားပါတယ်။

VarEVolt ဘက်ထရီက လက်ရှိအချိန်အထိကမ္ဘာပေါ်မှာ သိပ်သည်းဆအများဆုံးဘက်ထရီဖြစ်သလို အလေးချိန် ၁ ကီလိုဂရမ်ကို လျှပ်စစ်စွမ်းအင် ၆ ကီလိုဝပ်အထိထုတ်ပေးနိုင်တာကြောင့် EV တစ်စီးကဘယ်အချိန်မဆိုတောင်းဆိုလာနိုင်တဲ့ စွမ်းအင်ပမာဏကို ထုတ်ပေးနိုင်စွမ်းရှိပါတယ်။

အဲဒီဘက်ထရီက စွမ်းအင်သိုလှောင်နိုင်မှုပမာဏများပြားပေမယ့် သူ့ကိုအားသွင်းရမယ့်ကြာမြင့်ချိန်ကတော့ သိုလှောင်နိုင်မယ့်စွမ်းအင်ပမာဏနဲ့မလိုက်အောင်ကိုပဲ အလွန်မြန်ဆန်လှပါတယ်။ ဘယ်လောက်ထိအောင်လည်းဆိုရင် ကမ္ဘာပေါ်မှာအဆင့်အမြင့်ဆုံးကားတစ်မျိုးဖြစ်တဲ့ Porsche Taycan လိုကားမျိုးကဘက်ထရီအားအပြည့်သွင်းဖို့ ၁၂ မိနစ်ကြာမြင့်ချိန်မှာ VarEVolt ကတော့ ၁၈ စက္ကန့်ပဲကြာမယ်လို့ဆိုထားပါတယ်။

ဒီလိုစွမ်းဆောင်ရည်မြင့်မားတဲ့ဘက်ထရီကိုထုတ်လုပ်ရခြင်းရဲ့နောက်ကွယ်ကအကြောင်းရင်းက သိပ်မထူးဆန်းပါဘူး။ RML ကုမ္ပဏီအနေနဲ့ သူတို့အတွက်လိုအပ်တဲ့ဘက်ထရီအမျိုးအစားကို တခြားကုမ္ပဏီတွေကမထုတ်ပေးနိုင်တဲ့အတွက် သူတို့ကိုယ်တိုင်တီထွင်ထုတ်လုပ်လိုက်ခြင်းပဲဖြစ်ပါတယ်။ **Ref: IE**

**ကိုထက်**

# အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်၌ ရေကြီးမှုကြောင့် လူဦးရေငါးသိန်းကျော် ရေဘေးဒုက္ခသင့်

**နယူးဒေလီ၊ သဘာဝဘေး**

အိန္ဒိယနိုင်ငံအရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်၌ လက်ရှိဖြစ်ပွားနေသောရေကြီးမှုအတွင်း လူဦးရေငါးသိန်းကျော်ရေဘေးဒုက္ခသင့်လျက်ရှိကြောင်း တာဝန်ရှိသူများက ဇွန်လ ၃ ရက်တွင်ထုတ်ပြန်ထားသည်။

ပြည်နယ်အတွင်းရှိ ခရိုင် ၂၂ ခု၌ဖြစ်ပွားနေသော ရေကြီးမှုသည် ဆက်လက်မြင့်တက်နေဆဲဖြစ်ကြောင်း၊ ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူတစ်ဦးသေဆုံးပြီး နှစ်ဦးပျောက်ဆုံးနေကြောင်း တာဝန်ရှိသူများ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

မေလ ၃၁ ရက်တွင် ရေကြီးမှုကြောင့် လူသုံးဦးသေဆုံးပြီး မိုးများသည်းထန်စွာ ရွာသွန်းရာမှ မြေပြိုမှုဖြစ်ပွားခြင်းကြောင့် လူငါးဦးသေဆုံးကြောင်း၊ ဇွန်လ ၁ ရက်တွင် လူ ၁၀ ဦးသေဆုံးကြောင်း၊ ထို့ကြောင့် ရေကြီးမှုဖြစ်ပွားသည့် ကာလအတွင်း သေဆုံးသူစုစုပေါင်း အယောက် ၄၀ ကျော် ရှိလာပြီဖြစ်ကြောင်း ထုတ်ပြန်ချက်တွင် ဆက်လက်ဖော်ပြထားသည်။

အလားတူ ရေကြီးမှုကြောင့် ကျေးရွာပေါင်း ၁၂၅၄ ရွာမှာ ရေလွှမ်းမိုးမှုကိုခံစားရကာ လယ်မြေဟက်တာပေါင်း ၁၃၀၀၀ နီးပါးမှာပျက်စီးသွားကြောင်း တာဝန်ရှိသူများကပြောသည်။

ထို့ကြောင့် ပြည်နယ်အစိုးရအနေဖြင့် ကယ်ဆယ်ရေးစခန်း ၁၆၅ ခု၊ ကယ်ဆယ်ထောက်ပံ့ရေးစခန်း ၁၅၇ ခုတို့ကိုဖွင့်လှစ်ကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်နေကြောင်း အာသံပြည်နယ် သဘာဝဘေးစီမံခန့်ခွဲရေးအဖွဲ့က ထုတ်ပြန်သည်။

တစ်ချိန်တည်းမှာပင် ဗြဟ္မပုတ္တရမြစ်၊ ဘာရက်မြစ်နှင့် ၎င်းတို့၏မြစ်လက်တက်များရှိ မြစ်ရေမှာ စိုးရိမ်ရေမှတ်အထက်ကို ကျော်လွန်နေကြောင်း မိုးလေဝသဌာနက ထုတ်ပြန်ထားသည်။

Ref: Xinhua



# တောင်ကိုရီးယားသမ္မတရွေးကောက်ပွဲတွင် လီဂျေးမြောင်က မဲအများစုကိုရရှိထား

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံ၌ ၂၁ ကြိမ်မြောက် သမ္မတရွေးကောက်ပွဲကို ဇွန်လ ၃ ရက်တွင်ကျင်းပရာ လက်ရှိမဲရေတွက်မှုအရ ဒီမိုကရက်တစ်ပါတီမှရွေးကောက်ပွဲဝင်ကိုယ်စားလှယ် လီဂျေးမြောင်က မဲအများစုကိုရရှိပြီး အနိုင်ရရှိရန်တစ်ပြေးနေကြောင်းသိရသည်။

လက်ရှိအချိန်အထိ တစ်နိုင်ငံလုံး၏မဲအရေအတွက် ၅၇ ရာခိုင်နှုန်းနီးပါးကိုရေတွက်ပြီးချိန်တွင် လီဂျေးမြောင်ကိုထောက်ခံမဲသည် ၄၉ ရာခိုင်နှုန်းခန့်ရှိနေကြောင်း Yonhap သတင်းဌာနကဖော်ပြထားသည်။




ထို့ပြင် မဲပေးပြီးနောက်ထွက်လာသည့် ပြည်သူများကိုမေးမြန်းမှုများအရ သမ္မတဖြစ်လာနိုင်သူမှာ လီဂျေးမြောင်ဖြစ်သည်ဟု သတင်းဌာနများက ကောက်ယူထားသည့် စစ်တမ်းများတွင်ဖော်ပြထားသည်။

လီဂျေးမြောင်၏အဓိကပြိုင်ဘက်ဖြစ်သည့် ပြည်သူ့အင်အားပါတီမှ ကင်မွန်ဆူးက ထောက်ခံမဲ ၄၃ ရာခိုင်နှုန်းနီးပါးရရှိထားကြောင်းသိရသည်။ Ref: Yonhap

# ဖိလစ်ပိုင်၌ HIV ရောဂါပိုးကူးစက်မှု အလွန်အမင်းမြင့်တက်လာ

**မနီလာ၊ ကျန်းမာရေး**

ဖိလစ်ပိုင်နိုင်ငံ၌ HIV ရောဂါပိုးကူးစက်မှုအလွန်အမင်းမြင့်တက်လာကြောင်းနှင့် ထိုအခြေအနေက အရေးပေါ်ကျန်းမာရေးအခြေအနေဖြစ်လာနိုင်ကြောင်း ဖိလစ်ပိုင်ဆေးဘက်ဆိုင်ရာတာဝန်ရှိသူများက ဇွန်လ ၃ ရက်တွင် သတိပေးထားသည်။

၂၀၂၅ ခုနှစ် ပထမသုံးလအတွင်း အဆိုပါရောဂါပိုးကူးစက်မှုပမာဏသည် ပျမ်းမျှအားဖြင့် တစ်ရက်လျှင် ၅၇ ဦးအထိရှိသည်ကိုတွေ့ရကြောင်း၊ ထိုပမာဏသည် ပြီးခဲ့သည့်နှစ်ကထက် ၅၀ ရာခိုင်နှုန်းမြင့်တက်လာခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သော စာရင်းဇယားတွင်တွေ့ရသည်။

ထိုသို့ရောဂါပိုးကူးစက်မှုမြင့်တက်လာချိန်တွင် အစိုးရိမ်ရဆုံးအခြေအနေတစ်ခုမှာ လူငယ်အမျိုးသားများတွင် ရောဂါပိုးကူးစက်မှုများပြားလာခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

Ref: TST

## သတင်းတိုကဏ္ဍ

### ကုန်သွယ်ရေးစစ်ပွဲကြောင့် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို နှောင့်နှေးစေဟုဆို

အမေရိကန်သမ္မတချမှတ်ထားသော သွင်းကုန်အခွန်များကြောင့်ဖြစ်ပေါ်လာနိုင်သည့်ကုန်သွယ်ရေးစစ်ပွဲသည် ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို နှောင့်နှေးစေနိုင်ကြောင်းနှင့် အထူးသဖြင့် အမေရိကန်၏ စီးပွားရေးကိုအထိနာစေမည်ဖြစ်ကြောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်း (OECD) က ဇွန်လ ၃ ရက်တွင် ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ်တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုနှုန်းသည် ၃ ဒသမ ၃ ရာခိုင်နှုန်းရှိသော်လည်း ၂၀၂၅ ခုနှစ်နှင့် ၂၀၂၆ ခုနှစ်တို့တွင် ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၂ ဒသမ ၉ ရာခိုင်နှုန်းသာရှိမည်ဟုခန့်မှန်းရကြောင်း OECD အဖွဲ့၏ နှစ်ပတ်လည် အစီရင်ခံစာတွင်ဖော်ပြထားသည်။

၂၀၂၅ ခုနှစ်အတွင်း ကမ္ဘာ့စီးပွားရေးတိုးတက်မှုသည် ၃ ရာခိုင်နှုန်းကျော်ရှိမည်ဟု မတ်လတွင်ခန့်မှန်းခဲ့သော်လည်း ထရမ့်က သွင်းကုန်အခွန်တိုးမြှင့်ကောက်ခံမှုမူဝါဒကိုချမှတ်ပြီးနောက် OECD အဖွဲ့က ကမ္ဘာ့စီးပွားရေးတိုးတက်မှုကို လျှော့ချခန့်မှန်းလိုက်ခြင်းဖြစ်သည်။

Ref: BP

### ပါကစ္စတန်၌ ငလျင်လှုပ်ပြီးနောက် အကျဉ်းသား ၂၀၀ ကျော် ထောင်ဖောက်ထွက်ပြေး

ပါကစ္စတန်နိုင်ငံ၌ ဇွန်လ ၃ ရက်နံနက်အစောပိုင်းတွင် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် နိုင်ငံတောင်ပိုင်း ကရာချိမြို့ရှိအကျဉ်းထောင်တစ်ခုမှ အကျဉ်းသား ၂၀၀ ကျော် ထောင်ဖောက်ထွက်ပြေးသွားကြောင်းသိရသည်။

မာလီယာအကျဉ်းထောင်မှအကျဉ်းသားများသည် ငလျင်လှုပ်ခတ်မှုကိုခံစားရပြီးနောက် အချုပ်ခန်းတံခါးများကိုဖွင့်ပေးရန် အကျဉ်းထောင်ဝန်ထမ်းများကို ဖိအားပေးကာ ထောင်ဆူအောင်လုပ်ခြင်းဖြင့်ထွက်ပြေးလွတ်မြောက်သွားခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။

ထောင်ဖောက်ထွက်ပြေးသွားသူများအနက် အယောက် ၈၀ ကိုပြန်လည်ဖမ်းဆီးထားကြောင်း၊ ၁၂၀ ကျော်မှာ ထွက်ပြေးလွတ်မြောက်နေဆဲဖြစ်ကြောင်း၊ ထိုဖြစ်စဉ်အတွင်း အကျဉ်းသားတစ်ဦးသေဆုံးပြီး အကျဉ်းထောင်ဝန်ထမ်းနှစ်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ကပြောသည်။ ယခုအခါ ရဲတပ်ဖွဲ့ဝင်များသည် ထွက်ပြေးသွားသူများကို တစ်အိမ်တက်ဆင်းလိုက်လံရှာဖွေနေကြောင်းသိရသည်။

Ref: RTA

### ဂါဇာရှိထောက်ပံ့ရေးစခန်းအနီး၌ အစ္စရေး၏ပစ်ခတ်မှုကြောင့် လူ ၂၇ ဦးသေဆုံး

ဂါဇာတောင်ပိုင်းရှိထောက်ပံ့ရေးစခန်းအနီး၌ ဇွန်လ ၃ ရက်တွင် အစ္စရေးစစ်သည်များ၏ပစ်ခတ်မှုကြောင့် လူ ၂၇ ဦးသေဆုံးကာ များစွာဒဏ်ရာရရှိသွားကြောင်းနှင့် ယင်းဖြစ်စဉ်ကို စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂကတောင်းဆိုကြောင်း သိရသည်။

အစ္စရေးဘက်ကမူ လူတစ်စုအနေဖြင့် ထောက်ပံ့ရေးစခန်းသို့သွားရန်သတ်မှတ်ထားသည့်လမ်းကြောင်းကိုသွေဖည်ကာ ၎င်းတို့ထံသို့ချဉ်းကပ်လာသည့်အတွက် ပစ်ခတ်မှုကိုလုပ်လိုက်ရခြင်းဖြစ်ကြောင်း ထုတ်ပြန်ထားသည်။

ဂါဇာကမ်းမြောင်ဒေသမြောက်ပိုင်းရှိ အစ္စရေးစစ်သည်သုံးဦးသေဆုံးပြီးနောက် နာရီအနည်းငယ်အကြာတွင် ယခုဖြစ်စဉ်ဖြစ်ပွားခြင်းဖြစ်ပြီး ထိုဖြစ်စဉ်အပေါ်စုံစမ်းစစ်ဆေးမှုလုပ်ဆောင်မည်ဟု အစ္စရေးတပ်မတော်ကထုတ်ပြန်ထားသည်။

ယခုဖြစ်စဉ်တွင် ဒဏ်ရာရရှိသူ ၁၈၄ ဦးရှိကြောင်း၊ ၁၉ ဦးမှာ ဆေးရုံသို့ရောက်ရှိသည်နှင့် သေဆုံးသွားခြင်းဖြစ်ကြောင်း၊ နောက်ထပ်လူရှစ်ဦးမှာ ရရှိသည့်ဒဏ်ရာဖြင့်သေဆုံးခြင်းဖြစ်ကြောင်း တာဝန်ရှိသူများကပြောသည်။ Ref: RTA

### ယူကရိန်းက ရုရှား၏ဒေသအချို့ရှိ ဓာတ်အားခွဲရုံများနှင့် ခရိုင်းမီးယားတံတားကိုတိုက်ခိုက်

ယူကရိန်းက ရုရှားနိုင်ငံ၏ဒေသအချို့ရှိ ဓာတ်အားခွဲရုံများနှင့် ခရိုင်းမီးယားတံတားတို့ကို ဇွန်လ ၂ ရက်နှောင်းပိုင်းနှင့် ဇွန်လ ၃ ရက်အစောပိုင်းတွင် တိုက်ခိုက်မှုများလုပ်ဆောင်ကြောင်း သိရသည်။

ရုရှားနိုင်ငံပိုင်နက်များဖြစ်သည့် ဇာပိုရိုးရီးဒေသနှင့်ခါဆန်ဒေသတို့ရှိ ဓာတ်အားခွဲရုံများ တိုက်ခိုက်ခံရမှုကြောင့် ဒေသတစ်ဝန်း၌ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများဖြစ်ပွားရကြောင်း၊ ဆေးရုံများအနေဖြင့် အရန်ဓာတ်အားပေးစနစ်များကို သုံးနေရကြောင်း ဒေသအုပ်ချုပ်ရေးမှူးများကပြောသည်။

ထို့အတူ ယူကရိန်းထောက်လှမ်းရေးအဖွဲ့က ခရိုင်းမီးယားကျွန်းဆွယ်နှင့်ရုရှားပြည်မတို့ကိုဆက်သွယ်ထားသည့် တံတားတစ်စင်းကို ရေအောက်မှနေ၍ ဖောက်ခွဲတိုက်ခိုက်မှုများလုပ်ဆောင်ခဲ့ကြောင်း၊ သို့သော် တံတားတွင်ထိခိုက်မှုကြီးကြီးမားမားမရှိကြောင်းနှင့် ပုံမှန်လုပ်ငန်းများကို ဆောင်ရွက်နေဆဲဖြစ်ကြောင်း ရုရှားက ထုတ်ပြန်ထားသည်။ Ref: RT, TST

## ရာသီဥတုဖောက်ပြန်မှုနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သောသီးနှံမျိုးသစ်များ ရှာဖွေဖော်ထုတ်ရန်မှာကြား



နေပြည်တော် ဇွန် ၃

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန သုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဇေယျာသီရိမြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန နဝရတ်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ သုတေသီများ၊ စိုက်ပျိုးရေးပညာရှင်များတက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှူးများ၊ ဒေသစိုက်ပျိုးရေး သုတေသနခြံများမှ တာဝန်ရှိသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တစ်နိုင်ငံလုံး၌ သာမန်အားဖြင့် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြသော်လည်း ဒေသရေမြေ၊ ရာသီဥတုနှင့် သင့်လျော်ပြီး စီးပွားရေးတွက်ခြေကိုက်သော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရန်နှင့် တောင်သူတစ်ဦးချင်း၏ ဝင်ငွေတိုးတက်ရရှိရေး၊ အကျိုးစီးပွားဖြစ်ထွန်းရေးကိုရှေးရှု၍ သုတေသီများက ရာသီဥတုဖောက်ပြန်မှုနှင့် ရောဂါပိုးမွှားဒဏ်ခံနိုင်ပြီး အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သော သီးနှံမျိုးသစ်များ၊ နည်းပညာအသစ်များကို ရှာဖွေဖော်ထုတ်ကာ အသုံးချသုတေသနမှ တစ်ဆင့် ထိရောက်သော နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း ဆွေးနွေးမှာကြားသည်။

ထို့နောက် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်ဒေါက်တာ အောင်မိုးမျိုးတင့်က စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ဆောင်ရွက်ချက်များနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၊ စက်မှုလယ်ယာဦးစီးဌာန၊ မွေးမြူရေးသုတေသနဦးစီးဌာနနှင့် စိုက်ပျိုးရေးတက္ကသိုလ်များမှ တာဝန်ရှိသူများက စိုက်ပျိုးရေးသုတေသနဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးများက တင်ပြချက်များအပေါ် ကဏ္ဍအလိုက်သုံးသပ်ဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

မြဝတီ

## လျှော်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများအတွက် အလှူငွေလှူဒါန်း




ရန်ကုန် ဇွန် ၃

မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ဆောင်ရွက်လျက်ရှိသော ငလျင်တုံ့ပြန်ဆောင်ရွက်ရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် BANGKOK BANK PCL (Yangon Branch)မှ အလှူငွေကျပ် ၁၄၀၀၀၀၀၀၀ ကို ယမန်နေ့က မြန်မာနိုင်ငံ ကြက်ခြေနီအသင်း ရန်ကုန်ရုံးခွဲတွင် လာရောက်လှူဒါန်းသည်။

အဆိုပါလှူဒါန်းငွေများကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမျိုးညွှန့်၊ အလုပ်အမှုဆောင်များနှင့် တာဝန်ရှိသူများကလက်ခံပြီး ကျေးဇူးတင်စကား ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

မြဝတီ

## ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် အလှူငွေကျပ်သိန်း ၁၀၀ လှူဒါန်း




နေပြည်တော် ဇွန် ၃

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌ ဦးစစ်အေးသည် ယနေ့နံနက်ပိုင်းတွင် ငလျင်ဒဏ်ခံစားခဲ့ရသည့် ကော်မရှင်ရုံးဝန်ထမ်းများ လတ်တလောနေထိုင်ရေး အဆင်ပြေစေရန် ရုံးဝင်းအတွင်းရှိ ကားရပ်နားရန်နေရာနှင့်ထမင်းစားဆောင်ရှိယာယီအခန်းငယ်များ၌နေရာချထားမှုအခြေအနေနှင့် ရုံးဝင်းအတွင်းရှိ မြေလွတ်၊ မြေရိုင်းများကို စနစ်တကျပြုပြင်၍ တည်ဆောက်လျက်ရှိသည့်ဘာရှာအဆောက်အအုံနှင့် ရေ၊ မီး၊ မိလ္လာ၊ Modular House ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ဥက္ကဋ္ဌသည် ငလျင်ဒဏ်ခံစားခဲ့ရသည့် ဝန်ထမ်းများအတွက် ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်ဦး ဦးစီးသည့် မြတ်ဖောင်ဒေးရှင်းအဖွဲ့နှင့်ရုပ်ရှင်၊ တေးဂီတ၊ အနုပညာရှင်များက ဒုတိယအကြိမ်အဖြစ် ငွေကျပ်သိန်း ၁၀၀ ထပ်မံပေးအပ်လှူဒါန်းသည့်အခမ်းအနားသို့ တက်ရောက်၍ ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်ပစ္စည်းများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကား ပြောကြားခဲ့ကြောင်း သိရသည်။

မြဝတီ

## ပြည်ထောင်စုနယ်မြေ(နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား သက်သာသောဈေးနှုန်းများဖြင့်ရောင်းချ



နေပြည်တော် ဇွန် ၃

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI)၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ပူးပေါင်းစီစဉ်မှုဖြင့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါး၊ ငါးပိ၊ အမဲသား၊ ဆိတ်သား၊ ကြက်သား၊ ဝက်သား၊ ကြက်ဥ၊ ဘဲဥ စသည့်ကုန်မျိုးစုံများနှင့် ဟင်းသီးဟင်းရွက်များအား ပြည်ထောင်စုနယ်မြေ (နေပြည်တော်)၊ စစ်ကိုင်းနှင့် မန္တလေးမြို့တို့အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ မတ်လ ၃၀ ရက်မှစ၍ သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးလျက်ရှိပြီး ယနေ့ ဇွန်လ ၃ ရက်တွင် ၆၄ ရက်မြောက်အဖြစ် ဈေးကားများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဇွန်လ ၃ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၆ ပြည်ပါ(မနောသုခ- Export Quality) ၃၂ အိတ်၊ ဆန် ၅ ပြည်ပါ (ဖျာပုံပေါ်ဆန်း) ၁၈ အိတ်၊ ဆီ ၁၄၇၀ ပိဿာ၊ ဆား ၁၀ ပိဿာ ၇၅ ကျပ်သား၊ ကုလားပဲ ၂၀ ကျပ်သားပါ အိတ် ၃၁ ထုပ်၊ ငါးပိ ၂ ပိဿာ ၄၀ ကျပ်သား၊ ငါးတံခွန်၁၀ ကျပ်သားပါ၁၈ ထုပ်၊ ငါးပုတ်သင် ၁၀ ကျပ်သားပါ ၁၄ ထုပ်၊ ငါးနီတူခြောက် ၁၀ ကျပ်သားပါ ၁၉ ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သားပါ ၁၆ ထုပ်၊ ငါးရောင်ခြောက် ၁၀ ကျပ်သားပါ ၁၂ ထုပ်၊ ကြက်ဥ ၁၉၀ လုံး၊ ဘဲဥ ၄၀ လုံး၊ ခေါက်ဆွဲခြောက် ၁၀ ထုပ်တို့ကို ရောင်းချပေးခဲ့ကြောင်းနှင့် နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

ထို့ပြင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်မှုဖြင့် ဇွန်လ ၃ ရက်တွင် ပြည်ထောင်စုနယ်မြေ (နေပြည်တော်)အတွင်း ငလျင်ဘေးသင့်ဝန်ထမ်းများနှင့် ပြည်သူများသို့ အမဲသား (အသား) ၁၈၀ ပိဿာ၊ အမဲသား (အရိုးအသား) ၁၅၀ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ကြောင်းနှင့် အပတ်စဉ်အင်္ဂါနေ့တိုင်း သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

အလားတူ ဇွန်လ ၃ ရက်တွင် စစ်ကိုင်းမြို့အတွင်း ဝန်ထမ်းများနှင့် ပြည်သူများသို့ ဆန် ၂၄ ပြည်ပါ (ရွှေဝါထွန်း) ၃ အိတ်၊ စားအုန်းဆီ ၇၅ ပိဿာ၊ ဆား ၄ ပိဿာ၊ ကုလားပဲ ၁၀ ဘူး၊ ငါးပိ ၂ ပိဿာ၊ ငါးနီတူခြောက် ၁ ပိဿာ၊ ပုစွန်ခြောက် ၁၀ ကျပ်သားပါ ၃ ထုပ်၊ ကြက်ဥ ၇၅ လုံး၊ ဘဲဥ ၂၀ လုံး၊ ကြက်သွန်နီ ၈ ပိဿာနှင့် အသားတု ၂ ပိဿာတို့ကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ပြီး မန္တလေးမြို့၌ ဆန် ၂၄ ပြည်ပါ (မနောသုခ) ၁၆ အိတ်၊ စားအုန်းဆီ ၂၂၀၀ ပိဿာ၊ ဆား ၇ ပိဿာ၊ ကုလားပဲ ၂၅ ကျပ်သားပါ ၆ ထုပ်၊ ငါးပိ ၅၀ ကျပ်သား၊ ငါးနီတူခြောက် ၁၀ ကျပ်သား ၆ ထုပ်၊ အာပုံခြောက် ၁၀ ကျပ်သား ၇ ထုပ်၊ ကြက်ဥ ၁၈၇၀ လုံး၊ ဘဲဥ ၆၈၀ လုံးနှင့် ခေါက်ဆွဲခြောက် ၃၈ ထုပ်တို့ကို သက်သာသောဈေးနှုန်းများဖြင့် လှည့်လည်ရောင်းချပေးခဲ့ပြီး နေ့စဉ်ဆက်လက်ရောင်းချပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

မြဝတီ

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲကျင်းပ

တောင်ကြီး ဇွန် ၃

၂၀၂၅ - ၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် ရှမ်းပြည်နယ် အားကစားနှင့်ကာယပညာသိပ္ပံ(တောင်ကြီး)၌ကျင်းပရာ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးအောင်အောင်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များတက်ရောက်ကြသည်။

ဦးစွာပြည်ထောင်စုဝန်ကြီးက အားကစားနှင့်ကာယပညာသိပ္ပံကျောင်းများ ဖွံ့ဖြိုးတိုးတက်မှုမှသည် မြန်မာ့အားကစားလောကဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး နိုင်ငံတော်က ဘဏ္ဍာငွေအကုန်အကျခံကာ အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းများကို နှစ်စဉ်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း၊ လက်ရှိတွင် အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)အပါအဝင် အားကစားနှင့် ကာယပညာသိပ္ပံကျောင်း ခြောက်ကျောင်းအထိ တိုးချဲ့ဖွင့်လှစ်ခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာ့အားကစားအဆင့်အတန်း မြင့်မားရေးအတွက်အရေးအကြီးဆုံးလိုအပ်ချက်မှာ အားကစားသမားမျိုးဆက်မပြတ်ရေးဖြစ်သည့်အတွက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ်တွင် Grade-11 အထိ အားကစားနည်းခုနစ်နည်း၊ သင်တန်းသား၊ သင်တန်းသူ ၉၁ ဦးကို လေ့ကျင့်သင်ကြားခဲ့ရာ ယခုပညာသင်နှစ်တွင် Grade-12 အထိ သင်တန်းသား၊ သင်တန်းသူ ၁၂၀ ဦးဖြင့် လျာထားဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ်အစိုးရအဖွဲ့က



လှူဒါန်းသည့် အားကစားအထောက်အကူပြုပစ္စည်းများနှင့် ဆန်နှင့်ဆီများ ပေးအပ်လှူဒါန်းရာ အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လက်ခံရယူသည်။

ယင်းနောက် အလှူရှင်များက အလှူငွေများပေးအပ်လှူဒါန်းကြရာ ပြည်နယ်လူမှုရေးရာဝန်ကြီးကလက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အခမ်းအနားအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် ဘက်စုံသုံးခန်းမ၌ ကျောင်းအုပ်ကြီး/အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး မီတာ(၄၀၀) ပြေးလမ်းပါဘောလုံးကွင်း၊ ဂျူဒို၊ တိုက်ကွမ်ဒိုအားကစားရုံ၊ သင်တန်းသား၊ သင်တန်းသူအိပ်ဆောင်၊ စာသင်ကျောင်း၊ သင်တန်းသားစားရိပ်သာနှင့် ကျောင်းဆေးခန်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များမှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် လေ့ကျင့်ရေးအားကစားရုံ၌ ကျင်းပပြုလုပ်သည့် ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ်အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကိုဖွင့်လှစ်ပေးကာ နေပြည်တော်အမျိုးသားဘော်လီဘောအသင်းနှင့်ကယားပြည်နယ်အမျိုးသားဘော်လီဘောအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# အားကစားနှင့်ပညာရေး ပေါင်းစပ်လေ့ကျင့်ရေးသင်တန်းဖွင့်လှစ်



ရန်ကုန် ဇွန် ၃

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာသိပ္ပံ (ရန်ကုန်)၏၂၀၂၅-၂၀၂၆ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်လေ့ကျင့်ရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်၈ နာရီတွင်ရန်ကုန်မြို့ ကျိုက္ကဆံကွင်း အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ပြည်ထောင်စုခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထိန်လင်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနမှတာဝန်ရှိသူများ၊ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)မှ ကျောင်းသား၊ကျောင်းသူများတက်ရောက်ခဲ့ကြသည်၊

ရှေးဦးစွာ အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းသား၊ ကျောင်းသူများက “ရန်ကုန်အားကစားသိပ္ပံ” သီချင်း သီဆိုခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းက အဖွင့်မိန့်ခွန်း ပြောကြားသည်။

ယင်းနောက် တက်ရောက်လာကြသည့် အလှူရှင်များက အလှူငွေများ ပေးအပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ဆက်လက်ပြီး အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၊ ကျောင်းသား၊ ကျောင်းသူလေးများက ဗိုဗီနမ်၊ တိုက်ကွမ်ဒို၊ ဝူရှူး အားကစားနည်းများဖြင့်သရုပ်ပြဖျော်ဖြေခြင်းများဆောင်ရွက်ခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခန်းမတွင်းပြသထားသည့်အားကစားပစ္စည်းများကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(ရန်ကုန်)၌ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် အားကစားနည်း (၁၇)နည်းကို သင်တန်းသား/သင်တန်းသူ ၂၀၅ ဦးဖြင့် လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လင်းခန့်**




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဇွန် ၃

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ပါသည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်ပါသည်။ လှိုင်းအမြင့်မှာမြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၉ ပေမှ ၁၁ ပေခန့်ရှိနိုင်ပါသည်။ **(မိုး/ဇလ)**

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၆-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၅၅ | ၂၉၇၀ | ၂၉၃၅ | ၂၈၇၀ | ၂၉၇၅ | ၂၉၉၀ | ၃၀၁၀ | ၂၉၂၅ | ၄၅၀၅ | ၃၂၂၀ | ၂၉၄၅ | ၂၉၄၅ | ၃၀၁၅ | ၂၉၈၀ | ၃၀၀၀ | ၃၂၆၀ |
| 95 Ron | ၂၉၃၀ | ၃၀၂၅ | ၂၉၉၀ | ၂၉၂၅ | ၃၀၃၀ | ၃၀၄၅ | ၃၀၆၀ | ၂၉၈၀ | ၄၅၆၀ | ၃၂၇၅ | ၂၉၉၅ | ၃၀၀၀ | ၃၀၇၀ | ၃၀၃၅ | ၃၀၅၅ | ၃၃၁၀ |
| HSD (500 ppm) | ၂၄၀၅ | ၂၅၁၅ | ၂၄၈၅ | ၂၄၂၀ | ၂၅၂၅ | ၂၅၄၀ | ၂၅၅၅ | ၂၄၇၅ | - | ၂၇၇၀ | ၂၄၉၀ | ၂၄၉၅ | ၂၅၆၅ | ၂၅၃၀ | ၂၅၅၀ | ၂၈၀၅ |
| HSD (50 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | ၄၈၃၀ | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၀၅ | ၃၃၇၅ |
| HSD (10 ppm) | ၂၉၇၀ | ၃၀၈၅ | ၃၀၅၀ | ၂၉၈၅ | ၃၀၉၀ | ၃၁၀၅ | ၃၁၂၀ | ၃၀၄၀ | - | ၃၃၃၅ | ၃၀၆၀ | ၃၀၆၀ | ၃၁၃၀ | ၃၀၉၅ | ၃၁၀၅ | ၃၃၇၅ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇
၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၉၀ | ၂၇၇၈ |
| 95 Ron | ၂၇၄၂ | ၂၈၃၁ |
| HSD (500 ppm) | ၂၂၅၃ | ၂၃၂၇ |
| HSD (50 ppm) | ၂၈၀၁ | ၂၈၈၇ |
| HSD (10 ppm) | ၂၈၀၁ | ၂၈၈၇ |

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်းသိကောင်းစရာ

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန



မိုးရာသီကာလတွင် အဖြစ်များနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ အကြောင်းသိကောင်းစရာ

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါသည်

ဝမ်းရောဂါဖြစ်ပွားစေသော ပိုးများပါရှိသည့်



မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှ တစ်ဆင့် ကူးစက်ဖြစ်ပွားစေပါသည်။

**ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။

## ရောဂါပိုးကူးစက်ပုံ

**ရောဂါပိုးပါဝင်သည့်** ဝမ်းအညစ်အကြေးများတွင် ရှိနေသော ရောဂါပိုးများသည်

⇒ ယင်ကောင်မှတစ်ဆင့်လည်းကောင်း

⇒ မသန့်ရှင်းသောလက် စသည်တို့မှလည်းကောင်း

⇒ အစားအစာ၊ သောက်သုံးရေများအတွင်းသို့ ရောက်ရှိခြင်း (သို့မဟုတ်) တိုက်ရိုက်ဝင်ရောက်ခြင်း (ဥပမာ - မိလ္လာပိုက်ပေါက်ခြင်း၊ အညစ်အကြေး မြေဩဇာအသုံးပြုခြင်း)

တို့မှတစ်ဆင့် စားသောက်မိသူများအား ကူးစက်စေပြီး တစ်ဦးမှတစ်ဦးသို့ ရောဂါ ဆက်လက်ကူးစက်စေပါသည်။

## ရောဂါလက္ခဏာများမှာ

- အရည်ဝမ်းများစွာ သွားခြင်း
- ငါးညှီနံ့နံသော ဆန်ဆေးရည်ကဲ့သို့ ဝမ်းသွားခြင်း
- အော့အန်ခြင်း
- နှလုံးခုန်နှုန်းမြန်ခြင်း
- အရေပြား၏ ကျုံ့ဆန့်နိုင်အား လျော့နည်းလာခြင်း
- မျက်တွင်းချိုင့်ဝင်ခြင်း
- ခံတွင်း/လျှာနှင့် နှုတ်ခမ်းများ ခြောက်သွေ့ခြင်း
- ကြွက်တက်ခြင်း
- သတိလစ်ခြင်း

ဝမ်းလျှောရောဂါ ပြင်းထန်သောအခါ ခန္ဓာကိုယ်အတွင်းမှ ရေနှင့် ဓာတ်ဆားများ လျင်မြန်စွာ ကုန်ခန်းသွားသောကြောင့် အရည်ခန်းခြောက်ခြင်းကို ဖြစ်စေသည်။

ဝမ်းပျက်ဝမ်းလျှောရောဂါ ဖြစ်ပွားသည်ဟု သံသယ ရှိလျှင် အချိန်မီကုသမှု မခံယူပါက အသက်ဆုံးရှုံးနိုင်သောကြောင့် နီးစပ်ရာ ကျန်းမာရေးဌာန/ဆေးရုံဆေးခန်းများသို့ သတင်းပေးပို့ပြီး ထိရောက်သောကုသမှု ခံယူပါ။

## ကြိုတင်ကာကွယ်နိုင်သော နည်းလမ်းများမှာ

- အောက်ပါအခြေအနေများတွင် လက်ကိုစနစ်တကျ စင်ကြယ်စွာဆေးကြောပါ -
  - * အစာမစားမီနှင့် အစားအစာ မပြင်ဆင်မီအချိန်တိုင်း
  - * အညစ်အကြေးနှင့် အမှိုက်များကိုင်တွယ်ပြီးချိန်တိုင်း
  - * အိမ်သာမှ ဆင်းချိန်တိုင်း





- ယင်လုံအိမ်သာ ရာနှုန်းပြည့်သုံးစွဲပါ။
- တစ်ကိုယ်ရေသန့်ရှင်းရေးကို ဂရုပြုဆောင်ရွက်ပါ။
- အစားအစာများကို ကျက်အောင် ချက်ပြီးမှ စားသုံးပါ။



- အစားအစာများကို ယင်မနားအောင် လုံခြုံစွာ ဖုံးအုပ်ထားပါ။



- ခြင်၊ ယင်တို့ မပေါက်ပွားစေရန် ပတ်ဝန်းကျင် သန့်ရှင်းရေးကို အထူးဂရုပြု ဆောင်ရွက်ပါ။



## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ ခံစားနေရပါက (သို့) အော့အန်နေပါက လျင်မြန်စွာ ရေဓာတ်ပြန်ဖြည့်ရန် ဓာတ်ဆားရည်သောက်ပါ။

**ဆေးရုံ ဆေးခန်းသို့** သွားရောက်ရန် ဆောင်ရွက်စဉ် ဓာတ်ဆားရည်ကိုသောက်ပါ။

### ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ဓာတ်ဆားထုတ်တွင်ပါဝင်သော အသုံးပြုသက်တမ်း ကုန်ဆုံးရက်ကို စစ်ဆေးပါ။ သက်တမ်းကုန်ဆုံးပါက အသုံးမပြုပါနှင့်။

→ ဓာတ်ဆားထုတ် (ORS) ၁ ထုပ်နှင့် ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာကို သန့်ရှင်းသော ဘူး/ခွက်ထဲသို့ ထည့်၍ဖျော်ပါ။

→ ဖျော်ထားသော ဓာတ်ဆားရည်ကို (၂၄)နာရီအတွင်း ကုန်အောင်သောက်ပါ။ (၂၄)နာရီကျော်ပါက မသောက်သုံးသင့်ပါ။

→ ဓာတ်ဆားဖျော်ရာတွင် သကြား၊ ဆားနှင့် အခြားသော အရည်များ ထပ်မထည့်ရပါ။

## ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဖြစ်လျှင် ဘယ်လိုလုပ်ရမလဲ?

အကယ်၍ ဓာတ်ဆားထုတ် (ORS) မရှိခဲ့ပါက အောက်ပါ နည်းအတိုင်း မိမိအိမ်မှာပင် ဆားနှင့် သကြား အသုံးပြုပြီး ဖျော်နိုင်ပါသည်။

### အိမ်တွင်း ဓာတ်ဆားရည်ဖျော်နည်း

→ ဓာတ်ဆားရည်မဖျော်မီ ရေနှင့် ဆပ်ပြာသုံးပြီး စနစ်တကျ ဆေးကြောပါ။

→ ကျိုချက်ထားသောရေ (သို့) ရေသန့် ၁ လီတာနှင့် လက်ဖက်စားဇွန်းဖြင့်

⇒ သကြား (၈)ဇွန်း

⇒ ဆား (၁) ဇွန်း ထည့်ပြီး ဖျော်ပါ။

ရောဂါ ပြင်းထန်ပြီး အသက်ဆုံးရှုံးမှုအား ကာကွယ်နိုင်ရန် ကျန်းမာရေးဌာန / ဆေးရုံဆေးခန်းများတွင် အချိန်မီ ဆေးကုသမှု ခံယူပါ။

ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲမှ ပြုစုထုတ်ဝေသည်။
(၂၀၂၅ ခုနှစ်၊ မေလ)

## အင်အား အနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် ဇွန် ၃

ယနေ့ည ၇ နာရီ ၅၈ မိနစ် ၅၆ စက္ကန့်အချိန်တွင် ကျိုင်းတုံမြေငလျင်စခန်းမှ အရှေ့- အရှေ့တောင်ဘက် ၈ မိုင်ခန့်ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ကျိုင်းတုံမြို့၏ အရှေ့- အရှေ့တောင်ဘက် ၇ မိုင်ခန့်အကွာ) မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၅ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၉ ဒသမ ၇၁ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကိုဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၄ ဒသမ ၆ အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။ (မိုး/ဇလ)

| မြို့ | အနိမ့်ဆုံး/အမြင့်ဆုံးအပူချိန် | |
|---|---|---|
| နေပြည်တော် | ၂၄˚C / | ၃၁˚C |
| ရန်ကုန် | ၂၄˚C / | ၃၄˚C |
| မန္တလေး | ၂၆˚C / | ၃၄˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## တရုတ်-အာဆီယံပိုက်ကျော်ခြင်းပြိုင်ပွဲ အမျိုးသားလေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စုပထမဖြင့်တက်လှမ်း

ရန်ကုန် ဇွန် ၃

တရုတ်-အာဆီယံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၏ လေးယောက်တွဲပိုက်ကျော်ခြင်းပြိုင်ပွဲများကို ဇွန်လ ၃ ရက်နှင့် ၄ ရက်တို့တွင် ဆက်လက်ကျင်းပလျက်ရှိရာ မြန်မာအသင်း ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိပြီး အမျိုးသား လေးယောက်တွဲပြိုင်ပွဲတွင် မြန်မာအသင်းသည် အုပ်စုပထမဖြင့် တက်လှမ်းသွားပြီဖြစ်ကြောင်းသိရသည်။

အမျိုးသားလေးယောက်တွဲပြိုင်ပွဲ၏ အုပ်စု(က)တွင် မလေးရှား၊ ဗီယက်နမ်နှင့်မြန်မာအသင်းတို့ပါဝင်ကြပြီး အုပ်စု(ခ)တွင် တရုတ်၊ လာအိုနှင့်ထိုင်းအသင်းတို့ပါဝင်ကြသည်။

အမျိုးသားအသင်းသည် ယနေ့ယှဉ်ပြိုင်မှု၌ မလေးရှားနှင့် ဗီယက်နမ်အသင်းကို အနိုင်ရရှိပြီး အုပ်စုပထမဖြင့် အုပ်စုတက်သွားပြီဖြစ်သည်။ မနက်ဖြန် ဇွန်လ ၄ ရက်တွင် အုပ်စု(ခ)မှ အုပ်စုဒုတိယဖြင့်တက်လာသည့် အိမ်ရှင်တရုတ်အသင်းနှင့် ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ကစားရမည်ဖြစ်ပြီး တရုတ်အသင်းကိုအနိုင်ရရှိပါက ဖိုင်နယ်ပွဲဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

